NEW Dream media & ministry



# တိအိးပေါင်

## သခင်ယေရှုနှင့်အင်တာဗျူး

Reporter's Interview with Jesus
by Benton Rain Patterson

*Illustrated by Khai Pwee 05*



# Reporter's Interview with Jesus

## မှူရင်းစာရေးသူအကြောင်း

Benton Rain Patterson ဟာ The Saturday Evening Post, The New York Times Magazine နှင့် Dominion Magazine တို့မှာ အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့ပြီး၊
ခရစ်ယာန်စာပေမှာ နာမည်ကြီးတဲ့ Guideposts Magazine ရဲ့ အုပ်ချုပ်မှုအယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့ဖူးပါတယ်။
ယခုအခါမှာတော့ ဖလော်ရီဒါတက္ကသိုလ် (University of Florida) မှာ ဂျာနယ်လစ်ဇင် ဘာသာရပ်ကို သင်ကြားပေးတဲ့ ဂုဏ်ထူးဆောင်တွဲဖက်ပါမောက္ခတစ်ဦးအဖြစ်နှင့် စာအုပ်စာပေများ ရေးသားနေပါတယ်။

# သခင်ယေရှုနှင့်အင်တာဗျူး

တီအီးပေါင်

# A Reporter's Interview with Jesus

by

Benton Rain Patterson

NewDream Media and Ministry
277, Saywah Street,
West Gyogone, Insein 11011
Yangon, Myanmar
www.newdream.info

အိပ်မက်သစ်

ပုံနှိပ်မှတ်တမ်း

အိပ်မက်သစ်စာစဉ် - (၅)

ပုံနှိပ်ခြင်း
ပထမအကြိမ်

ထုတ်ဝေကာလ
၂၀၀၈ခုနှစ် ဇန်နဝါရီလ

မျက်နှာဖုံးဒီဇိုင်း
နိုင်ဦး

ထုတ်ဝေသူ
အိပ်မက်သစ်စာပေ
၂၇၇၊ ဆေးဝါးလမ်း
ကြို့ကုန်းအနောက်၊ အင်းစိန်၊
ရန်ကုန်မြို့

Benton Rain Patterson ၏
A Reporter's Interview with Jesus ကို
တိအီးဇပါင် ဘာသာပြန်သည်

အိပ်မက်သစ်

တီအီးပေါင်

# ဘာသာပြန်သူရဲ့အမှာစကား

ဒီစာအုပ်ဟာ ရေစ်ဝင်ကျမ်းတွေအပေါ်အခြေခံပြီးရေးသားတဲ့စာအုပ်တစ်အုပ် ဖြစ်ပါတယ်၊ မူရင်းစာရေးသူ ဆရာကြီးဟာ ကျမ်းကြေသူတစ်ဦးပါ။ ကျမ်းစာမှာဖော်ပြတဲ့ တချို့အချက်တွေကို ကျမ်းမဆန်ပဲပြီးငွေ့စရာမရှိအောင် အင်တာဗျူးအသွင်နဲ့ ရေးသား လိုက်ခြင်းဖြစ်ပါတယ်၊

စာရေးသူဟာ ဒီလိုရေးရခြင်းမှာ ရည်ရွယ်ချက် အများကြီး ရှိခဲ့မှာပါ။ သူဟာ သာမန်ရေစ်ယာန်စာရေးသူတစ်ဦးလည်းမဟုတ်ပါ။ တရားဟောဆရာရင်းကြုံကြိုက်လို့စာရေး ဆရာဖြစ်လာသူလည်းမဟုတ်ပါ။ [illegible] သာန်စာပေလောကမှာနာမည်တစ်လုံးနဲ့နေခဲ့တဲ့ Guide posts မဂ္ဂဇင်းရဲ့ အယ်ဒီတာလည်း လုပ်ခဲ့ဖူးပါတယ်၊ ပြင်ပမဂ္ဂဇင်း တွေမှာလည်း အယ်ဒီတာလုပ်ခဲ့ပါတယ်၊ ဒါကြောင့် သူ့အရေးအသားမှာ သူ့ရဲ့ကိုယ်ပိုင် ဟန်အပြည့်နဲ့ ဖတ်ပျော်ရှုပျော်ရှိပါတယ်၊

ဒီနေရာမှာ ဘာသာပြန်သူကျွန်ုပ်အနေနဲ့ ဝန်ခံရမည့်အပိုင်းတွေရှိလာပါတယ်၊ ဘာကြောင့်ဒီစာအုပ်ကို ဘာသာပြန်သလဲလို့ တစ်စုံတစ်ဦးက မေးခဲ့ရင် "ကျွန်တော်ဟာ ကျမ်းစာဖတ်တာ အားနည်းပါတယ်၊ ဒါကြောင့် ဒီလို စိတ်ဝင်စားစရာကောင်းအောင်၊ အထူးသဖြင့် ရေစ်ဝင်ကျမ်းကိုစာပေပုံသဏ္ဍာန်တစ်မျိုးနဲ့ရေးသားတဲ့စာအုပ်ကိုကျွန်တော် သဘောတွေ့လို့ ဘာသာပြန်လိုက်တာပါ" လို့ ဝန်ခံရပါလိမ့်မည်၊ စာရေးသူတစ်ဦးရဲ့ သစင်ယေရှုပေါ်အမြင်လည်းတွေ့ရလို့ကျေနပ်မိပါတယ်၊

အိပ်မက်သစ်

## သခင်ယေရှုနှင့်အင်တာဗျူး

စာဖတ်ပရိသတ်ကိုတောင်းပန်ရမည့်အပိုင်းလည်းရှိပါတယ်၊ မူရင်းစာရေးသူ ကောင်းသလောက် ဘာသာပြန်ရာမှာ လိုအပ်မှုတွေရှိပါတယ်၊ ခွင့်လွှတ်ကြပါ။ ၂၀၀၅ ခုနှစ် ကတည်းက ဘာသာပြန်ခဲ့ပြီးဖြစ်သော်လည်း အားနည်းချက်အမျိုးမျိုးနှင့်လိုအပ်မှု အဖုံဖုံ ရယ်ကြောင့် ထုတ်ဝေဖို့ရန် နှောင့်နှေးရပါတယ်၊ အဲဒီတုန်းက ဘာသာပြန်မှုကိုလည်း ထပ်၍ မပြင်နိုင်တော့ပါ။ အားနည်းချက်များရှိရင် ခွင့်လွှတ်ကြပါ၊ ခွန်အားယူစရာရှိရင် ခွန်အားယူကြပါ။

ဒီစာအုပ်ကိုဖတ်ရင်း ခရစ်ဝင်ကျမ်းများကို တွဲပြီးဖတ်နိုင်မည်ဆိုရင်တော့ အကျိုးအများကြီး ရှိပါလိမ့်မည်၊ စာအုပ်နောက်ဆုံးပိုင်းမှာ ကျမ်းပိုဒ်နဲ့ခေါင်းစဉ်တွေကို ဖော်ပြပေးထားပါတယ်၊

ခရစ်တော်အကြောင်းကိုပိုပြီး နားလည်နိုင်ကြပါစေသော်၊

လေးစားလျက်
တီအီးပေါင်

ဟီအီးပေါင်

# မာတိကာ


| | |
|---|---|
| သခင်ယေရှုနှင့်စတွေ့ခြင်း | ၁ |
| သူ့သာသနာ | ၁၃ |
| သူ့သတင်းစကား | ၁၆ |
| လမ်းဟောင်းနှင့်လမ်းသစ်အပြိုင်ကြဲနေ | ၁၉ |
| ပညတ်နှင့်ဥပုသ် | ၂၄ |
| စစ်မှန်သောဘာသာတရား | ၂၇ |
| အချင်းချင်းသင့်မြတ်ကြပါရန် | ၃၀ |
| နှုတ်ကိုစောင့်ထိန်းခြင်း | ၃၄ |
| တပည့်တော်များအပေါ်မျှော်လင့်ခြင်း | ၃၅ |
| ဘုရားသခင်ဘာနှင့်တူ | ၄၀ |
| ယုံကြည်ခြင်းအရေးကြီးပုံ | ၅၂ |
| ဆုတောင်းခြင်း | ၆၃ |
| အတုအယောင်ဘာသာတရား | ၆၈ |
| နှိမ့်ချသောသူ၊ မာနထောင်သူနှင့်ခေါင်းမာသောသူ | ၇၂ |
| ငွေကြေးနှင့်ချမ်းသာကြွယ်ဝမှု | ၇၇ |
| ပေးလှူခြင်းနှင့်ရယူခြင်း | ၈၅ |
| ငွေကြေးအပေါ်စိုးရိမ်ကြောင့်ကြစိတ် | ၈၇ |
| လက်ထပ်ခြင်းနှင့်ကွာရှင်းခြင်း | ၈၉ |


အိုင်မက်သစ်

# မာတိကာ


| | |
|---|---|
| ကလေးများနှင့်ပတ်သက်၍ | ၉၁ |
| ကောင်းကင်နိုင်ငံတော် | ၉၄ |
| တပည့်တော်တွေမျှော်လင့်သောအရာ | ၁၀၀ |
| ခေါင်းဆောင်မှုနှင့်သာသနာ့ဝန်ဆောင်မှု | ၁၀၈ |
| ချစ်ခြင်းမေတ္တာနှင့်နာခံခြင်း | ၁၀၉ |
| ဣသရေလတို့အခွင့်အရေးဆုံးရှုံး | ၁၁၂ |
| တရားစီရင်ရာနေ့ | ၁၁၅ |
| ထမြောက်ခြင်း | ၁၁၉ |
| ကောင်းကင်နိုင်ငံမှာ | ၁၂၁ |
| ကမ္ဘာကြီး၏နောက်ဆုံးအချိန် | ၁၂၃ |
| ယုံကြည်ခြင်းကိုဟန့်တားသောအရာများ | ၁၂၉ |
| သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း | ၁၃၁ |
| ခွဲခွာခြင်း | ၁၃၄ |

## သူနှင့်စတွေ့ချိန်

တကယ်တော့ ကျွန်တော် သူ့အကြောင်းကိုကြားသိခဲ့ပြီးပေမယ့်၊ သူနှင့်တစ်ခါ မှမဆုံဖြစ်ခဲ့။ သူတရားဟောတာကိုလည်း မကြားနာခဲ့ဘူးပါ။ အဲဒီတော့၊ ကျွန်တော်သူ့အကြောင်းကို သေချာမသိခဲ့ပါဘူး။ တစ်နေ့ သူ့ကို အင်တာဗျူးဖို့ ကျွန်တော့်အယ်ဒီတာက ပြောလာတဲ့အခါ ကျွန်တော့်မှာ၊ ဗြုန်းစားကြီးဆိုသလိုလှုပ်ရှားပြီး၊ သူ့ကိုတွေ့ဖူး၊ မြင်ဖူးတဲ့ လူတွေ၊ သူ့တရားဟောချက် နားထောင်ဖူးတဲ့လူတွေကို ချဉ်းကပ်ရပါတယ်။ သူ့အကြောင်း စုံစမ်းရပါတယ်။ သိပ်တော့ မခက်ခဲပါဘူး။ ကျွန်တော် မေးတာနှင့်ပဲ၊ လူအတော်များများက သူ့အကြောင်းကိုသိထား၊ ကြားထားပြီးသားဖြစ်နေတာ တွေ့ရပါတယ်။ ပိုပြီးအဆင်ပြေတာက သူ့ကိုသိထားတဲ့လူတွေဟာ သူ့အကြောင်းကိုသူတို့အမြင်ပြောပြဖို့ ဝန်မလေးခြင်းပါပဲ။

**အိပ်မက်သစ်**

ဒါပေမဲ့ သူနှင့် အင်တာဗျူးလုပ်ဖို့တကယ်ပြင်ဆင်တော့ အခက်အခဲရှိလာပါတယ်။ သူကအမြဲလျှောက်သွားနေတဲ့သူဆိုတော့ ဖမ်းရခက်လှပါတယ်။ သူနှင့် တွေ့ရအောင်လို့ တစ်ရက်ကြိုတင်စီစဉ်ပြီး၊ နောက်နေ့သူလာမယ့်နေရာမှာ ကြိုတင်စောင့်ဖို့ဆိုတာလည်း မဖြစ်ပြန်ဘူး ခင်ဗျ။ ဘာကြောင့်လဲဆိုတော့ သူဟာ ဘာတွေလုပ်မယ်၊ ဘယ်သွား မယ် ဆိုတာ ကြိုတင်သိရဖို့ခက်ပါတယ်။ အဲသလို သူနှင့် ဆက်သွယ်ရဖို့ အကြိမ်ကြိမ် မအောင်မြင်ခဲ့ပြီးတဲ့နောက်၊ တစ်ချိန်မှာတော့၊ ယေရှုစလင် မြို့အပြင်ဘက်နှစ်မိုင်၊ သံလွင်တောင်ရဲ့ အရှေ့ပိုင်းဒေသ၊ ယေရိခေါ်မြို့ လမ်းမပေါ်မှာရှိတဲ့ ဗေသနိရွာမှာ သူ့သူငယ်ချင်း တွေရှိကြောင်းသိရ ပါတယ်။သူဟာ ယေရှုစလင်မြို့နား သွားတိုင်း ဒီဗေသနိရွာမှာ နားနေတတ် ကြောင်းလည်း ကျွန်တော်လေ့လာ သိရှိရပါတယ်။ သူ့သူငယ်ချင်းတွေ ကတော့ မုဆိုးမတစ်ယောက်ရယ်၊ သူ့ညီမရယ်၊ သူ့မောင်ရယ်ပါ။

ဒီတော့ အဲဒီမုဆိုးမဖြစ်တဲ့ မာသဆီကို ကျွန်တော်စာရေးလိုက် ပါတယ်။ သူ့သူငယ်ချင်းနှင့် ကျွန်တော့်ကိုတွေ့ပေးနိုင်ဘို့ ကျွန်တော်ရဲ့ ဆန္ဒတွေကို ရေးလိုက်တာပါ။ သူနားနေတဲ့ နေရာမှာဘယ်သူမှ အနှောင့်အယှက်မပြုဘဲ နာရီအတော်ကြာကြာ အချိန်ယူပြီး၊ သေချာ မှတ်သားပြီး၊ စာဖတ်ပရိသတ် ဖတ်လို့ရအောင်၊ သိရအောင်လို့ အင်တာဗျူးလေး လုပ်ချင်တဲ့အကြောင်း ကျွန်တော်ရေးထားပါတယ်။

ကျွန်တော့်ရဲ့တောင်းဆိုမှုကို သူ့ကိုပြောပေးမယ့်အကြောင်းနှင့် သူ့ဆီကနေ ဒါမှမဟုတ် မာသဆီကတစ်ဆင့်ဖြစ်ဖြစ်၊ သူ့တပည့်များ ဆီကနေပဲဖြစ်ဖြစ် အကြောင်းပြန်ကြားပေးမယ်လို့လည်း မာသကစာပြန် ပါတယ်။ နောက်နှစ်ပတ်အတွင်းမှာ မာသဆီကစာရောက်ပြီး အင်တာဗျူးကို

လက်ခံမယ့် အကြောင်းရေးထားပါတယ်။ ပြီးတော့သူဟာ နောက်နှစ်ပတ်ကျော်ရင် ဗေသနီမှာတည်းမှာဖြစ်ကြောင်းနှင့် အဲဒီညမှာလာတွေ့ပါဆိုပြီး မာသက တောင်းဆိုပြန်ပါတယ်။

အင်တာဗျူးရမယ့်ရက်လည်းရောက်ရော၊ သူနှင့်ပတ်သက်လို့ အချက်အလက် အတော်များများကျွန်တော်ရပြီးပါပြီ။ အနည်းဆုံးတော့ လူတွေပြောတဲ့ အကြောင်းတွေပေါ့ဗျာ။ အဲဒီလိုဖြစ်လာတော့၊ ကျွန်တော့် စိတ်မှာ၊ သူနှင့်အင်တာဗျူးမယ့်ကိစ္စက အရမ်းပြင်းပြလာပါတော့တယ်။ အရမ်းလည်းတွေ့ချင်လာသဗျ။ ကျွန်တော်ကြားရသမျှ အကုန်အစင် မဟုတ်ရင်တောင်၊ တစ်ဝက်လောက်မှန်ပြီ ဆိုလို့ကတော့ သူဟာသာမန်လူ မဟုတ်နိုင်တော့ဘူး။ သူ့အကြောင်းကို ကျွန်တော်မေးခဲ့တဲ့သူအများစုက သူဟာသူတို့ဘဝကို ပြောင်းလဲစေခဲ့တယ် လို့ဆိုပါတယ်။ တစ်ယောက်ကဆိုရင် သူဟာခင်ဗျားဘဝကို တစ်နည်းမဟုတ် တစ်နည်းနှင့် ပြောင်းလဲစေမှာပဲလို့တောင်ဆိုတာဗျ။

မာသရဲ့အိမ်ကသုံးထပ်ဖြစ်ပြီး၊ ခေါင်မိုးအပြားနှင့် ကျောက်တုံးများ နှင့်ဆောက်ထားပါတယ်။ အခန်းတွေအများကြီးဖွဲ့ထားပြီး၊ လမ်းမကြီးရဲ့ ခပ်ဝေးဝေးမှာ ခြံလေး ဝင်းလေးနှင့်ပါ။ မာသက အိမ်လမ်းညွှန်လေးရေးပေးတော့ ပိုအဆင်ပြေသဗျာ။ ခြံထဲဝင်လိုက်တာနှင့် လူအုပ်တစ်ချို့ရှိနေတာတွေ့ရတော့၊ သူနှင့်သီးသန့်တွေ့ဖို့ တောင်းဆိုခဲ့တာ ကျွန်တော်မှန်သွားမှန်း သိရတော့တယ်။ တကယ်လို့သီးသန့်မတွေ့ဘဲ၊ သူတို့ကြားမှာ အင်တာဗျူးမယ်ဆိုရင်တော့၊ သိပ်ပြီး အဆင်ပြေတဲ့ အင်တာဗျူးတစ်ခု ဖြစ်လာနိုင်မှာမဟုတ်ဘူး။

အိမ်ထဲဝင်လိုက်တော့ ယေရှုရဲ့တပည့်နှစ်ဦး အကူအညီနှင့်

မာသကို ကျွန်တော်တွေ့ခွင့်ရပါတယ်။ သူမက မီးဖိုချောင်ထဲမှာ ကြက်သွန်နွှာနေပါတယ်။ မီးဖိုပေါ်မှာတော့ ထမင်းအိုးသုံး၊ လေးအိုးလောက် တည်ထားသဗျ။ သူမဟာခန့်ညားလှပပြီး၊ သူမဟာသူမရပ်တည် နေရသလိုဖြစ်ပေမယ့်၊ တစ်ချိန်လုံးမှာ ဧည့်သည်တွေနှင့်ပြည့်နေတဲ့ပုံပါပဲ။ သူမက "ကျွန်မ အခုနားလို့မဖြစ်သေးဘူး၊ သူအပေါ်မှာရှိပါတယ်။ကျွန်မကိုကူညီဘို့ ကျွန်မညီမကို လွှတ်လိုက်ပြီးရှင်တို့ အချင်းချင်းဆွေးနွေး တိုင်ပင်ကြပါ" လို့ဆိုလာပါတယ်။

ကျွန်တော်အခန်းထဲဝင်တော့ သူနှင့်အတူလူတချို့ရှိနေပါတယ်။ ကျွန်တော်က သူ့ကိုရပ်ကြည့်တော့၊ သူတို့ကလည်း ကျွန်တော့်ကို ကြိုဆိုကြပါတယ်၊ ကျွန်တော်လာရင်းကိစ္စကိုသိနေတဲ့အတိုင်းပဲ၊ သူတို့တွေက အပြင်ကိုထွက်ပေးကြပြီး၊ ယေရှုနှင့် ကျွန်တော်တို့ နှစ်ယောက်ကို ချန်သွားကြသဗျ။ ယေရှုဆိုတဲ့လူကတော့၊ နံရံကို ကျောခင်းရင်း၊ ကြမ်းပြင်ပေါ်မှာလျှောင်းနေပါတယ်။ ဆေးရောင်မဆိုး ထားတဲ့ဝတ်ရုံဝတ်ပြီး၊ ဖိနပ်ဗလာနဲ့ပါ။

သူ့ကိုကြည့်ရတာ၊ ဘယ်သူဘယ်ဝါနှင့်တူတယ်လို့ ကျွန်တော် သေသေချာချာ မပြောတတ်ပါဘူး။ ဒါပေမဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀လောက်က ပရောဖက်တွေဟောကြား၊ ရေးသားခဲ့တဲ့ သတင်းစကားတွေကဖြင့် ကျွန်တော့်နှလုံးထဲမှာ ပြန်ကြားနေရသလိုပဲ။ လူတွေက သူဟာပရောဖက် ဟေရှာယဟောကြားခဲ့တဲ့ ကြွရောက်လာမယ့် ကယ်တင်ရှင်ဖြစ်တယ်လို့ ဆိုကြလေတော့ ကျွန်တော့်မှာလည်း၊ ဟေရှာယကျမ်းတွေကိုလေ့လာရင်း သူနှင့် အင်တာဗျူးဖို့ ပြင်ဆင်ရပါတယ်။

သူနှင့်ပတ်သက်လို့ ပရောဖက်ဟေရှာယက " ထာဝရဘုရား၏

ကျွန်သည် အညွန့်ကဲ့သို့လည်းကောင်း၊ သွေ့ခြောက်သောမြေ၌ပေါက်သော အတက်ကဲ့သို့လည်းကောင်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သောမျက်နှာလက္ခဏာနှင့်မပြည်စုံ၊ မထီမဲ့မြင်ပြုခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာ လွှဲခြင်းကိုခံရသောသူကဲ့သို့ဖြစ်၏" လို့ရေးထားခဲ့ပါတယ်။

အဲဒီသရုပ်ဖော်ချက်တွေကတော့ သိပ်ပြီးမလှပပေဘူးပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့်ရဲ့အမြင်အာရုံမှာတော့ ယေရှုဟာ အဲသလောက်ကြီး တော့မဟုတ်ပါဘူး။ သူဟာပျော်တတ်တဲ့သူ၊ ကြည့်ပျော်ရှုပျော်လောက် အောင် ချောမောမနေပေမဲ့၊ သူ့ရဲ့မျက်နှာက ချိုသာအေးမြပြီး၊ သနားခြင်း ကရုဏာအပြည့် ရှိနေပါတယ်။ လူတိုင်းကိုကြည်ဖြူစွာလက်တွဲနိုင်တဲ့ ပုဂ္ဂိုလ်မျိုးလို့ ကျွန်တော်မြင်မိပါတယ်။ သူ့ရုပ်သွင်က အားအင်တွေ အပြည့်နှင့် မျက်နှာကပွင့်လင်းကြည်လင်ပြီး၊ အပြုအမူတိုင်းက တက်ကြွ ရွှင်လန်းလို့နေပါတယ်။

သူက ကျွန်တော့်ကိုတွေ့တာနှင့် လက်ဆွဲနှုတ်ဆက်ပြီး "ငြိမ်သက်ခြင်းရှိပါစေ။ ဒီမှာလာထိုင်ပါ" ဆိုပြီး လောကွတ်ပြုပါတယ်။

ကျွန်တော်လည်းသူကို ပြန်ပြုံးပြရင်း "ဆရာလည်း ငြိမ်သက်ခြင်း ရှိပါစေ၊ အချိန်မရတဲ့ကြားက ကျွန်တော့်ရဲ့တောင်းဆိုမှုဖြစ်တဲ့ စကားပြောဘို့ ချိန်းထားတာကို လက်ခံတဲ့အတွက်လည်း ကျေးဇူးတင် ပါတယ်" လို့ပြန်ပြောပြီး၊ သူနှင့်မျက်နှာချင်းဆိုင်ထိုင်လိုက်ပါတယ်။

သူက ခေါင်းတညိတ်ညိတ်နှင့် ငြိမ်လို့နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က သူနှင့်အင်တာဗျူးဖို့၊ မှတ်စရာတွေကို ပြင်ဆင်ပါတယ်။ ပြီးရင်ကျွန်တော်သူနှင့် စကားပြောခြင်း အစပြုပါတယ်။ သူနှင့် ကျွန်တော်

မေးဖြစ်၊ ဖြေဖြစ်တာတွေကတော့. . .

**ကျွန်တော်တို့အစမပြုခင်မှာ၊ ဆရာ့ကိုဘယ်လိုခေါ်ရမလဲခင်ဗျ။**

ကောင်းပြီဗျာ၊လူတွေက ကျွန်တော့်ကိုဘယ်လိုခေါ်တယ်လို့ ခင်ဗျားကြားဖူးသလဲ၊ ကြားသလိုပဲ ခေါ်ပေါ့ဗျာ။

**ကျွန်တော်ကြားတာတော့အမျိုးမျိုးကွဲပြားနေတာပဲ၊ရှင်းရှင်းနှင့်ရိုးရိုးသားသားဖြေရရင်တော့ကျွန်တော်ကိုယ်တိုင်က ကျွန်တော်ကြားခဲ့ရတာတွေကိုသိပ်နားမလည်နိုင်ဘူး။**

ဘယ်လိုမျိုးတွေတုန်း။

**ကျွန်တော်ကြားဘူးတာကတချို့လူတွေကဆရာဟာဗတ္တိဇံဆရာယောဟန်၊သေခြင်းကနေပြန်ရှင်လာတာလို့ယုံကြည်ကြတယ်၊**

**တချို့ကျတော့ ဧလိယပြန်ရှင်လာတယ်၊ နောက်တချို့ကျ တော့ ယေရမိရှင်လာ တာစသဖြင့်ပြောကြပါတယ်၊ ဒါမှမဟုတ်သေပြီးခဲ့တဲ့ ပရောဖက် တစ် ပါးပါးလို့သူတို့ယုံကြည်တယ်လို့သိရပါတယ်၊ ဒါကသိပ်အံ့သြစရာပဲဗျာ၊**

(သူက. နားမလည်ဟန်နှင့်ပြုံးရယ်ပြရင်း)

အဲဒီတော့ခင်ဗျားကရောဘယ်လိုခေါ်ချင်သလဲ

**Rabbi, ကျမ်းတတ်ဆရာလို့ခေါ်ရင်ဘယ်လိုနေမလဲ၊**

ကောင်းပါတယ်။

**တကယ်လို့သာကျွန်တော်ဟာ ဆရာ့ရဲ့တပည့် တစ်ယောက်ဆိုရင်တော့ ကောင်းသောသခင်လို့ခေါ်မယ်ဗျာ၊**

ကောင်းတာဆိုလို့ဘုရားပဲရှိတာနော်။

**ဒါဆိုကျမ်းဘတ်ပုဂ္ဂိုလ်၊ rabbi ဆရာလို့ပဲခေါ်ကြတာပေါ့ဗျာ၊**

**အိုင်မက်သစ်**

(ခေါင်းညိတ်လျက်)

**ကျွန်တော်ဆရာ့ရဲ့အကြောင်းရယ်၊မိသားစုအကြောင်း ရယ်ကိုသိချင်ပါတယ်၊ ပြောပြနိုင်မလား။**

ခင်ဗျား၊ ဒီအိမ်ကိုလာတော့ ကျွန်တော့်အမေနဲ့၊ မောင်နှမတွေကို မြင်ခဲ့ပါတယ်။

**ဟုတ်လို့လား။ကျွန်တော်တွေ့တာကတော့ဆရာ့တပည့်နှစ်ယောက်ရယ်၊ လူစုတရှုံ့ရယ်ပဲတွေ့လိုက်သလားလို့**

သူတို့အားလုံးဟာ ကျွန်တော့်ရဲ့မိသားစုတွေပေါ့ဗျာ။ ကျွန်တော့် မိခင်တွေပါပဲ။ ပြီးတော့ ကျွန်တော့်ရဲ့မောင်နှမတွေပါပဲလေ။ ကျွန်တော် အလု ရှိတဲ့ လူပုဂ္ဂိုလ်မှန်သမျှဟာ ကျွန်တော့်ရဲ့ မိသားစုဝင်တွေပါပဲ။

**ဆရာပြောတဲ့အဘဆိုတာဘယ်သူ့ကိုဆိုလိုတာလဲဗျာ။**

ကောင်းကင်ဘုံမှာရှိတဲ့ ကျွန်တော့်အဘကိုပြောတာပါ။

**ဘုရားသခင်ကိုဆိုလိုတာလား။**

ကျွန်တော့်ကိုစေလွှတ်တဲ့ သူကိုဆိုလိုပါတယ်။

**ဒီဇေသနီရှာကိုစေလွှတ်တဲ့လူကိုဆိုလိုတာလားခင်ဗျား။**

ဒီကမ္ဘာကိုစေလွှတ်တဲ့သူ၊ ကျွန်တော့်အဘကိုပြောတာပါ။

**ဆိုလိုချင်တာက၊ ဆရာဒီကမ္ဘာကိုမလာခင်မှာ တခြား ကမ္ဘာ၊ နေရာမှာ ရှိတဲ့ သဘောလားခင်ဗျား။**

ခင်ဗျားဟာ ဒီလောကသားဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော် ကတော့မဟုတ်ဘူး။ ခင်ဗျားနှင့်တခြား လူတွေဟာလောကီသားတွေဖြစ်ပြီး ကျွန်တော်ကျတော့အထက်ကလူဖြစ်တယ်။

**ဆရာဟာ၊ ဘုရားသခင်ရှိတဲ့နေရာကလာတာပေါ့လေ။**

**အိုင်မက်သစ်**

(ခေါင်းညိတ်ပါတယ်။)

**ဆရာ ကြီးပြင်းလာခဲ့တဲ့ နေရာဟာ နာဇရက်မြို့မဟုတ် လားခင်ဗျ။ အဲဒီမြို့အကြောင်းကိုပြောပြလို့ရမလား။**

ရပါတယ်။ (ခဏနားလျက်)။ အဲဒီမြို့ကတော့ သံသယနှင့် လူတွေ နေတဲ့ မြို့ပဲဗျို့။

**ဘာဖြစ်လို့ဆရာကအဲသလိုပြောရတာလဲ။**

ကျွန်တော် အဲဒီနေရာကိုမကြာခင်တုန်းကပြန် သွားတယ်။ အဲဒီနေရာ ကိုမရောက်ဖြစ်တာနည်းနည်းကြာသွားပြီလေ။ အဲဒီကို ရောက်တော့ တရားဇရပ်မှာ ကျွန်တော်ဟောပြောပွဲလုပ်ခဲ့တယ်။ လူတော်တော်များများက ကျွန်တော့်ကိုမယုံကြဘူး၊ ဝမ်းနည်းစရာ ကောင်းလိုက်တာဗျာ။

**ဘာတွေဖြစ်လို့လဲ။**

သူတို့က ကျွန်တော့်ကို လက်သမားဆရာရဲ့သားလို့ပဲ မှတ်မိကြတာ။ ဒီတော့လက်သမားဆရာရဲ့သားဟာ ဒီတရားဇရပ်မှာ တရားဟောခွင့်ရလောက်အောင် ဘာမှမသိဘူးလို့ သူတို့ထင်ကြတယ်။ ကျွန်တော်ဘာပဲပြောပြော သူတို့ကဆန့်ကျင်ကြတော့တာပဲ။

**သူတို့ပြောတာတွေဆရာမှတ်မိသေးလား။**

ကျွန် တော်ဟောတာကိုကြားတော့သူတို့ အံ့သြကြတဲ့ပုံ တော့ရှိသား၊ အဲဒီမှာ သူတို့ထဲက တစ်ယောက်မတ်တပ်ထရပ်ပြီး “ ဒီလူဟာ ဘာမို့လို့ပညာတတ်စကားတွေပြောပြီး၊ အံ့သြဖွယ်နိမိတ် လက္ခဏာတွေ ပြဘို့ကြိုးစားတာလဲဗျ။ သူဟာလက်သမားဆရာရဲ့သား မဟုတ်လား”တဲ့။

သူဟာ ဘယ်သူလဲဆိုတာ ငါတို့အားလုံးသိပါတယ်။ သူ့အမေ

ဟာ မာရိ။ သူ့ညီတွေက ယာကုပ်၊ ယောသပ်၊ ရှိမုန် နှင့် ယုဒ မဟုတ်လား။ သူတို့အားလုံးကို ငါတို့သိကြတာပဲ။ သူ့ညီမတွေကိုလည်း ငါတို့သိပါတယ်။ သူတို့ဟာ ဒီအနီးအနား မှာပဲနေကြတာပါ။ ဒီတော့ဒီလူဟာ လူထူးလူဆန်း တစ်ဦးတော့မဟုတ်ပါဘူး။ သူဘာများ သိမှာမို့လို့လဲ"ဆိုပြီး တခြား လူတွေကို ပြောပြပါတယ်။

**အဲဒီတော့ဆရာဘာလုပ်ပါသလဲ။**

ကျွန်တော်လုပ်နိုင်တာတော့ အများကြီးပေါ့ဗျာ။ တခြားနယ်၊ တခြားဒေသတွေမှာ အနာရောဂါတွေကို ကျွန်တော်ကုသပေးတာပဲ။ ဒါပေမဲ့ အဲဒီနေရာမှာ များများမကုသခဲ့ပါဘူး။

**ဘာကြောင့်မလုပ်တာလဲခင်ဗျ။**

အနာရောဂါ ငြိမ်းခြင်းအမှုတော်မြတ်လုပ်ဖို့ ယုံကြည်ခြင်းလိုပါ တယ်။ အဲဒီယုံကြည်မှုမျိုးက နာဇရက်မြို့မှာမရှိဘူး။ မများဘူးပေါ့ဗျာ။ ပြီးတော့ သူတို့ကိုကျွန်တော်က ကုသနိုင်တယ်၊ ကူညီနိုင်တယ်ဆိုတာကို သူတို့မှ မယုံကြည်တာ။ ကျွန်တော့်ရဲ့လုပ်ရပ်တွေကို သူတို့က မယုံကြည် နိုင်တော့ အဲဒီနေရာမှာ ကျွန်တော့်ရဲ့အစွမ်း မရှိသလိုခံစားရတာပေါ့။ ဒီတော့ ဘာမှလုပ်လို့မရတော့ဘူးပေါ့။

**အဲဒီလိုလက်မခံနိုင်တာက၊ အကြောင်းသိတွေ၊ တစ်ရွာတည်း သားချင်းမို့လို့မယုံကြည်နိုင်တာလားမသိဘူးနော်။**

* (ခေါင်းညိတ်လျက်) ဘယ်ပရောဖက်မဆို သူ့ဇာတိနှင့် အမျိုးတွေကြားမှာ ယုံကြည်မှုမရဘူးခင်ဗျ။ ကျန်ဒေသတွေမှာတော့ အောင်မြင်ကြပါတယ်။ *

**အဲဒီလိုခါးသီးတဲ့အတွေ့အကြုံတွေက ဆရာ့ကိုစိတ်ပျက်စေပါသလား။**

**အိပ်မက်သစ်**

ခဏတဖြုတ်တော့စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမဲ့ ခင်ဗျား သိဖို့က၊ လူတွေဆိုတာက သူတို့ကြားသိခဲ့တဲ့ စကားတွေအပေါ်မှာ တုံ့ပြန်မှု ပုံစံမတူနိုင်ဘူးလေ။ လူတိုင်းကတော့ လုံးဝယုံကြည်သွားမယ်ရယ်လို့ မရှိနိုင်ဘူးပေါ့။ (ခဏတဖြုတ်ငြိမ်လျက်) ခင်ဗျားကို ဥပမာတစ်ခု ပြောပြ ချင်တယ်ဗျာ။ ဒီလိုဗျ။ . . . လယ်သမားတစ်ယောက်ဟာ တစ်နေ့ မျိုးစေ့ကြဲဖို့ သူ့လယ်ထဲသွားတယ်။ လယ်ထဲရောက်တော့ မျိုးစေ့တွေကို လိုက်ကြဲတယ်ဗျ။ တချို့မျိုးစေ့တွေက လမ်းပေါ်မှာကျတော့ ငှက်တွေက အလွယ်ကလေး လာစားကြသဗျ။ အဲ. . . . တစ်ချို့မျိုးစေ့တွေကျတော့ မြေနည်းပြီးကျောက်ပေါ်တဲ့ နေရာမှာကျတော့ နေရောင်ရဲ့အပူဒဏ်ကြောင့် ညှိုးပြီးပျက်စီးသဗျ။ နောက်မျိုးစေ့ကျတော့ ဆူးတွေကြားမှာကျတော့ အပင်မရှင်သန်ပြန်ဘူး။ နောက်ဆုံး တချို့မျိုးစေ့တွေကျတော့ ကောင်းတဲ့ မြေပေါ်ကျလေတော့ အဆပေါင်းတစ်ရာ လောက်တောင် တိုးပွားတယ်ဆိုတဲ့ ဥပမာလေးပေါ့ဗျာ။

**ဆရာ့ရဲ့ဆိုလိုချက်ကိုကျွန်တော်နားလည်သလိုပါပဲ။**

(သူကရယ်လျက်) နားမလည်ရင်တော့ ကျွန်တော့်တပည့်တွေ ထဲက တစ်ယောက်ယောက်ကို ရှင်းပြခိုင်းရင်ရပါတယ်။ ဒီဥပမာကို သူတို့ကိုပြောပြထားခဲ့တယ်လေ။

**ဆရာ့ရဲ့တပည့်တွေနှင့်ပတ်သက်လို့လည်းပြောပြပါဦး။ ဘယ်လိုလုပ် ဆရာ့ရဲ့တပည့်တွေဖြစ်လာရတာလဲ၊ တပည့်ခံဖို့လျှောက်ထားရသေးလား။**

ကျွန်တော့်တပည့် ၁၂ ဖေါ်ကိုပြောတာထင်တယ်နော်။

**ဟုတ်ပါတယ်။**

(ခေါင်းညိတ်လျက်) ခင်ဗျားသိထားသလိုပေါ့ဗျာ။ ကျွန်တော့်

ရဲ့ဟောပြောပွဲဆိုရင် လူအတော်များများ လာကြတယ်။ တခါတလေ ရာနှင့်၊ ထောင်နှင့်ပေါ့နော်။ တချို့ဆိုလည်း မိသားစုလိုက်ကိုလိုက်လာကြတာ။ ဒါပေမဲ့ အခြေခံအဖွဲ့ရယ်ကတော့ အဲဒီ၁၂ဖေါ်ပေါ့ဗျာ။ သူတို့ဟာ ကျွန်တော့်ရဲ့ လက်ရုံးတော်တွေပါပဲ။ ကျွန်တော်ကသူတို့ကို ရွေးကောက်ခဲ့တာပေါ့။

**ဆရာ့နောက်လိုက်ဖို့ ဆရာကသူတို့ကိုပြောတာနှင့် သူတို့ က သူတို့ရဲ့အလုပ်ကိုစွန့်ပြီးလိုက်ရောပဲလား။**

(ခေါင်းညိတ်လျက်) ဇာက်လမ်းကိုယ်စီတော့ရှိတာပေါ့။ စိတ်ဝင်စားဖို့လည်း သိပ်ကောင်းတာ။

**သူတို့ကိုပြောပြတဲ့စကားကိုအတိအကျဆရာပြန်ပြောပြလို့ရမလား။**

သူတို့ထဲက ငါးများတဲ့လူတချို့ဆီ ကို "ငါ့နောက်သို့လိုက်လော့၊ လူကိုများတဲ့ တံငါဖြစ်စေမယ်" လို့ပြောခဲ့ပါတယ်။

**ဒီတော့၊ သူတို့က လိုက်လာတယ်ပေါ့။**

ဟုတ်တယ်။ လိုက်လာပါတယ်။

**သူတို့ရဲ့ဘယ်အရည်အချင်းအပေါ်မူတည်ပြီးသူတို့ကို ရွေးချယ်ခဲ့ပါသလဲ။**

သူတို့ရဲ့အားပေါ့။ အလုပ်လုပ်နိုင်တဲ့စွမ်းအင်၊ အားအင်ကို အဓိကကြည့်ပါတယ်။

**အားမာန်တွေက ဘယ်အရာမှာအသုံးချဖို့လဲဗျ။**

ကျွန်တော့်ရဲ့အလုပ်ကို လုပ်ဖို့ပေါ့။ သူတို့ကိုကျွန်တော်က ဟောပြောသင်ပြသလို။ သူတို့ကလည်းထပ်ပြီး သင်ကြားပေးရမယ်လေ။

**သင်ကြားရေး၊ဟောကြားရေးနှင့်အနာရောဂါကုသရေး** ကိုပြော

တာလား။

ဟုတ်ပါတယ်။

**သူတို့ဘယ်လိုလုပ်ဆောင်သွားလဲခင်ဗျ။**

(ရယ်ပြီး၊ သူ့လက်ကိုလှုပ်ခါပါတယ်)။ တချို့ကျတော့ တခြားလူ ထက်ပိုပြီး လုပ်နိုင်တာတွေရှိပါတယ်။ မတူပါဘူး။

**တစ်စုံတစ်ဦးက ဖေါက်ပြန်ခဲ့တာရှိသလားခင်ဗျ။**

(သူ့အတော် လေးလေးနက်နက်ပုံစံဖြစ်လာပြီး) အဲဒီကိစ္စကို တော့မဖြေချင်ဘူးဗျာ။ (ခဏရပ်ပြီး)။ ဘာတွေဆက်ဖြစ်တယ်ဆိုတာပဲ ဆက်ကြည့်ရအောင်ဗျာ။

**ဆရာနှင့်ဆွေးနွေးဘို့ အချက်အလက်တွေ ကျွန်တော်မှတ်သား ထားပါတယ်၊ တကယ်လို့ဆရာဆန္ဒရှိမယ်ဆိုရင် အကြောင်းအရာတစ်ခုပြီးတစ်ခု ဆွေးနွေးကြရအောင်ဗျာ၊**

ခင်ဗျားရဲ့ သဘောအတိုင်းပဲလုပ်ပါ။

**ကောင်းပြီဗျာ၊တကယ်လို့ကျွန်တော်မေးတာတွေက ဆရာပြော ချင်တဲ့အချက်ကို မထိမိဘူးဆိုရင်လည်း၊ ဆရာပဲကြည့်သာ ပြောပါ၊ ဥပမာတွေ၊ ပုံဆောင်စကားတွေလိုရင်ထည့်ပြောပေးပါဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ပုံဥပမာတွေ ကတော့ သိပ်ကိုအရေးကြီး၊ တန်ဖိုးရှိတာဗျ၊ ဆရာကလည်း ပုံပြင်ပြော တာသိပ်တော်တယ်လို့ ကျွန်တော်ကြားခဲ့ပါတယ်၊ ဒီတော့ ပြောစရာရှိတာ သာပြောပါ၊ ပါးစပ်ရာဇဝင်တွေ၊ ဘာတွေကိုပါ ပြောမယ်ဆိုလည်း လွတ်လွတ် လပ်လပ် ပြောစေချင်ပါတယ်၊ ဒါဆိုအဆင်ပြေတယ်မဟုတ်လားခင်ဗျ။**

(ရယ်လျက်) ကောင်းပါ့ဗျာ။

**အိမ်မက်သစ်**

## သူ့သာသနာ

**ဆရာ့သာသနာရဲ့အဓိကရည်ရွယ်ချက်က ဘာလဲခင်ဗျ။**

(အဖြေကချက်ချင်းထွက်မလာပါ)

**တစ်နည်းမေးရရင်တော့... အခုဆရာလုပ်နေတာတွေကို ဘာကြောင့် လုပ်နေသလဲပေါ့ဗျာ။**

လူတစ်ဦးမှာ သိုးအကောင်တစ်ရာရှိတယ်ဆိုပါစို့။ အဲဒီအကောင် တစ်ရာထဲကတစ်ကောင်ဟာ လမ်းပျောက်ပြီး၊ တစ်ကောင်တည်း မျက်စိလည်လမ်းမှားသွားပါပြီ။ အဲဒီအချိန်မှာ သိုးထိန်းကဘာလုပ်သလဲ။ ကိုးဆယ့်ကိုး ကောင်ကိုအိမ်မှာထားခဲ့ပြီး၊ တောကန္တာရထဲကိုသွားပြီး ပျောက်သောသိုးကိုရှာတယ်မဟုတ်လား။

**အဲသလိုပဲထင်ပါတယ်။**

ဟုတ်တယ်။ သူအဲသလိုပဲလုပ်တယ်။ ပြီးတော့ အဲဒီပျောက်တဲ့ သိုးကိုတွေ့တော့ သူဟာသိပ်ကို ပျော်သွားပြီ။ ကိုးဆယ့်ကိုးကောင် ဒီအတိုင်းရှိနေတာထက်၊ ပျောက်တဲ့သိုးတွေ့ရလို့ ပိုပြီးပျော်နေတယ် ဆိုတာခင်ဗျားကို ကျုပ်ပြောပြချင်တယ်။ အဲဒီသိုးထိန်းဟာ သိုးကိုပုခုံးပေါ် တင်ပြီး။ သီချင်းဆိုရင်းပျော်ပျော်ရွှင်ရွှင်နဲ့ အိမ်ကိုပြန်လာတာဗျ။ သူ့သူငယ်ချင်းတွေနဲ့ တွေ့ရင်လည်း "ငါ ပြန်ရှာတွေ့ပြီ၊ ပြန်ရှာတွေ့ပြီဆိုပြီး

**အိပ်မက်သစ်**

အော်ပြောသဗျ။ ပြီးတော့ ပွဲခင်းလိုက်ပါသေးတယ်။ အဲသလိုပဲ၊ ကျွန်တော့်ရဲ့ အဘဟာအဲဒီသိုးထိန်း နှင့်တူပါတယ်။ သိုးထိန်းလိုပဲ၊ ဘယ်သူတစ်ဦး တစ်ယောက်မျှရဲ့ ဝိညာဉ်တွေ ပျောက်ဆုံးဖို့အလိုမရှိပါဘူး။ ပြီးတော့ ပျောက်သောသူပြန်လာပြီဆိုရင် သိပ်ကိုဝမ်းသာကြည်နူးပါတယ်။

**ဒါဆို ဆရာက အဲဒီသိုးထိန်းကြီးလားဗျ၊ ပျောက်သောသိုး တွေကို လိုက်ရှာနေတဲ့ သိုးထိန်းလားခင်ဗျာ၊**

(ခေါင်းညိတ်လျက်) ကျွန်တော်ကဒီမှာ ပျောက်ဆုံးနေတဲ့ လူတွေကိုပြန်ရှာဖို့နှင့်ကယ်တင်ဖို့ပါ။

**အဲဒီပျောက်ဆုံးတဲ့လူဆိုတာက ဘယ်သူတွေလဲဗျ။**

ကျွန်တော့်ရဲ့ သာသနာက အစွရေးအိမ်တော်က ပျောက်သောသိုး စု၊ တစ်နည်းအားဖြင့်ပြောရရင် လူစုတွေအတွက်ပါ။

**ဒါဆိုဆရာပြောချင်တာက ယုဒလူမျိုးကိုပေါ့။**

ဟုတ်ပါတယ်။

**ဒါဆိုရင်ယုဒလူမဟုတ်တဲ့တခြားလူမျိုးပေါ့ဗျရော။ သူတို့က ဆရာရှာဖွေ၊ ကယ်တင်တဲ့အထဲမှာမပါဘူးလားဗျ။**

(သူကပြုံးရင်း) မကြာသေးခင်က ကျွန်တော်ဖြစ်ပျက်ခဲ့တဲ့ အတွေ့ အကြုံကိုပြောပြပါရစေ။

**ကျွန်တော်သိပ်ကြားချင်တဲ့အကြောင်းပဲဗျ။**

(သူကပြုံးနေဆဲ) ကျွန်တော်တို့က ဂါလိလဲပြည်တစ်လျှောက် သွားခဲ့ပြီး၊ ကမ်းခြေဘက် ကိုသွားကြတယ်ဗျာ။ ခင်ဗျားသိတဲ့အတိုင်းပဲ၊ မိုင် ၅၀ လောက်ရှိတော့ ခရီးကတော်တော်ရှည်တာ။ အဲဒီမှာတုရုနှင့် ဆိဒုန်ကြားတစ်နေရာမှာ၊ ခါနန်အမျိုးသမီးတစ်ဦးထွက်လာပြီး၊ တုန်လှုပ်

ခြောက်ခြားတဲ့အသံနှင့် ရှူးမတတ်ကျွန်တော့်ကိုအော်ခေါ်တယ်။ "အရှင်၊ ကျွန်မကိုသနားတော်မူပါ။ ဒါဝိဒ်၏သားတော်ကျွန်မကိုကူညီပါ။ ကျွန်မရဲ့သမီးဟာနတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံစားရပါတယ်" လို့မျက်ရည်မျက်ခွက်နှင့်တောင်းပန်သဗျ။ အဲဒီမှာကျွန်တော်က " ဣသရေလအမျိုးအဝင်၊ ပျောက်လွင့်သော သိုးမျိုးမှတပါး၊ တခြားသောအမျိုးရှိရာသို့ငါ့ကိုမစေလွှတ်" လို့ပြန်ပြောလိုက်တယ်။ ဒီတော့ အမျိုးသမီးကြီးက ဒူးထောက်ပျပ်ဝပ်ရင်း "ကျွန်မကိုကယ်တော်မူပါသခင်" လို့ ပြန်တောင်းပန်ရှာတယ်။ အဲသလောက်ယုံကြည်ခြင်းအားကြီးတဲ့လူကို ကျွန်တော်မငြင်းနိုင်ဘူးဗျာ။ အဲဒီတော့ " အချင်းမိန်းမ၊ သင်၏ယုံကြည်ခြင်းကြီးလှသည်၊ သင်တောင်းဆိုမှုပြည့်ပြီ၊" ဆိုပြီးသူ့ကိုပြန်လွှတ်လိုက်တယ်။

**အဲဒီတော့ သူ့သမီးဘာဖြစ်သွားလဲခင်ဗျ။**

သူ့အနာရောဂါပျောက်သွားတယ်လေ၊ ရောဂါငြိမ်းခြင်းခံရတယ်ဗျ။

**အဲဒီလိုဖြစ်သလား။**

(သူကပြုံးပြန်ပါတယ်)။

**ဒီတော့ ခုထိဆရာရဲ့မူဝါဒက ယုဒလူတွေအတွက်ပဲလား။**

ကျွန်တော့်မှာတခြားသိုးစုတွေရှိပါတယ်။ သူတို့ကိုလည်း ကျွန်တော်ကယ်တင်ခေါ်ဆောင်ရမယ်။ သူတို့ဟာ ကျွန်တော့်စကားကို နားထောင်ပြီး၊ လုပ်ဆောင်တဲ့အခါမှာ သိုးစုဟာ တစ်ခုတည်းအဖြစ် ပေါင်းစည်းပြီး၊ သိုးစုတစ်ခု၊ သိုးထိန်းတစ်ဦးအဖြစ်ကို ရောက်သွားပါမယ်။

## သူ့သတင်းစကား

**လူတွေကြားထဲမှာလျှောက်သွားပြီး၊တရားဟောနေတာ ဆရာ့ရဲ့ ရည်ရွယ်ချက်၊ သတင်းစကားကဘာလဲဗျ။**

(ခဏနားပြီး) ခင်ဗျားကျွန်တော့်ညီအစ်ကို ယောဟန်ကိုသိလား။

**ဗတ္တိဇံဆရာကိုပြောတာလား။**

ဟုတ်တယ်။

**သူနှင့်တော့ တစ်ခါမှအင်တာဗျူးမလုပ်ခဲ့ဖူးပေမဲ့၊ သူ့သတင်းကိုတော့ ကြားဖူးပါတယ်။ သူ့ခမျာမမှန်ကန်တဲ့လူတွေကြားမှာ မမှန်ကန်တဲ့လုပ်ရပ်ကိုဝေဖန်တော့ထောင်ချ၊သေဒဏ်ပေးခံရတယ်လိုကြားမိတယ်။ ဟုတ်ရဲ့လား ခင်ဗျာ။**

(ခေါင်းညိတ်လျက်) တကယ်တော့ ပရောဖက်မာလခိက "ကြည့်ရှုလော့။ ငါသွားရာလမ်းကိုပြင်ရသော ငါ၏တမန်ကိုစေလွှတ်မည်" လို့ကြိုတင်ဟောထားတာက ယောဟန်ကိုပြောတာဗျ။ သူက "ကြည့်ရှုလော့၊ အပြစ်သားဘဝမှပြောင်းလဲလျက်၊ အတ္တမှရှောင်၍၊ ဗတ္တိဇံခံကြလော့၊ ဘုရားသခင်ထံသို့ သင်တို့မျက်နှာလှည့်၊ သင်တို့ကို ခွင့်လွှတ်တော်မူ

လိမ့်မည်။ သင်တို့၏အပြစ်များနှင့်အမှားများကို လွှင့်စင်ပေးသွားမည်" လို့ ကြိုတင်ပြီးတရားဟောခဲ့တာဗျ။

**ယောဟန်ကနောက်လိုက်အတော်များများရှိတယ်လို့တော့ကျွန်တော် သိထားပါတယ်။**

(ခေါင်းညိတ်ရင်း) ယေရှုဆလင်ရယ်၊ ယုဒပြည်ရယ်ကလူတွေက သူ့တရားကို နားထောင်ဖို့ တောထဲကိုလိုက်သွားကြတယ်လေ။ အဲဒီမှာ လူအတော်များများက သူ့တရားဟောချက်ကိုလက်ခံပြီး၊ သူတို့အပြစ်ကို ဝန်ချတောင်းပန်ကြတယ်။ ပြီးတော့ ယောဟန်ကိုယ်တိုင်က ယော်ဒန်မြစ် ထဲမှာဗတ္တိဇံပေးခဲ့တာပါ။

**ဆရာ့ကိုလည်း ယောဟန်ကပဲ ဗတ္တိဇံပေးတယ်လို့လူတစ်ယောက်က ကျွန်တော့်ကို ပြောဖူးတယ်။ အဲဒါဟုတ်ရဲ့လား ခင်ဗျ။**

ဟုတ်ပါတယ်။ တခြားလူတွေရော၊ ကျွန်တော့်ကိုပါ အဲဒီယောဒန် မြစ်ထဲမှာ သူဗတ္တိဇံပေးတာပါ။

**ကျွန်တော်ကြားဖူးသလိုသာဆိုရင်၊ ဆရာဗတ္တဇံခံယူတာနှင့် တခြား လူတွေခံတာက မတူကွာခြားမှုရှိတယ်လိုကြားရတယ်။ အဲဒါ တကယ်မတူ ထူးခြားတာရှိပါသလားခင်ဗျာ။**

(ခေါင်းညိတ်လျက်)။ ကျုပ်ရေထဲဗတ္တိဇံခံပြီး၊ ခေါင်းပြန်ဖော်တော့ ကောင်းကင် ကိုမော့ကြည့်လိုက်တယ်။ အဲဒီမှာ ကောင်းကင်တံခါးကြီးက ပွင့်ပြီး၊ သန့်ရှင်းသောဝိဉာဉ်တော် ဆင်းသက်လာသဗျ။ ချိုးငှက်တစ်ကောင် လိုဆင်းလာပြီး၊ ကျုပ်ဆီမှာလာနားတာဗျ။ အဲဒီအချိန်မှာ ကောင်းကင်ပေါ် ကနေ အသံတစ်ခုထွက်လာပြီး " ဤသူကား ငါနှစ်သက်မြက်နိုးရာ၊ ငါ၏ ချစ်သားပေတည်း။" ဆိုတဲ့ အသံထွက်လာတယ်ဗျ။

**အိုင်မက်သစ်**

**အဲဒီနောက်မှာ ဆရာက ယောဟန်ရဲ့အလုပ်ကို ဆက်ပြီး ထမ်းဆောင်တယ်ပေါ့။**

အဲဒီလိုဖြစ်ပြီးနောက် ကျွန်တော်တစ်ယောက်တည်း အချိန်အတော်ကြာနေပါသေးတယ်။ အဲဒီနောက်ယောဟန်ထောင်ချခံရတော့၊ ကျွန်တော်လည်း ဂါလိလဲဒေသကိုသွားပြီး ယောဟန်ဟောသလိုစပြီး ဟောခဲ့ပါတယ်။ သူဟောတဲ့အကြောင်းအရာနှင့် ကျွန်တော်ဟောတာက အတူတူပဲဗျ။

**အဲဒီသတင်းစကားအတိအကျကဘာလဲခင်ဗျ။**

ကျွန်တော်ဟောတဲ့သတင်းကတော့၊ ဘုရားသခင်ရဲ့ နိုင်ငံတော်တည်လုနီးပြီဆိုတဲ့သတင်းဗျ။ ကျွန်တော်ဟောတဲ့စကားကိုသူတို့ယုံကြည်ပြီး၊ သတင်းကောင်းအဖြစ်ခံယူဖို့၊ လမ်းမှန်ကိုသွားပြီး၊ အပြစ်တရားနဲ့ ကင်းဝေးဘို့ရယ်၊ ကိုယ့်ကိုယ်ကိုအထင်ကြီး၊ မာနကြီးခြင်းကနေ ကင်းဝေးဖို့ဟောသဗျ။ လူသားတွေဟာ ပြောင်းလဲဖို့လိုတဲ့အကြောင်းကို ကျွန်တော်ဟောခဲ့ပါတယ်။ အဲဒါကိုယောဟန်က “နောင်တရကြလော့” ဆိုပြီးဟောခဲ့တယ်။ ကျွန်တော်ကလည်း “နောင်တရကြလော့” ဆိုပြီးဆက်ဟောပါတယ်။ ဒီတော့ ကျွန်တော်တို့ဟောတဲ့သတင်းက အတူတူပါပဲ။

## လမ်းဟောင်းနှင့် လမ်းသစ်ပြိုင်နေ

**အဲဒီနောက် ဟောတဲ့နောင်တရဖို့တရား၊ ဘုရားသခင်ဆီ ပြန်လှည့်ဆိုတဲ့တရားကလူတစ်ဦးရဲ့ဘဝကို သိမ်ပြီးပြောင်းလဲမှု ပေးနိုင်တယ်ဆိုတော့ ကျွန်တော်တို့ကိုမောရှေပေးထားတဲ့ပညတ်နှင့်ဘာများကွာခြားပါသလဲခင်ဗျ။**

ကျွန်တော်လာတာက အဲဒီမောရှေရဲ့ပညတ်တွေ၊ ပရောဖက်တို့ ဟောခဲ့တာတွေကိုဖျက်ဆီးဖို့ လာတာမဟုတ်ကြောင်း အရင်ပြောချင်ပါတယ်ဗျာ။ ကျွန်တော်ဟာ အဲဒီကျမ်းစကားတွေကို ဘေးဖယ်ထားတဲ့သူလို့လည်း လူတွေမမြင်သင့်ဘူးခင်ဗျ။ ကျွန်တော် အမှန်အကန်ဆိုပါတယ်။ ကောင်းကင်နှင့်မြေကြီး မပျက်စီးသရွေ့ ပညတ္တိကျမ်းမှာရှိတဲ့ အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးတောင်မှမပျက်စီး ရပါဘူး။

**ဒါဆိုဆရာကအဲဒီပညတ္တိတွေကိုပြောင်းလဲဖို့လာတာမဟုတ်ဘူးပေါ့။**

မဟုတ်ပါဘူးဗျာ။ တကယ်လို့ တစ်စုံတစ်ဦးဟာ ပညတ္တိကျမ်းရှိ အငယ်ဆုံးသော ပညတ်တစ်ခုကိုကျူးလွန်ပြီး၊ အခြားသူများကိုလည်း အဲသလိုဖြစ်အောင် သွန်သင်မယ်ဆိုရင် အဲဒီလူဟာ ကောင်းကင်နိုင်ငံမှာ မျက်နှာငယ်နေရပါလိမ့်မယ်။ အဲသလိုပဲ လူတဦးဟာ ပညတ္တိတွေကို လိုက်နာပြီး၊ သူတပါးကိုပါ သွန်သင်မယ်ဆိုရင်တော့ သူဟာ ကောင်းကင်နိုင်ငံမှာ မျက်နှာရပါမယ်။ ဒီတော့ ကျွန်တော်လာရခြင်းအကြောင်းကို သေချာရှင်းအောင်ပြောပါရစေ။ ကျွန်တော်လာတာမောရှေချမှတ်တဲ့ အဲဒီပညတ်တွေဖျက်ဆီးဖို့ မဟုတ်ရပါဘူး။ ဘုရားသခင်ရဲ့အလိုအတိုင်း အဲဒီ

ပညတ်တွေပြည့်စုံဖို့ ကျွန်တော်လာခြင်းဖြစ်ပါတယ်။

**ဥပမာတွေ၊ရှင်းပြမှုတွေနှင့်ပြောပြလို့ရမလား။**

(ခဏရပ်ပြီး) လွန်ခဲ့တဲ့ အတိတ်ရာစုများစွာက ခေတ်အဆက်ဆက်မှာပေါ့ဗျာ။ ပညတ္တိကျမ်းမှာ "သူ့အသက်ကိုမသတ်ရ" လို့ရေးထားတယ်ဗျ။ ဒီတော့အဲဒီဥပဒေကိုဖျက်ဆီးပြီး၊ အမှားလုပ်ရင် အဲဒီမှားအတွက် ပြစ်ဒဏ်ခံရမှာဗျ။ စီရင်ခြင်းခံရတယ်ဗျာ။ ဟုတ်တယ်မဟုတ်လားဗျ။

**ဟုတ်ပါတယ်ဆရာ။**

ကျွန်တော့်ပညတ်က အဲဒီပညတ္တိတွေထက်ကြီးပါတယ်။ အဲဒါက ဘာလဲဆိုရင် ညီအစ်ကိုကို မထောက်မတန်အမျက်ထွက်တဲ့သူဟာ ရုံးမှာ အပြစ်စီရင်ခြင်းခံသင့်သဗျ။ ညီအစ်ကိုကို ကဲ့ရဲ့တဲ့သူလည်း လွှတ်တော်မှာ အပြစ်စီရင်ခြင်းခံသင့်တယ်။ ညီအစ်ကိုကိုကျိန်တဲ့သူဟာ ငရဲမီးထဲချသင့်တယ်လို့ ကျွန်တော်ဆိုပါတယ်။

**အဲဒီတရားတွေကိုလူတိုင်းသိပြီး။ပါးစပ်ထဲကတော့ပြောကြတာပဲဗျာ။ ဒါပေမယ့်လက်တွေ့မှာဘာမှမလုပ်ဆောင်နိုင်တာပဲဗျာ။**

(ခေါင်းညိတ်လျက်) အဲဒါမှန်တာပဲဗျ။ အဲဒီအရာက ခက်ခဲနေပေမယ့်လို့ ဝန်ချတောင်းပန်ဖို့လိုသဗျ။ ဒီတော့ ကျွန်တော်ပြောချင်တာက ခင်ဗျားတို့ ဘုရားကျောင်းကိုလာပြီး ဘုရားပူဇော်မယ်ဆိုရင်၊ ညီအစ်ကိုတွေနှင့်သင့်တင့်ပြီးမှလာပါ။ အချင်းချင်းဝန်ချတောင်းပန်ပြီးမှပဲ လာကြပါလို့ ပြောချင်တယ်ဗျာ။

**အဲဒီဆရာပြောတဲ့သဘောတရားကကိုယ်ကျင့်တရားအသစ်တစ်ခုလို့ပဲဗျ။**

ပညတ္တိကျမ်းမှာ သူ့မယားမပြစ်မှားရလို့ ပြောထားတာ ခင်ဗျား

လည်းသိမှာပေါ့။

**ဟုတ်ကဲ့ကျွန်တော်သိပါတယ်၊**

ပညတ္တိကျမ်းမှာ သူ့မယားပြစ်မှားခြင်းဟာ ပညတ်ချိုးဖေါက်ခြင်းလို့မြင်ပြီး တင်းတင်းကျပ်ကျပ်တားထားတာဗျ။ ကျွန်တော် ထပ်ဆိုတာက လူတဦးဟာ ပညတ္တိကိုချိုးဖေါက်တဲ့အလုပ်ကို မလုပ်ရဘူးခင်ဗျ။ တကယ်လို့ သူဟာသူများသားသမီး/မယားကို ကိလေသာစိတ်နှင့်ကြည့်မိရင် အဲဒီလူဟာ ခန္ဓာကိုယ်ချင်းထိတွေ့ ပြစ်မှားမှုမရှိပေမဲ့ နှလုံးသားကပြစ်မှားနေပါပြီ။

**အဲဒီပညတ်ကိုကျော်လွှန်နိုင်ဖို့ယောကျာ်းအတော်များများ အတွက်တော့ သိပ်မလွယ်ဘူးဗျ။**

(ပခုံးတွန့်၍၊ ခြေဟန်လက်ဟန်ပြလျက်) တကယ်လို့ခင်ဗျားကို မှားယွင်းစေတယ်ဆိုရင်၊ မျက်စိကိုထုတ်ပစ်လိုက်ပါ။ ဘာကြောင့်လဲဆိုရင် တစ်ကိုယ်လုံးငရဲကျတာထက်၊ အဲဒီခန္ဓာကိုယ်ပျက်စီးသွားတာ ပိုပြီးကောင်းတယ်။ လက်ကမှားယွင်းစေရင်လည်း အဲဒီလက်ကိုဖြတ်ပစ်ရင် ပိုပြီးကောင်းပါတယ်။

**အဲသလိုပြောတော့လည်းဟုတ်နေပြန်ရော၊**

ပညတ်ဟောင်းထဲမှာ "ကျိန်ဆိုခြင်းကိုမပြုရ။ ပြုလျှင်လည်းပြုသည်အတိုင်း ထာဝရဘုရားရှေ့တော်၌ တည်စေလော့ "ကျိန်ဆိုခြင်းကိုအလျှင်းမပြုရ။ ကောင်းကင်ဘုံကိုတိုင်တည်၍ မကျိန်ရ။ ကောင်းကင်ဘုံကား ထာဝရဘုရား၏ပလ္လင်တော်ဖြစ်သတည်း။ မြေကြီးကိုတိုင်တည်၍ မကျိန်ရ။ မြေကြီးကား ဘုရားသခင်၏ခြေတော်တင်ရာခုံဖြစ်သတည်း။" ယေရှုစလင်မြို့ကိုတိုင်တည်၍ မကျိန်ရ။ မဟာမင်းကြီး၏မြို့တော်ဖြစ်သတည်း။ သင်တို့၏စကားမှာ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကို

မဟုတ် ဖြစ်စေလော့၊ ဤထက်လွန်သောစကားသည် မကောင်းသော အရာနှင့် စပ်ဆိုင်၏”. . . . . တဲ့။

**ဟုတ်ပဲ့ဗျာ၊**

ခင်ဗျားသိတဲ့အတိုင်း “ မျက်စိအတွက်မျက်စိ၊ သွားအတွက်သွား” ဆိုတဲ့ ဂလဲ့စားချေတဲ့သဘောရှိတဲ့ ပညတ်ဟောင်းတစ်ခုလည်းရှိတယ်။ ဒါပေသည့် ကျွန်တော်အသစ်ပေးတာက “ အကယ်၍တစုံတဦးက သင့်ကိုပြစ်မှားသည်ဆိုသော်၊ သူ့ကိုဂလဲ့စားမချေပါနှင့်။ တစုံတဦးက သင့်ညာဘက်ပါးကိုရိုက်ရင် ဘယ်ဘက်ပါးကိုပါ ရိုက်စေပါ။ သင့်အကျီကို လိုချင်လျှင်၊ သင့်ဝတ်လုံကိုပါပေးပါတော့။ သင့်ကို ခရီးတစ်တိုင်သွားရန်ညှဉ်း ခဲ့လျှင်၊ သူနှင့်အတူ နှစ်တိုင်သွားလော့။ တောင်းသောသူ၊ ချေးသောသူအား လည်း ပေးလော့” လို့ကျွန်တော်ကဆိုတယ်။

**ဟင်!**

ပညတ်ဟောင်းရဲ့ သွန်သင်ချက်မှာ ကိုယ်နှင့်ဆိုင်သူကိုကိုချစ်ပြီး၊ ရန်သူကိုမုန်းဖို့သွန်သင်သဗျ။ ဒါပေမယ့်ကျွန်တော်သွန်သင်တာက “သင်တို့သည် ကောင်းကင်ဘုံရှိအဘ၏ သားဖြစ်လိုသောငှါ ရန်သူကို ချစ်လော့။ သူ့အတွက် ဆုတောင်းပေးလော့။ သင်တို့ကိုကျိန်ဆဲသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို ညှဉ်းဆဲသောသူတို့အဖို့ ဆုတောင်းကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူအပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူအပေါ်၌ မိုးကို ရွာကျစေတော်မူ ၏။ သင်တို့ကိုချစ်သောသူအားသာ ချစ်တုံ့ပြန်လျှင် အဘယ်ကျေးဇူးတင်

သနည်း။ အခွန်ခံသူတို့ပင်လျှင် ဤမျှလောက်ပြုကြသည်မဟုတ်လော။ အဆွေ၊ အမျိုးတို့အားသာ လောကဝတ်ပြုလျှင်၊ အဘယ်သို့ထူးမြတ်သနည်း။ သာသနာပသူတို့ပင်လျှင် ထိုသို့ပြုတတ်သည် မဟုတ်လော။ ထို့ကြောင့် ကောင်းကင်ဘုံရှိ သင်တို့အဘ စုံလင်သည့်နည်းတူ သင်တို့စုံလင်ကြလော့" လို့ကျွန်တော်ပညတ်ပါတယ်။

**ဆရာအစုသွန်သင်တာတွေကို ဘာဖြစ်လို့အရင်ကမကြားရသလဲဗျ။**

မောရှေက ပညတ္တိကိုပေးသလို၊ ခုခေတ်မှာဖါရိရှဲတွေ၊ ကျမ်းတတ်ပုဂ္ဂိုလ်တွေကလည်း အဲသလိုကျင့်ဆောင်ဖို့ သွန်သင်ခဲ့တာကိုး။ သူတို့ဟာ မောရှေရဲ့နေရာ၊ ထိုင်ခုံမှာထိုင်ပြီး။ ဥပဒေ၊ ပညတ်တွေကိုပြောပြပြီး၊ လိုက်လျှောက်ဖို့ လူတွေကိုခိုင်းနေကြတာဗျ။ တကယ်တော့သူတို့ဘဝက အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်နေကြတာပါ။ ကြောင်သူတော်တွေပေ့ါဗျာ။ ခက်ခဲလေးလံတဲ့ဝန်ထုပ် ဝန်ပိုးတွေကို သူများပခုံးပေါ် တင်ချင်ကြသူတွေပေ့ါ။ သူတို့ကျတော့ အဲဒီဝန်ကိုလက်ဖျားနှင့်တောင် မတို့ချင်ကြဘူး။ သူတို့အပြုအမူကျတော့ လူတွေမြင်သာအောင်၊ ထင်ရှားအောင်ရယ်လို့ ပြုတတ်ကြတယ်။ ပွဲသဘင်တွေ၊ တရားဇရပ်တွေမှာလည်း မြင့်မြတ်တဲ့နေရာမှာ ထိုင်တတ်ကြသဗျ။ လူတွေရှိသေခြင်းကိုလည်း လိုချင်ကြသဗျ။ အပေါ်ယံဟန်ဆောင်ကြတဲ့ လူတွေပါဗျာ။

**(ပြုံးပြမိရင်း)ဆရာ့ကိုကြည့်ရတာ အဲဒီ ကျမ်းတတ်ပုဂ္ဂိုလ် တွေကို သိပ်သဘောမတွေ့တဲ့ပုံပဲဗျ။**

(မျက်နှာက ငြိမ်သက်နေလျက်) ကျွန်တော်အမှန်ကိုဆိုတာက။ ခင်ဗျားတို့ဟာ ဒီဘာသာတရားအကြောင်းသွန်သင်တဲ့ ဖာရိရှဲများထက် မကောင်းနိုင်ရင် ကောင်းကင်နိုင်ငံမဝင်ရကြဘူး။

**အိမ်မက်သစ်**

## ပညတ်နှင့်ဥပုသ်

**ပညတ်အကြောင်းပြောတာနှင့်၊ ဆရာ့မှာ ဥပဒေ၊ပညတ် တွေနှင့် ဆန့်ကျင်ပြီး အတွေးတွေရှိတယ်လို့ ကျွန်တော်သိရပါတယ်၊ ဒီတော့ ပညတ်ဟောင်းက နောက်ကျနေပြီမို့လားခင်ဗျ။**

လက်မဆေးဘဲထမင်းစားခြင်းနှင့်ပတ်သက်လို့ ကျွန်တော် ပြောခဲ့တာကို ခင်ဗျားစဉ်းစားကြည့်ပေါ့၊ (ခဏနားလျက်) လူတွေက သူတို့ ခံတွင်းထဲထည့်ဝင်တဲ့အရာတွေက သူတို့ရဲ့ခန္ဓာကိုယ်ပျက်စီး ညစ်ညူး သွားမှာကို သိပ်ကြောက်တတ်ကြပါတယ်။ ဒါပေမဲ့ ခင်ဗျားစဉ်းစားပါ။ လူ့ခံတွင်းထဲဝင်သောအရာက လူကိုညစ်ညူးစေသည်မဟုတ်။ ခံတွင်းမှ ထွက်တဲ့စကားသည် ညစ်ညူးစေသောအရာဖြစ်၏လို့ကျွန်တော်ပြောသဗျ။ ဘာလို့လဲဆိုတော့ မကောင်းသောကြံစည်ခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း စတဲ့ မကောင်းမှုမှန်သမျှဟာနှလုံးသားထဲကလာတာမို့ လူကိုညစ်ညူးစေတဲ့ အရာဖြစ်တယ်။ အဲဒီအရာတွေကသာ လူကိုအားနည်းပြစ်မှားစေပြီး၊ လက်မဆေးပဲ ထမင်းစားခြင်းက လူ့ဘဝကိုမညစ်ညူးစေဘူးခင်ဗျ။

**ဒါဆိုရင် ဥပုသ်နေ့နဲ့သက်ဆိုင်တဲ့ ပညတ်တွေရော ဆရာ ဘယ်လိုမြင် သလဲဗျ။ သိပ်ပြီးပြင်းထန်လွန်းတယ်လို့ထင်ပါတယ်၊**

**အိုပ်မက်သစ်**

(ပြုံးလျက်) ကျွန်တော်. . . . ဥပုသ်နေ့တစ်နေ့မှာ တပည့်တွေနဲ့အတူ ဝင်းမှည့်နေတဲ့ လယ်ကွင်းပြင်တစ်ခုကို ဖြတ်လျှောက်ကြတယ်။ ခရီးအတော်သွားနေရတော့ အားလုံးက ဗိုက်ဆာနေကြပြီ။ ဒီတော့သူတို့တွေက ဝင်းမှည့်နေတဲ့ အသီးအနှံတွေကို ခူးပြီးစားကြပါတယ်။ အဲဒါကို ဖာရိရှဲတွေက မြင်သွားပြီး၊ "ခင်ဗျားတပည့်တွေက ဘာလုပ်တာလဲကွ၊ ဥပုသ်နေ့မှာ ရိတ်သိမ်းခူးစားတာဟာ ဥပဒေ၊ ပညတ်ကိုချိုးဖေါက်တာပဲ" လို့ဆိုပြီး ကျွန်တော့်ကို ပြဿနာရှာကြတယ်ဗျ။

**ဆရာဘာပြန်ပြောလိုက်သလဲ။**

"ဒါဝိဒ်မင်းကြီးနဲ့သူ့စစ်သားတွေဟာ  အရမ်းဗိုက်ဆာတော့ ဘာလုပ်သလဲဆိုတာ ခင်ဗျားတို့ကျမ်းစာထဲမဖတ်ကြဘူးလား။ ဒါဝိဒ်မင်းကြီးက ဗိုက်ဆာလွန်းလို့၊ ဗိမာန်တော်ထဲဝင်ပြီး ယဇ်ပရောဟိတ်များသာစားရမယ့်ဆွမ်းကို စားသဗျ။ သူ့နောက်လိုက်တွေကိုပါ စားခိုင်းတာနော်။ ယဇ်ပရောဟိတ်များပင်လျှင် ဥပုသ်နေ့မှာ ဥပုသ်ပျက်နေတာ သင်တို့မသိလိုက်လေသလော။ သူတို့ကျတော့ ခွင့်လွှတ်ခြင်း ခံရသည်မဟုတ်လော" လို့ ကျွန်တော်ပြန်ဖြေသဗျ။

**သူတို့တိတ်သွားရောပဲလား။**

(ပခုံးတွန့်ပြ၍) " ယဇ်ပူဇော်ခြင်းအကျင့်ထက်၊ သနားခြင်းဂရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကားကို သင်တို့နားလည်လျှင်၊ အပြစ်ကင်းသောသူတို့ကို အပြစ်မတင်၊ မစီရင်ကြပြီ။လူသားသည် ဥပုသ်နေ့ကိုအစိုးရသည်။" လို့ကျွန်တော်ပြန်ပြောလိုက်တယ်။

**အဲဒီစကားက၊ပညတ္တိကျင့်စဉ်တွေအပေါ်ကို လက်တွေ့ကျကျတွေးခေါ်တဲ့သဘောဆောင်သလိုပဲဗျာ။**

**အိပ်မက်သစ်**

ဟုတ်တာပေါ့ဗျာ။ ခင်ဗျားသိတဲ့အတိုင်းပေါ့။ ဥပုသ်နေ့ဟာလူတွေကောင်းကျိုးရဖို့အတွက် ရှိတာပါဗျ။ လူတွေအတွက်ဥပုသ်နေ့ပေါ့။ ဥပုသ်နေ့အတွက်လူတွေမဟုတ်ပါဘူး။ (ခဏနားပြီး) ဥပုသ်နေ့စောင့်ထိန်းခြင်းနဲ့ပတ်သက်ပြီး အစွန်းရောက်ခံယူချက်တစ်ခုကို ကျွန်တော်ပြောပြဦးမယ်။

တစ်ခါကျတော့ ကျွန်တော်တရားဇရပ်ထဲရှိနေချိန်ပေါ့ဗျာ။ ဖာရိရှဲတချို့က၊ လက်မသန်မစွမ်းဖြစ် နေတဲ့လူတစ်ယောက်ကို ပွေ့လာတယ်။ သူတို့က ကျွန်တော့်ကိုပြပြီး "ဥပုသ်နေ့မှာ လူနာကိုကုသသင့်ပါသလော၊ အခွင့်ရှိပါသလော"ဆိုပြီး မေးခွန်းထုတ်သဗျ။ သူတို့ကျွန်တော့်ကိုထောင်ချောက်ဆင်နေမှန်းလည်း ကျွန်တော်သိတာပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်က "သင်တို့ထဲတွင်၊ သင်တို့၏သိုးများချောက်ထဲ၊ တွင်းထဲတွင်ဥပုသ်နေ့၌ကျလျှင်၊ မကယ်မယ့်လူရှိပါသလား။" လို့ ပြန်မေးခွန်းထုတ်လိုက်တယ်။ ဘယ်သူမှ မတုံ့ပြန်ကြဘူးဗျ။ ဆိတ်ဆိတ်နေဝန်ခံဆိုတဲ့သဘောပေါ့ဗျာ။ ပြီးတော့ " တိရိစ္ဆာန်၊ သိုးထက်လူသည် သာ၍မြတ်သည်မဟုတ်လော။ သို့ဖြစ်၍၊ ဥပုဒ်နေ့တွင်လူနာကိုကုသခြင်းသည် ကောင်း၏" လို့ဆိုပြီး၊ "သင့်လက်ကို ဆန့်လိုက်လော့" လို့ အဲဒီလူနာကို ကျွန်တော်က အမိန့်ပေးလိုက်တယ်။ အဲဒီလူက လက်ဆန့်လိုက်တော့ သူ့ရဲ့ အားနည်းတဲ့လက်က အကောင်းပကတိဖြစ်သွားသဗျ။

**အဲဒီတော့ဖာရိရှဲတွေက ဘာဆက်လုပ်ပါသလဲခင်ဗျ။**

သူတို့ဘာမှ မပြောနိုင်ပါဘူး။ ဒါပေမယ့်ထုံးစံအတိုင်းပေါ့ဗျာ၊ ဘာတွေထပ်ပြီးလုပ်ရမလဲဆိုတဲ့သဘောနှင့် တိုင်ပင်ဖို့သူတို့ထွက်သွားကြတယ်။

**အိပ်မက်သစ်**

## စစ်မှန်သောဘာသာတရား

**ဆရာပြောတဲ့ အထဲမှာစစ်မှန်တဲ့ ဘာသာတရားဆိုရာမှာ၊ ပညတ္တိတွေနဲ့မတိုင်းတာ၊ အပြုအမူ၊ အကျင့်အကြံနှင့်တိုင်းတာ ဆုံးဖြတ်တယ်လို့ ပြောထားသလိုပဲ။ အဲဒါကျွန်တော် နားမလည် နိုင်ဘူးခင်ဗျ။ ဒီတော့လူတစ်ဦးရဲ့ စစ်မှန်တဲ့ဘာသာတရားဝတ်ပြုမှုကို ပြောပြစေချင်ပါတယ်။**

(အပြုံးလေးတချက်နှင့်၊ ပါးစပ်ကိုလှုပ်လျက်) ခင်ဗျားကို ပုံပြင်နောက်တစ်ပုဒ်ပြောပြဦးမယ်။

**ဟုတ်ကဲ့ပါ။**

တစ်နေ့၊ ကျွန်တော်ဆယ့်နှစ်နှစ်သားအရွယ်မှာပေ့ါ။ လူကြီးတွေ စည်းဝေးစကားပြောတဲ့နေရာမှာ ကျူပ်ရောက်သွားတယ်။ အဲဒီမှာ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးကရပ်ပြီး ကျွန်တော့်ကို "ဆရာ၊ ကျွန်တော်ထာဝရ အသက်ရဖို့ဘာလုပ်ရမလဲ" လို့မေးတယ်။ ခင်ဗျားသိတယ်နော်၊ သူက ကျမ်းတတ်ပုဂ္ဂိုလ်ဆိုတာလေ။ ကျွန်တော်က "ခင်ဗျားဖတ်တဲ့ကျမ်းစာထဲမှာ ဘယ်လိုရေးထားသလဲ။ ပညတ္တိကျမ်းက ဘယ်လိုဆိုထားသလဲ" လို့ပြန်မေး လိုက်ပါတယ်။ သူက "သင်၏ဘုရားသခင်၊ ထာဝရဘုရားကို စိတ်နှလုံး

အကြွင်းမဲ့ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့” လို့ပြန်ဖြေပါတယ်။

**တယ်ကောင်းတဲ့အဖြေပဲဗျ။**

ဟုတ်တယ်။ သိပ်ကောင်းတဲ့အဖြေပါပဲ၊ အဲဒီတော့ကျွန်တော်က “ ခင်ဗျားဖြေတာသိပ်မှန်တာပဲ။ အဲဒီအတိုင်းအစပြု၍၊ ထာဝရအသက်ရလော့” လို့ပြန်ပြောလိုက်ပါတယ်။ အဲဒီမှာ ကျမ်းတတ်ပုဂ္ဂိုလ်ကြီးက၊ “ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ဘယ်သူက ကျွန်တော်နှင့်သက်ဆိုင်တဲ့သူလဲ” လို့ပြန်မေးတော့ နောက်ဖုံပြင်တစ်ခု သူ့ကိုပြောပြလိုက်တယ်။

**(ကျွန်တော်ကပြုံးရယ်ရင်း) ဟုတ်ပါပြီ၊ ဆက်ပါဦးခင်ဗျ။**

ပုံပြင်ကတော့ “ တစ်ခါက လူတစ်ဦးဟာယေရှုစလင်မြို့ကနေ ယေရိခေါ်မြို့ကိုခရီးပြုသတဲ့။ လမ်းခရီးမှာ အဲဒီခရီးသွားခမျာ၊ လုယက်ခြင်းခံရတယ်။ ဓားပြတွေကသူ့ကို ရစရာမရှိအောင်ရိုက်ပြီး၊ ပိုက်ဆံတွေအကုန်လုသွားတယ်။ အဝတ်တွေကိုချွတ်ယူသွားတယ်။ ပြီးတော့ လူကိုလမ်းဘေးမှာ ချထားခဲ့ကြတာ။ သေလုမျောပါးပါပဲ။ ပြီးတော့သူတို့ထွက်ပြေးသွားကြပါတယ်။ မကြာပါဘူး၊ ယဇ်ပုရောဟိတ်တစ်ဦးနဲ့ လေဝိလူတစ်ဦးတို့ဟာ အဲဒီလမ်းကိုဖြတ်လျှောက်လာတော့၊ အဲဒီလူနာကိုတွေ့တဲ့အခါ မကူညီဘဲ လူနာကိုတစ်ချက်လောက်သာလှည့်ကြည့်ပြီး ဆက်လျှောက်ကြသတဲ့။ (သူတို့ရဲ့ အကြောင်းပြချက်ကတော့ ဗိမ္မာန်တော်မှာ ဘုရားဝတ်ပြုရမှာ မို့လို့ဆိုကိုး။) အဲဒီနောက်မကြာခင်မှာ ရှမာရိလူတစ်ဦးက သေလုမျောပါး ရိုက်နှက်ခံထားရတဲ့လူနာကို တွေ့တာနဲ့ လူနာရဲ့အနာတွေကို စပျစ်ဝိုင်နဲ့ ဆေးကြောပေး၊ ဆေးထည့်ပေး၊ အဝတ်နှင့်စည်းပေးသတဲ့။ ပြီးတော့သူစီးတဲ့ မြည်းပေါ်မှာ လူနာကိုတင်ပြီး၊ သူက လမ်းလျှောက်သွားပါသတဲ့။ ပြီးတော့

တည်းခိုခန်းမှာ လူနာကိုတည်းစေပြီး၊ တည်းခိုခန်းပိုင်ရှင်ဆီမှာ အဲဒီလူနာကိုအပ်လိုက်ပါတယ်။ လူနာကိုပြုစုဖို့ ပိုက်ဆံတွေလည်း ပေးထားခဲ့ပြီး၊ လူနာအတွက်လိုတာရှိရင် နောက်မှပြန်လာပေးဦးမယ်လို့ ဆိုသွားတယ်” အဲဒီပုံပြင်ကို ပြောပြလိုက်ပါတယ်။

**သူ့အတွက်ကောင်းသွားတာပေါ့။**

ပုံပြင်လည်းပြောပြီးရော “အခု၊ အဲဒီပုံပြင်ထဲက လူသုံးဦးထဲမှာ လူနာနဲ့စပ်ဆိုင်တဲ့သူဟာ ဘယ်သူလို့ထင်ပါသလဲ”လို့ အဲဒီကျမ်းတတ်ကို ကျုပ် မေးခွန်းထုတ်လိုက်တယ်။ (သူကခဏရပ်ပြီး၊ သူ့မျက်လုံးနဲ့ ကျွန်တော့်ကိုမေးသည့်အလား ကြည့်နေပါတယ်)

**သူဘယ်လိုပြန်ဖြေသလဲခင်ဗျ။**

“လူနာကို ကရုဏာပြုသွားတဲ့သူပေါ့” လို့သူပြန်ဖြေပါတယ်။

ခင်ဗျားဖြေတာမှန်တယ်။ ခင်ဗျားလည်းအဲသလိုပြုပြီးနေတော့လို့ကျွန်တော်ပြန်ပြောလိုက်ပါတယ်။

**ဆရာပြောပြချင်တဲ့အကြောင်းကိုကျွန်တော်သဘောပေါက်ပြီဗျာ။**

သူကပြုံးရယ်လျက်။

## တပါးသူများနှင့် ဆက်ဆံခြင်း

လူတွေကိုဆရာဟောပြော၊သွန်သင်ရာမှာ သူတို့ဘယ်လိုပြုမူရမယ်၊ သူများနှင့် ဘယ်လိုဆက်ဆံရမယ် ဆိုတာများနေ သလိုပဲ။ အဲဒီလိုပေါင်းသင်း ဆက်ဆံရေးနှင့်ဆိုင်တဲ့နည်းလမ်းကောင်းတွေဆရာ့ဆီမှာရှိရင် ကျွန်တော် သိချင်ပါတယ်။

(ပြုံးလျက်)၊ သူတပါးကိုမစီရင်ကြပါနဲ့။ အဲသလိုပြုရင် ခင်ဗျားတို့ လည်း စီရင်ခြင်းမခံရတော့ဘူး။ ဘုရားသခင်က ခင်ဗျားတို့စီရင်သလို ခင်ဗျားတို့ကို ပြန်စီရင်မယ်။ ကိုယ့်မျက်စိထဲမှာရှိတဲ့တံကျင်ကို မမြင်မမှတ် ဘဲနဲ့ သူတပါးမျက်စိထဲရှိဆူးငြောင့်ကို မကြည့်ရှုကြနဲ့။ "ကိုယ်မျက်စိထဲရှိ တံကျင်ကို မမြင်မမှတ်ဘဲ၊ ညီအစ်ကိုရဲ့ မျက်စိထဲရှိဆူးငြောင့်ကို ထုတ်ပါရစေ"လို့ ဘာကြောင့်ဆိုသလဲ။ ဒီလိုပြုမူခြင်းဟာ ကိုယ့်ရဲ့အပြစ် ကိုဖုံးပြီး သူမှားတယ်လို့စွပ်စွဲတတ်တဲ့၊ ကြောင်သူတော်တို့ရဲ့ အလုပ်ပဲ။ ဒါကြောင့် ကိုယ့်အမှားကိုယ့်ပြဿနာကို ဖြေရှင်းပြီးမှ သူတပါးအမှုကို ဖယ်ရှင်းရန်သာဖြစ်ပါတယ်။

ဟုတ်ကဲ့ခင်ဗျ။

**အိုင်မက်သစ်**

မနက်ခင်းတစ်ခုမှာ၊ ကျုပ်တရားဇရပ်ထဲ ရှိနေချိန်မှာပေါ့ဗျာ။ ကျုပ်အနားမှာ စုဝေးလာတဲ့လူအုပ်ကို တရားဟောဖို့ ကျုပ်ပြင်ဆင်ပြီး ဟောလိုက်တယ်။ မကြာခင်မှာ ဖာရိရှဲတွေနဲ့ ကျမ်းတတ်ပုဂ္ဂိုလ်တွေက လူအုပ်ထဲဝင်လာပြီး၊ အမျိုးသမီးတစ်ယောက်ကို အတင်းဆွဲလာကြပါတယ်။ သူတို့က အဲဒီအမျိုးသမီးကို လူအားလုံးမြင်သာတဲ့နေရာမှာ ရပ်စေပြီး။ သူတို့ထဲကတစ်ဦးက " ဆရာ၊ ဒီအမျိုးသမီးဟာ ဖေါက်ပြန်တဲ့အတွက် ကြောင့် ဖမ်းဆီးလာပါတယ်။ ဥပဒေအရ ဖမ်းဆီးလာတာပါ။ မောရှေရဲ့ ပညတ်အရ သူ့ကိုကျောက်ခဲနဲ့ အသေပေါက်သတ်ရမယ်လို့ဆိုပါတယ်။ အဲဒါဆရာဘယ်လိုစီရင်မလဲ"လို့ ကျွန်တော့်ကိုမေးသဗျ။(သူခဏရပ်ပြီး)

**ဆရာဘာပြန်ပြောလိုက်သလဲ၊**

ပထမ သူတို့ကိုကျုပ် ဘာမှပြန်မပြောခဲ့ဘူးဗျ။မြေကြီးကို ငုံ့ကြည့်ရင်း သဲပေါ်ကိုခြစ်နေခဲ့တယ်။ ပြီးတော့မှ ကျုပ်က မတ်တပ်ရပ်ပြီး "သင်တို့မှာ အပြစ်မရှိတဲ့သူရှိရင် သူကစပြီး ခဲနဲ့ပေါက်ပါ"လို့ ပြောလိုက်တယ်။ အဲဒီမှာသူတို့တွေ တစ်ယောက်ပြီးတစ်ယောက်ထွက်သွားပြီး ခုနက အမျိုးသမီးတစ်ဦးတည်းကျန်ခဲ့တယ်။

**အဲဒီတော့အမျိုးသမီးဘာဖြစ်သေးလဲ၊**

"မင်းကိုစီရင်မယ့်လူတွေ ဘယ်ရောက်သွားပြီလဲ။သူတို့ မင်းကို မစီရင်ကြဘူးလား" လို့ အဲဒီအမျိုးသမီးကို ကျုပ်မေးလိုက်တယ်။ ဒီတော့သူမက"မရှိတော့ပါဘူး ကိုယ်တော်" လို့ ပြန်ဖြေတယ်ဗျ။ နောက်တစ်ခါမပြစ်မှားနဲ့လို့ သူ့ကို ကျုပ်ဆုံးမစကားဆိုလိုက်တယ်။

**ဆရာ့ရဲ့ဆိုလိုရင်းကို ကျွန်တော်သဘောပေါက်ပါတယ် ခင်ဗျ၊ ကျွန်တော်သိချင်သေးတာတစ်ခုက လူတစ်ဦးဦးကဆရာ့ကို ပစ်မှားတယ်ဆိုရင်**

**ဆရာဘယ်လိုတုံ့ပြန်သလဲခင်ဗျ။ မမှတ်ထားဘဲ နေပါသလားခင်ဗျ။**

.မင်းကိုပြစ်မှားတဲ့လူရှိရင် သူနဲ့သွားတွေ့ပြီး ပြဿနာကို ဆွေးနွေးဖြေရှင်းကြပါ။ ဆွေးနွေးလို့ သူ့ဘက်ကလက်ခံနိုင်ရင် မင်းအတွက် မိတ်ဆွေတစ်ယောက်ပြန်ရသလိုပါပဲ။ တကယ်လို့သူက မဆွေးနွေးဘဲ ငြင်းဆန်မယ်ဆိုရင် အခြားသက်သေမိတ်ဆွေတွေကိုခေါ်ပြီး နောက်တစ်ခါထပ်သွားပါလေ့။ ဆက်ပြီးလက်မခံသေးရင် အသင်းတော်ကိုသွားပြီး အသင်းတော်ကို စီရင်ညှိနှိုင်းခိုင်းပါ။ သူကအသင်းတော်ရဲ့ဆုံးဖြတ်ချက်ကို လက်မခံနိုင်သေးဘူးဆိုရင် အသင်းတော်ကသူ့ကို ဖြေရှင်းဖယ်ထုတ်လို့ရပါမယ်။ ပယ်ထုတ်သင့်ပါတယ်။ ဒါပေမဲ့ငါအမှန်ဆိုသည်ကား သင်တို့ မြေကြီးပေါ်မှာ ချည်နှောင်သမျှ ကောင်းကင်ပေါ်မှာ ချည်နှောင်ခြင်းခံရပါလိမ့်မယ်။

**ကျွန်တော့်အပေါ်ကို အပြစ်ပြုတဲ့လူက အပြစ်ကို သိသိကြီး နဲ့ဆက်ပြုမယ်ဆိုရင် ကျွန်တော် ဘာလုပ်သင့်မလဲခင်ဗျ။**

သူ့ကိုခွင့်လွှတ်လိုက်ပါ။

**ဆက်ပြီးဆက်ပြီးပြစ်မှားတဲ့လူကိုရော။**

ဆက်ပြီးခွင့်လွှတ်ပါ။

**ဘယ်လောက်အထိခွင့်လွှတ်ရမလဲခင်ဗျ။**

အကြိမ်ကြိမ်ခွင့်လွှတ်လိုက်ပါ။ အကြိမ်ခုနှစ်ဆယ်၊ ခုနှစ်လီတိုင်အောင်ခွင့်လွှတ်လိုက်ပါ။

**ခံယူမှု၊ သဘောထား မတိုက်ဆိုင်တဲ့လူတော်ကြားမှာ ရှုပ်ထွေးမှုကိုရှောင်နိုင်မယ့် နည်းလမ်းများ ရှိပါသလား။ ဆရာလည်း အဲသလို လူတွေကြားမှာ ရှုန်းကန်ဖြတ်သန်းခဲ့ဖူးမယ်လို့ ယုံကြည်ပါတယ်။**

ခင်ဗျားကို ကျုပ်ပြောနိုင်တာကတော့ "တန်ဖိုးရှိတဲ့ အရာကို

ခွေးတို့အားမပေးပါနှင့်။ ဝက်ရှေ့မှာ ပုလဲလုံးကိုမချပါနှင့်။ အဲသလိုပြုရင် အဲဒီတန်ဖိုးရှိအရာများကိုကျော်၍သင်တို့ကို ကိုက်တတ်၏”ဆိုတဲ့စကားပဲခင်ဗျ။

**မှန်တာပေါ့ဗျာ။**

အခုခင်ဗျားနဲ့ကျုပ် ပြောနေတဲ့စကားတွေကို အဓိကခြုံပြီးတော့ ပြောမယ်ဆိုရင် အချက်တစ်ချက်ပဲရှိသဗျ။ အဲဒါကတော့ ပရောဖက်တို့ သွန်သင်ချက်၊ ပညတ္တိရဲ့အလိုနဲ့လည်း တူနေတဲ့အရာပဲခင်ဗျ။

**ဘာများပါလိမ့်**

ကိုယ့်အပေါ်ပြုစေလိုတဲ့အတိုင်း သူတစ်ပါးအပေါ်ပြုပါဆိုတဲ့ စကားဗျ။

## နှုတ်ကိုစောင့်ထိန်းခြင်း

**လူတွေနှင့်ပေါင်းသင်းဆက်ဆံရာမှာပါးစပ်ကိုစောင့်ထိန်းဖို့သိပ်မလွယ်မှန်း ကျွန်တော် သတိထားမိပါတယ်။ အဲသလိုပဲ ပါးစပ်ကထွက်တဲ့ စကားတွေဟာ လူကိုသိပ်မြန်မြန်ပြဿနာရောက်စေတတ်ပါတယ်။**

ကောင်းတဲ့အပင်ကမကောင်းတဲ့အသီးမသီးသလို မကောင်းတဲ့အပင်က ကောင်းတဲ့အသီးမသီးဘူးဗျ။ အပင်ကောင်းမကောင်း သူ့ရဲ့အသီးမှာ သိရသဗျ။ ဆူးပင်မှသဖန်းသီးကို မခူးရသလို ခြုံပုတ်ထဲမှ စပျစ်သီးလည်း မသီးပါဘူး။ အဲဒီလိုပဲ စိတ်ထားကောင်းတဲ့လူ ကောင်းတဲ့စကားကိုသာဆိုကြပါတယ်။ စိတ်ထားမကောင်းတဲ့သူတွေ ကျတော့ မကောင်း သောစကားကိုသာပြောဆိုကြတယ်။လူဟာကိုယ့်စိတ်မှာ ရှိတဲ့အတိုင်းနှုတ်မှထွက်သဗျ။

**တစ်ချို့စကားလုံးတွေကဆရာ့ကိုရင်နာစေခဲ့ဘူးပါသလားခင်ဗျ။**

ကျွန်တော့်ကိုပြစ်မှားပြီး၊ မကောင်းသောစကား ပြောခဲ့သူများ ဟာ ခွင့်လွှတ်ခြင်းကို ရနိုင်ပါတယ်။ သို့ပေသော်လည်း ခွင့်မလွှတ်နိုင်တဲ့ အရာတွေလည်း ရှိပါတယ်။ သန့်ရှင်းသော ဝိဉာဉ်ကိုမျက်ရည်ကျစေသောသူ၊ ဆန့်ကျင်သော သူတွေဟာ ခွင့်လွှတ်ခြင်းမခံရပါဘူး။

နောက်ဆုံးတရားစီရင်တဲ့နေရာမှာ လူတိုင်းဟာ သူပြောခဲ့တဲ့ စကားတွေ အတွက် ပြန်လည်စီရင်ခြင်းခံရပါမယ်။ အဲဒီနေ့မှာ ကိုယ့်ရဲ့ စကား တွေကကိုယ့်ကို ကူညီမစမလား။ ရှုံးနိမ့်စေမလား ဆိုတာ ရင်ခုန်စေသဗျာ။

**အိပ်မက်သစ်**

# တပည့်တော်များအပေါ် မျှော်လင့်ခြင်း

ဆရာရဲ့တပည့်တွေအပေါ်မှာဆရာဘာကိုမျှော်လင့်ပါသလဲခင်ဗျ။

"ခင်ဗျားတို့ဟာလောကရဲ့ဆားဖြစ်တယ်"လို့ သူတို့ကို ကျွန်တော်ပြောပြတယ်။ ပြီးတော့ဆက်ပြီး ငန်နေတဲ့ဆားတွေ ဖြစ်အောင်ပေါ့ဗျာ။ ခင်ဗျားသိတဲ့အတိုင်းပဲဒီဆားတုံးကြီးဟာအငန်အရသာ မရှိမှတော့ ရင်ဘာလုပ်မှာလဲ။လွှင့်ပစ်ဖို့ပဲရှိတော့တယ် မဟုတ်လားဗျ။ဘာမှကိုအသုံးမကျတော့ဘူးလေ။ပြီးတော့သူတို့ဟာအလင်း၊လောကရဲ့အလင်းလို့ ကျုပ်သူတို့ကိုပြောပါတယ်။တောင်ထိပ်မှာ ရှိတဲ့မြို့နှင့်တူလေတော့ ညအခါမှာလည်း သူတို့ရဲ့အလင်းကို လူတွေကမတားဆီးနိုင်ဘူးပေါ့။ ဒါကြောင့်သူတို့ကိုကျုပ်သွန်သင်တာကတော့ "လူတွေကသင်တို့ရဲ့ ကောင်းတဲ့အကျင့်ကိုမြင်ပြီး ကောင်းကင်ဘုံမှာရှိတဲ့ မင်းတို့အဘကို မြင်စေဘို့ သင်တို့၏ အလင်းကိုလင်းစေလော့" လို့သွန်သင်သဗျာ။

ဟုတ်ကဲ့။

"မင်းတို့၏ယဇ်ပူဇော်ခြင်းကိုငါအလိုမရှိ။သနားခြင်း ကရုဏာကို ငါအလိုရှိ၏။" ဆိုတဲ့ကျမ်းပိုဒ်ကို ကျွန်တော်ခဏခဏ ပြောပြပါတယ်။ အလှူဒါနတွေအများကြီးပြုပြီး အစာရှောင်တာတွေကိုပြုတဲ့အခါမှာလည်း

လူထင်ကြီးအောင်လုပ်တာတို့ မပြုဖို့လည်း ကျွန်တော်ပြောပြပါတယ်။ အလှူ ပေးရင်လည်း ဘယ်ဘက်လက်ပြုတာကို ညာလက်မသိအောင် ပြုရမယ်ဆိုတာကိုပါ ကျွန်တော်ခဏခဏ ပြောခဲ့တယ်။ အဲသလိုပြုခြင်း ဟာကြောင်သူတော်၊သူတော်ယောင်ဆောင်တွေရဲ့လုပ်ရပ်ဖြစ်သဗျ။ ဒါကြောင့်အလှူဒါနပြုတဲ့ အခါမထင်မရှားပြုလော့။ ဘုရားသခင်သည်သိ၍ သင့်ကိုကောင်းကြီးပေးမယ်လို့ ကျွန်တော်သွန်သင်တယ်ဗျ။

**အဲဒါစဉ်းစားစရာပဲ။**

"ဆုတောင်းတဲ့အခါ ဆိတ်ညံရာအခန်းမှာ တံခါးပိတ်ပြီး ဆုတောင်းပါ။ ဘုရားသခင်က သင်၏ ဆုတောင်းခြင်းကို နားညောင်းတော်မူလိမ့်မယ်။ အချည်းအနှီးသောစကားကို ထပ်ကာထပ်ကာမတောင်းပါနှင့်။ သင်တို့ဆုမတောင်းခင်ကတည်းကသင်တို့အလိုကို ဘုရားသခင်ကသိတော်မူ၏"လို့ သူတို့ကိုကျွန်တော်သွန်သင် ထားပါတယ်။

**အစာရှောင်ခြင်းနှင့်ပတ်သက်လို့ကော။**

"အစာရှောင်ဆုတောင်းတဲ့အခါမှာလည်း ကျမ်းတတ်၊ ဖာရိရှဲတို့ နည်းတူမပြုကြနှင့်။ သူတို့ဟာ ငြိုးငယ်သောမျက်နှာနှင့် ဝမ်းနည်းဟန်ပြ ဘိသကဲ့သို့ဆုတောင်းကြပြီး သူတပါးအမြင်မှာ အလွန်ဆက်ကပ်ဆုတောင်း သလိုပြုတတ်ကြတယ်။ လူတွေရဲ့ ကြည်ညိုခြင်းကိုလည်းခံရကြတယ်။ သင်တို့မူကား အစာရှောင် ဆုတောင်းတဲ့အခါမှာ ကိုယ်ကိုသန့်ရှင်းစေပြီး သာမန်လူလိုသာ ဆုတောင်းကြပါ။ အစာအိမ်မှာ အစာဘယ်လောက် ကင်းရှင်းရမယ်၊ ဘယ်နှစ်ရက်အစာမစားဘဲနေရမယ်စတဲ့ အရာတွေက အဓိကမဟုတ်ပါဘူး။ ဆုတောင်းတဲ့အခါမှာ သင်တို့ရဲ့အလိုကို ဘုရားသခင်သိတော်မူတယ်"လို့ ကျုပ်ပြန်ပြောခဲ့သဗျ။

**အိမ်မက်သစ်**

**ဆရာဟောပြောသွန်သင်တဲ့အတိုင်းဆရာ့ရဲ့တပည့်တိုင်းက လိုက်လျှောက် အသက်ရှင်မယ်လို့တကယ်ယုံကြည်ရဲ့လားခင်ဗျား။**

ကောင်းလိုက်တဲ့မေးခွန်းဗျာ။ ကျွန်တော်ပြောပြမယ်။ "သခင်၊သခင်"လို့ကျုပ်ကိုခေါ်တဲ့လူတိုင်း ကောင်းကင်နိုင်ငံ ဝင်ရမှာ မဟုတ်ဘူးဗျ။ ကျုပ်ဟောတဲ့အတိုင်း အသက်ရှင်သောသူသာ ဘုရားသခင်ရဲ့အလိုအတိုင်းအသက်ရှင်တဲ့အတွက် ကောင်းကင်နိုင်ငံဝင်ရမှာဗျ။ အဲဒီအချိန်အခါရောက်ရင်တော့ လူအများကကျုပ်ကို"သခင်၊သခင်။ ကျွန်တော်တို့သည် ကိုယ်တော်၏အကြောင်းကိုဟောပြောသည် မဟုတ်လော။ ကိုယ်တော်၏နာမဖြင့် နတ်ဆိုးများကို နှင်ထုတ်၍ လူနာများကို ကုသသည်မဟုတ်လော"လို့ လာပြောကြပေမဗျ။ အဲဒီအခါကျရင် ကျုပ်က "ထွက်သွားကြပါ။ မင်းတို့ကိုငါမသိ။ သင်တို့သည် ငါ့ဘို့ဘာမှမလုပ်။ မကောင်းမှုသာသင်တို့လုပ်၏"လို့ပြန်ပြောရပါမယ်။

**အတော်ခံရခက်မယ့်စီရင်ခြင်းပဲဗျ။**

(ပခုံးတွန့်၍) လူတိုင်းမှာအကောင်းဆုံးရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်ပြောတဲ့စကား သွန်သင်တဲ့တရားတွေကို မှတ်သားလိုက်နာပြီး အသက်ရှင်တဲ့လူဟာ ကျောက်ပေါ်မှာအိမ်ဆောက်သလို၊ လေကြီးမိုးကြီးလာပေမဲ့မပြို။ လေဒဏ်၊ လှိုင်းဒဏ်ခံရပေမဲ့ မပျက်စီးနိုင်ဘူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် သူဟာခိုင်မာတဲ့အုတ်မြစ်ပေါ်မှာ တည်ဆောက်ထားလို့ပေါ့။ ဒါပေမယ့် ကျုပ်စကားတွေကိုကြားပြီး မနာခံမလိုက်လျှောက်တဲ့သူတွေကျတော့ သဲပေါ်မှာအိမ်ဆောက်တဲ့ လူမိုက်လိုပဲ လေမုန်တိုင်းကျရောက်ပြီး လှိုင်းထန်တဲ့အခါမှာ ပျက်စီးခြင်းသို့

ရောက်သွားပေမယ်။

**ရွေးချယ်မှုရလဒ်ပေါ့။**

ကျုပ်အရင်ပြောခဲ့တဲ့ မျိုးကြဲသူဥပမာကိုပြန်စဉ်းစားရအောင်။ အဲဒီဥပမာထဲမှာ တစ်ချို့အစေ့တွေက အပင်အဖြစ်ရှင်သန်ပြီး တစ်ချို့ကျတော့ မျိုးပျက်သွားသဗျ။ ပျက်စီးသွားတယ်ဗျာ။ လမ်းဘေးမှာ ကျတဲ့မျိုးစေ့ဟာ မရှင်သန်ပဲ ငှက်တို့စားခြင်းခံရသလိုပေါ့ဗျာ။ တစ်ချို့ကျတော့ ကျုပ်စကားကိုကြားပေမဲ့ စာတန်ကလာပြီး အဲဒီသတင်းစကားကို သူတို့နှလုံးသားထဲကနေဆွဲထုတ်နေသဗျ။ မြေနည်းပြီး ကျောက်ခဲတွေပေါ်မှာကျတဲ့ မျိုးစေ့ကျတော့ ချက်ခြင်းမပေါက်နိုင်။ နေရောင်လာတော့လည်း ပူလောင်ပြီး ညှိုးနွမ်းပျက်စီးသဗျ။ အဲသလိုပဲ တစ်ချို့သောလူတွေဟာ ကျုပ်ရဲ့သတင်းစကားကို ပျော်ရွှင်စွာ လက်ခံချင်ပေမယ့် ခက်ခဲဆင်းရဲမှုတွေ ကြုံတွေ့လေတိုင်း သူတို့ရဲ့ ယုံကြည်မှုကို ယိုင်လဲစေတတ်ပါတယ်။ ဆူးပင်ပေါတဲ့နေရာမှာ ကျတဲ့မျိုးစေ့ကတော့ ဘယ်လိုလူနှင့်တူသလဲဆိုရင် သက်တောင့်သက်သာ နေရာမှာနေချင်တဲ့လူနှင့်တူသဗျ။ သူတို့ဟာ ပတ်ဝန်းကျင်အပေါ်မှာလည်း မှီခိုနေကြတယ်။ ဒီတော့က ခက်ခဲတဲ့ပတ်ဝန်းကျင်အနေအထားတွေက သူတို့လက်ခံမယ့် သတင်းစကားကို လွင့်မျောသွားစေသဗျ။ ကောင်းသော မြေနှင့်မျိုးစေ့ကျတော့ ကျုပ်ဟောတဲ့စကားကို သေချာနားထောင်ပြီး လိုက်လျှောက်တဲ့သူ၊ နားလည်လို့ အရေးတစိုက်ပြုပြီး သူတစ်ပါးကိုပါ ကောင်းကင်နိုင်ငံသို့ခေါ်ဆောင်လာတဲ့သူနှင့်တူသဗျ။ အဆပေါင်းသုံးဆယ်၊ ခြောက်ဆယ်၊ အဆတစ်ရာမက သူယူဆောင်လာသဗျ။

**အိပ်မက်သစ်**

**ဒါဆိုဆရာ့တပည့်တွေဆီကနေ....နောက်ထပ်တပည့်တွေပေါ်လာဖို့မျှော်လင့်တယ်ပေါ့။**

"သင်တို့သွား၍လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိဉာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့။"လို့ သူတို့ကို ကျွန်တော် ပြောရမယ့်အချိန် ရောက်လာလိမ့်မယ်။ (ခဏနားလျက်) အဲဒီနောက်မှာ ကပ်ကမ္ဘာကုန်ဆုံးတဲ့အထိ သူတို့နှင့်အတူ ကျုပ်ရှိနေမယ့်အကြောင်းလည်း သူတို့ကို ပြောရဦးမယ်။

**ဆရာပြောသွားတဲ့အထဲမှာစဉ်းစားစရာတွေအများကြီး ပေါ်လာတယ်ဗျာ။ နောက်ဆုံးသောကာလအကြောင်းအပါအဝင်ပေါ့ဗျာ။ အဲဒီအကြောင်းတွေကို နောက်ကျရင်ဆက်ပြီးပြောပြ စေချင်တယ်။ အခုတော့ ကျွန်တော်ဆရာ့ကိုမေးဖို့ ပါလာတဲ့မှတ်စုထဲက အချက်တွေကို ဆရာဖြေပေး စေချင်တယ်။**

ဟုတ်ကဲ့။ မေးပါ။ မေးပါ။

## ဘုရားသခင်ဘာနှင့်တူ

လူတွေမှာ ဘုရားသခင်နှင့်ပတ်သက်လို့အမြင်တွေ၊ အတွေးအခေါ်တွေ အမျိုးမျိုးရှိကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ တစ်ချို့ကဆိုရင် ဘုရားသခင်ဟာ လူ့အနေနှင့် သိ၍မရနိုင်လောက် အောင်ဖြစ်တယ်လို့ခံယူပြီး၊ တစ်ချို့ကျတော့ ဘုရားသခင်ဟာ ကြောက်ရွံ့စရာကောင်းအောင် မြင့်မြတ်တဲ့ဘုရားလို့ ခံယူသဗျ။ ဘုရားသခင်ကို စိတ်ဆိုးအောင်လုပ်ရင် သူက ရက်စက်စက် စီရင်မယ်လို့ ထင်ကြသဗျ။ ဘုရားသခင်ကိုယ်နှိုက်ကလည်း သူ့ကိုရှိသေဖို့အလိုရှိတာလည်း ကျမ်းစာထဲမှာတွေ့ရပြန်တယ်။ ဒီတော့ ဘုရားသခင်ရဲ့ အစစ်အမှန်သဘော သဘာဝဟာ ဘာလဲဆိုတာ ဆရာ့ရဲ့အမြင်ကိုကြားချင်ပါတယ်။ ဘုရားသခင်ကိုဆရာ ဘယ်လိုပုံဖော်သလဲပေါ့ဗျာ။

(အတော်ကြာစကားမပြောဘဲနေပြီး) လွန်ခဲ့တဲ့လ အနည်းငယ် တုန်းကပေါ့။ ကျုပ်နှင့်ကျုပ်တပည့်တွေဟာ ဂါလိလဲပြည်ကိုအသွားမှာ ရှမာရိဒေသကိုဖြတ်သွားကြတယ်။ အဲဒီမှာ ရှုခါမြို့စွန်၊ဆင်ခြင်ဖုံးကို ရောက်သွားကြတယ်။ အဲဒီနေရာက တို့တွေရဲ့ဘိုးဘေးယာကုပ်က သူ့သားယောသပ်ကို ပေးတဲ့နယ်မြေနှင့်လည်းနီးရဲ့။ အဲဒီနေရာမှာ သမိုင်းဝင်ယာကုပ်ရေတွင်းလည်းရှိပါတယ်။

ဟုတ်ကဲ့။ အဲဒီနေရာကိုကျွန်တော်သိပါတယ်။

အဲဒီရေတွင်းမှာ ကျွန်တော်တို့နားကြပါတယ်။ ပြီးတော့ ကျုပ်တပည့်တွေကတော့ စားစရာတွေသွားယူဖို့ မြို့ထဲကိုဝင်ကြတယ်။ ကျုပ်ကခရီးလည်းပန်းနေတော့ အနားယူဖို့ရေတွင်းမှာပဲ သူတို့ကို

စောင့်နေရစ်တယ်။ နေ့လယ်လောက်ရောက်တော့ ကျွန်တော်အဲဒီ ရေတွင်းနားမှာ ထိုင်နေတုန်း အမျိုးသမီးတစ်ယောက်က ရေခပ်ဖို့ ရေတွင်းဘက်ကိုဆင်းလာတယ်။ အဲဒီမှာကျုပ်က "ကျုပ်အဖို့သောက်ရေပေးလျှင် ကျွန်ုပ်အမှန်ကျေးဇူးတင်မယ်"လို့ သူ့ကိုတောင်းတော့ သူကအရမ်းအံ့သြပြီး "ရှင်ဟာယုဒလူမျိုးမဟုတ်ဘူးလား။ ယုဒလူမျိုးတို့ဟာ ကျွန်မတို့ ရှမာရိတွေကို စကားမပြောချင်ကြတာ၊ ရှင်ကတော့ ကျွန်မကိုစကားပြောလို့ပါလား" ဆိုပြီးပြန်မေးတယ်။။

**မှန်တာပေါ့။**

(ခေါင်းညိတ်လျက်) "ဘုရားသခင်ကျေးဇူးတော်နှင့် အခုရေတောင်းသောသူဟာ ဘယ်သူလဲဆိုတာသိရင် အဲဒီလူဆီမှာ အသက်ရေကို သင်တောင်းပေလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကို ပေးလိမ့်မည်"လို့ ကျုပ်ပြန်ပြောလိုက်တယ်။ အဲဒီမှာသူက "သခင့်မှာရေခပ်စရာမရှိ၊ ရေတွင်းလည်းနက်တဲ့အတွက်၊ အသက်ရေကို ဘယ်လိုရပ့ါမလဲ။ ကျွန်မတို့ဘိုးဘေး ယာကုပ်က ဒီရေတွင်းကို သူ့သားသမီးများအားပေးပြီး သားသွီး၊ တိရိစ္ဆာန်တို့ဟာ သည်ရေကို သောက်လို့ အသက်ရှင်ကြပါတယ်။ သခင်က ကျွန်မတို့ရဲ့ဘိုးဘေး ယာကုပ်ထက် ကြီးမြတ်ပါသလော"လို့ မေးသဗျ။ အဲဒီမှာကျုပ်က "ဤရေတွင်းမှ ရေကိုသောက်သောသူဟာ နောက်တဖန်ပြန်ငတ်လိမ့်မယ်။ ငါပေးတဲ့ရေကိုသောက်တဲ့သူတိုင်းကတော့ ထာဝရအသက်ရှင်ခြင်းကိုရပြီး နောက်တစ်ခါမငတ်နိုင်တော့" လို့ပြန်ပြောလိုက်တယ်။ အဲဒီမှာ အမျိုးသမီးက "သခင် အဲဒီအသက်ရေကို ကျွန်မအားပေးပါ။ ကျွန်မ ဒီနေရာကိုနောက်တစ်ခါမလာရအောင်နှင့် ရေငတ်ခြင်းမှကင်းအောင်

အဲဒီအသက်ရေကိုပေးပါ”လို့ တောင်းသဗျာ။

**အတော်ထက်တဲ့အမျိုးသမီးပဲခင်ဗျ။**

(ပြုံးရင်း) “မင်းရဲ့ယောကျ်ားကိုခေါ်ပြီး ဒီကိုပြန်လာဦးလော့”လို့ ကျုပ်သူ့ကိုပြောတော့ သူက“ကျွန်မမှာ ယောကျ်ားမရှိပါ”လို့ ပြောသဗျ။ အဲဒီမှာကျုပ်က “မင်းပြောတာမှန်တယ်။ မင်းမှာအရင်က ယောကျ်ား (၅)ယောက်ရှိခဲ့တယ်။ ဒါပေမဲ့ အခုမင်းနှင့်အတူနေတဲ့လူနှင့် သင်သည် မင်္ဂလာမဆောင်”လို့ ပြန်ပြောလိုက်တယ်။

ဒီတော့သူမက “သခင်၊ ကိုယ်တော်ဟာ ပရောဖက်တစ်ပါး ဖြစ်မှန်းကို ကျွန်မသိပါပြီ။ ကျွန်မကိုမေးခွန်းတစ်ခုမေးခွင့်ပြုပါ။ ကျွန်မတို့ဘိုးဘေးတွေဟာ ဒီတောင်ပေါ်မှာ ဘုရားရှိခိုးကြပါတယ်။ သခင်တို့ယုဒလူမျိုးတွေကျတော့ ယေရှုစလင်မြို့မှာသာ ဘုရားရှိခိုး ကိုးကွယ်ရမယ်လို့ ဆိုကြပါတယ်။ အဲဒီမတူညီတာကို ကျွန်မအား ပြောပြပေးပါ”လို့ တောင်းဆိုသဗျ။

**ဆရာသူ့ကိုဘာပြန်ဖြေလိုက်သလဲ။**

ခင်ဗျားရဲ့မေးခွန်းကိုပြန်ဖြေဖို့ သူ့ကိုပြောပြတဲ့အဖြေကိုပဲ ပြောပြမယ်။

**ကောင်းတာပေါ့ဗျာ။**

“ဘုရားသခင်သည်နာမ်ဝိဉာဉ်ဖြစ်တယ်”လို့ ကျုပ်သူ့ကိုပြောပြ လိုက်တယ်။

**ဖန်ဆင်းခံသတ္တဝါမဟုတ်။အရာဝတ္ထုလည်းမဟုတ်ဘူးပေါ့။**

“ဒီတော့ဘုရားသခင်ကိုဝတ်ပြုဘို့ စိတ်ဝိဉာဉ်နှင့်သာ ဝတ်ပြုရမယ်။ သစ္စာတရားနှင့် ကိုးကွယ်ရမယ်။အဲသလိုဝတ်ပြုကိုးကွယ်မှုကို

ဘုရားသခင်အလိုရှိတယ်။ ဒီတောင်ပေါ်မှာ ဘုရားသခင်ကို ဝတ်ပြု ကိုးကွယ်ဘို့မလိုတော့တဲ့အချိန် ရောက်လာပါမယ်။ ယေရှုစလင်မြို့ သို့လည်းမသွားပဲ ခမည်းတော်ဘုရားကို ကိုးကွယ်ရမယ့်အချိန် ရောက်ဆဲရှိ၏။ "သင်တို့သည်ကိုယ်မသိသောအရာကိုကိုးကွယ်ကြ၏။ ယုဒလူတို့သည် ကိုယ်သိသောဘုရားကို ကိုးကွယ်ကြ၏။ အကြောင်းမူကား ယုဒလူတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏။"လို့ ကျုပ်ပြန်ပြောလိုက်သဗျ။ အဲဒီမှာအမျိုးသမီးက "ကယ်တင်ရှင်၊မေရှိယကြွရောက်လာတဲ့အခါမှာ ကျွန်မတို့သိချင်တာတွေ သူပြောပြမယ့်အကြောင်းကျွန်မသိပါတယ်" လို့ပြန်ပြောပါတယ်။ ကျုပ်က "ငါသည် မေရှိယဖြစ်၏"လို့ သူ့ကိုပြောပြလိုက်တယ်။ (ခဏနားပြီး)

**အဲဒီတော့သူမကဘာပြန်ပြောသလဲခင်ဗျ။**

အဲဒီအချိန်မှာ ကျုပ်တပည့်တွေပြန်ရောက်လာကြတယ်။ ကျုပ်အဲဒီအမျိုးသမီးနှင့် စကားပြောတာကို အံ့သြတဲ့ပုံရှိပေမဲ့ သူတို့ဘာမှတော့ မပြောကြရှာပါဘူး။ ဘာတွေပြောကြပြီး ဘာကြောင့်ပြောသလဲဆိုတာကိုလည်း မမေးကြဘူးဗျ။ သူတို့ယူဆောင်လာတဲ့ အစာကိုစားဖို့ ကျုပ်ကိုခေါ်ဖိတ်ကြတယ်။ အဲဒီမှာ ကျုပ်က "ကျွန်ုပ်စားပြီးပါပြီ။"လို့ပြောလိုက်တော့ သူတို့တွေအံ့သြကြတယ်။ ဒီတော့ "ငါ့ကိုစေလွှတ်သောသူ၏အလိုတော်ကိုဆောင်ခြင်းနှင့် အမှုတော်ကိုပြီးစီးအောင်လုပ်ခြင်းက ငါ့ဖို့စားစရာဖြစ်၏"လို့ သူတို့ကိုရှင်းပြလိုက်ရပါတယ်။ အဲဒီလို ကျုပ်ပြောနေတုန်းမှာ ရှမာရိအမျိုးသမီးက ရေအိုးကိုခပ်ပြီးတော့ မြို့ထဲကိုလျှောက်သွားပြီး "အကျွန်ုပ်ပြုဖူးသမျှသော အမှုကိုဖော်သောသူကို လာ၍ကြည့်ရှုကြပါ။ ထိုသူသည် ခရစ်တော်

မှန်လိမ့်မည်လော”လို့အော်ပြီး ကြွေးကြော်သဗျ။ အဲသမှာလူအုပ်ကြီးက မြို့ပြင်ကိုလာကြည့်ကြတယ်။ သူတို့နှင့်အတူလာနေဖို့ဖိတ်တော့ အဲဒီမှာ နှစ်ရက်လောက်နေဖြစ်ခဲ့ပါတယ်။ လူအတော်များများက ပြောင်းလဲကြတယ်ဗျ။ (ခဏနားပြီး) အခုခင်ဗျားမေးထားတဲ့ ဘုရားသခင်ဟာ ဘာနှင့်တူလဲဆိုတဲ့ အဖြေကိုပြောပြဖို့ နောက်ပုံပြင်တစ်ပုဒ်ပြောပြမယ်။ ခင်ဗျားအဲဒီပုံတိုပတ်စတွေကို သဘောကျတယ်လို့ ပြောခဲ့တယ်နော်။ (ရယ်လျက်)

**ဟုတ်ကဲ့၊ ဆက်ပြောပါ။**

လူတစ်ယောက်မှာသားနှစ်ယောက်ရှိတယ်ဗျ။ တစ်နေ့တော့ သားအငယ်က သူ့အဖေဆီကိုလာပြီး “အဖေ၊ သားကိုပေးမယ့် အမွေဥစ္စာတွေကိုပေးပါ”လို့တောင်းပါတယ်။ အဖေလုပ်သူကလည်း သားကိုပေးလိုက်တယ်။ အဲဒီနောက်မှာသားအငယ်ဟာ သူ့အမွေပစ္စည်းတွေကိုယူသွားပြီးအိမ်ကနေထွက်ခွာသွားပါတော့တယ်။ခရီးရှည်ကိုပြုပြီးနောက်မှာ ကြီးကျယ်ခမ်းနားတဲ့မြို့ကြီးတစ်မြို့ကို ရောက်သွားသဗျ။ အဲဒီမှာ သူ့ငွေတွေကိုစပြီးဖြုန်းလာပါတယ်။ငွေတွေအကုန်ဖြုန်းပြီး ဘာမှမကျန်တော့တဲ့အချိန် အဲဒီပြည်မှာ အစာရေစာခေါင်းပါးမှုကပ်ရောက်လာတော့ အဲဒီသားငယ်ဟာ ဆင်းရဲဒုက္ခ ခံရပါတယ်။ လူငယ်လေးခမျာ သေလုမျှောပါးခံစားရရှာတယ်။ အလုပ်ကို ရှာတဲ့အခါမှာ ဝက်ကျောင်းတဲ့အလုပ်ကိုရသဗျ။ အဲဒီမှာရတဲ့လုပ်အားခက နည်းလှပြီး၊ ဝက်တွေစားတဲ့ပဲတောင့်ကိုတောင်မှ စားချင်လောက်အောင် ဒုက္ခခံနေရသဗျာ။ အဲဒီအချိန်မှာ သူ့ဘဝကိုမှားယွင်းစွာ ကုန်လွန်စေခဲ့မိခြင်းအမှားကို ပြန်သတိရလိုက်တယ်။ ပြီးတော့ သူ့ရဲ့ညစ်ပတ်နေတဲ့ ဝန်းကျင်

ကိုကြည့်ပြီး "ငါ့အဘအိမ်ကအစေခံတွေဟာ ငါ့ထက်တောင် ကောင်းကောင်းနေရဦးမယ်။ ငါ့ဘဝကို ဒီအတိုင်းဆက်သွားရင်တော့ ရှုံးရာ ကျမယ်။ ငါ့အဘအိမ်သို့ပြန်သွားပြီး မှားယွင်းခဲ့မိကြောင်း ဝန်ခံ လိုက်မယ်။ အဘရဲ့သားအဖြစ်ခေါ်ဖို့ငါမထိုက်တန်တဲ့အတွက် သူ့ရဲ့အစေခံတစ်ဦးလို သဘောထားဖို့တောင်းပန်လိုက်ဦးမယ်။သူလက်ခံနိုင်မှာပါလေ"ဆိုပြီး စဉ်းစားမိသတဲ့ဗျာ။ ဒီတော့သူက အဲဒီဝက်ခြံကနေထပြီး သူ့အဘရဲ့အိမ်နေရာကို ပြန်သွားသတဲ့။ ပြန်လာပြီး သူ့အဘရဲ့အိမ်နှင့် ခပ်ဝေးဝေးကိုရောက်တဲ့အခါမှာ သူ့အဘက အဝေးကနေသူ့သားကို မှုန်ဝါးဝါးတွေ့မြင်လိုက်တယ်။အတော်နီးလာပြီး သားဖြစ်မှန်းသေချာလာတော့ အဘကအိမ်ကနေထွက်ပြီး သူ့သားကို ဆီးကြိုသတဲ့။ သားဆီကိုရောက်တာနှင့် ရင်ခွင်ထဲဆွဲသွင်းရင်း လည်ပင်း ကိုဖက်ပြီး ပါးကိုနမ်းလိုက်တယ်။ "ငါ့သား၊ငါ့သား"လို့ ဝမ်းမြောက်ဝမ်းသာဆိုသတဲ့ဗျာ။ အဲဒီမှာသားငယ်က "အဖေ၊ဘုရားသခင်နှင့်အဖေ့ကိုပစ်မှားခဲ့မိမှန်း သားသိပါပြီ။ အဖေ့ရဲ့သားလို့ခေါ်ဖို့လည်း မသင့်တော်တော့ပါဘူး"လို့ဆိုတာနှင့် "သား၊အဲသလိုမပြောပါနှင့်ကွယ်"ဆိုပြီး သူ့သားကိုနှစ်သိမ့်သတဲ့။ ပြီးတော့ သူ့နောက်မှာလိုက်လာတဲ့အစေခံတွေဆီကို "အိမ်ကိုသွားပြီး အကောင်းဆုံးဝတ်လုံကိုယူလာပြီး ငါ့သားကိုဝတ်ခိုင်းလိုက်၊လက်စွပ်ကိုယူလာပြီး သူ့ကိုစွပ်ခိုင်းလိုက်ပါ။ သူ့အဘို့ဖိနပ်တွေယူဆောင်လာပြီး စီးခိုင်းလိုက်ပါ။ ငါတို့နွားထဲက အကောင်းဆုံး၊အဝဆုံးနွားကိုသတ်ပြီး သူ့အဖို့ပွဲခံကြမယ်။ ငါ့ရဲ့ပျောက်သောသားပြန်လာပြီ။ အရင်ကသူသေခဲ့ပေမဲ့ အခုသူ ပြန်ရှင်လာတယ်။ အရင်ကပျောက်ပေမဲ့ အခုပြန်တွေ့ရပြီ။ငါ့သားကိုပြန်ရပြီ။" ဆိုပြီး ပွဲခံကြသတဲ့။ အဲဒီအချိန်မှာပဲ အိမ်နှင့်အဝေး လယ်ကွင်းပြင်ထဲမှာ

ကြိုးစား အလုပ်လုပ်နေတဲ့သားကြီးက အိမ်ပြန်လာတယ်။ အိမ်နှင့် ကပ်လာတော့ အိမ်မှာဂီတ သံတွေ၊ ရယ်သံတွေကြားရတော့ ဘာဖြစ် နေတာလဲဆိုပြီး အတော်အံ့ဩသတဲ့ဗျာ။အဲဒီမှာ အိမ်က အစေခံ တစ်ဦးကိုခေါ်ပြီး အကျိုးအကြောင်းကို မေးလိုက်ပါတယ်။ "သခင်လေးရဲ့ ညီလေးပြန်ရောက်လာလို့ သခင်ကြီးက သူ့အဘို့ ကျွန်တော် တို့မွေးမြူ ထားတဲ့နွားအဝဖြိုးဆုံးကိုသတ်ပြီး ပွဲသဘင်ကျင်းပနေတာပါ"လို့ ပြန်ပြော လိုက်တယ်။ အစ်ကိုကြီးဖြစ်သူက ဒေါသထွက်သွားပြီး အိမ်ထဲကို ဝင်ဖို့ငြင်းလိုက်သတဲ့။ သူ့ဖခင်ကြီးက ထွက်လာပြီး အိမ်ထဲသို့ဝင်ပြီး ပွဲထဲ ပါဝင်ဖို့ခေါ်သတဲ့။ "မဝင်ဘူးအဖေ။သားဟာအဖေ့အတွက် တစ်နှစ် လုံးကြိုးစားပြီး လုပ်ခဲ့ပါတယ်။အဖေခိုင်းသမျှ လုပ်ခဲ့ပါတယ်။ တစ်ခါမှ အဖေ့ရဲ့ဆန္ဒကို မနာခံပဲ မရှိခဲ့ပါဘူးအဖေ။ ဒါပေမဲ့ သားကျတော့ ဒီလိုပွဲမျိုး တစ်ခါမှ မခံစားရဖူးဘူးအဖေ။ သားရဲ့သူငယ်ချင်း များနှင့်အတူ ပျော်ပျော် စား ဖို့ ဆိတ်တစ်ကောင်တောင်မရခဲ့ဖူးပါဘူးအဖေ။ဒါပေမဲ့. . အဖေ့ရဲ့သား၊ အဖေ့ရဲ့ပိုက်ဆံကိုမြို့ထဲကမိန်းကလေးတွေနှင့်အတူ ဖြုန်းခဲ့တဲ့သား မိုက်ရဲ့ပြန်လာတဲ့ပွဲမှာတော့ အဖေကအဝ ဆုံးနွားကိုသတ်ပြီး ပွဲခံပေးတယ် ဖေဖေ"လို့ ပြစ်တင်လိုက်သတဲ့။အဲဒီမှာသူ့အဖေက "ငါ့သား၊သားဟာ အဖေ့ အပေါ်မှာသစ္စာရှိရှိနှင့် အတူရှိနေပြီး တာဝန်ကျေပွန်ခဲ့တာအဖေသိပါတယ်။ သားကိုအဖေ သိပ်ချစ်တယ်ဆိုတာလည်းယုံပါကွာ။ ငါပိုင်သမျှအရာ အားလုံးဟာ မင်းဟာပါပဲ။ ဒါပေမဲ့. . မင်းညီအတွက် သူပြန်လာလို့ ပွဲခံပေးတာပါပဲ။အဲဒါမင်းနားလည်ပေးမှပေါ့။ သူဟာအရင်က သေဆုံးပြီး အခုပြန်ရှင် လာသလိုပဲလေ။ မဟုတ်ဘူးလားသား. . . ။ အရင်ကသူဟာ အဖေတို့ဘဝကနေ ပျောက်ဆုံးခဲ့တယ်။ ဒါပေမဲ့ အခုပြန်တွေ့ရပြီ

မဟုတ်လား”ဆိုပြီး အဖေကသားကြီးကိုရှင်းပြသတဲ့။ ပုံပြင် ကတော့ဒါပဲဗျ။ (သူကပြုံးလျက် ပုံပြင်ထဲကအဖေလို သူ့လက်ကိုဆန့်ပြီး ကျွန်တော့်ကို ဖက်လိုက်တယ်။)

ဒါဆို၊ ဆရာဆိုလိုချင်တာက ဘုရားသခင်ဟာ ပုံပြင်ထဲကဖခင်လို အပြစ်သားများကိုခွင့်လွှတ်တဲ့ဘုရားဖြစ်တယ် ဆိုတဲ့သဘောပေါ့။

(သူကပြုံးလျက်နေပါတယ်)

## ခွင့်လွှတ်ရန်လိုအပ်ခြင်း

ဆရာ့ရဲ့တရားဟောချက်တွေ၊ ဥပမာတော်တွေကို ကြည့်တော့ ခွင့်လွှတ်ခြင်းသဘောဟာ ဆရာ့ရဲ့အစိက သွန်သင်ချက်လို့ ထင်ရသဗျ။ အဲဒါဟုတ်ပါသလားခင်ဗျ။

(ခေါင်းညိတ်ရင်း)ခင်ဗျားကိုပြစ်မှားတဲ့သူကိုခွင့်လွှတ်ရင် ခင်ဗျားပြစ်မှားတဲ့အခါမှာ ကောင်းကင်ဘုံမှာရှိတဲ့ ဘုရားသခင်က ခင်ဗျားကို လည်းခွင့်လွှတ်လိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားကသူများကို ခွင့်မလွှတ်ဘူးဆိုရင် ဘုရားသခင်ကလည်း ခင်ဗျားကိုခွင့်လွှတ်မှာ မဟုတ်ပါဘူး။ အဲဒီသဘော တရားရှိတဲ့ ပုံပြင်တစ်ပုဒ်လည်းရှိပါတယ်။

ဟုတ်ကဲ့၊ပြောပြပါဦး။

တစ်နေ့၊ရှင်ဘုရင်တစ်ပါးဟာ သူ့ရဲ့ဘဏ္ဍာငွေကို စစ်ကြည့် လိုက်တော့ သူ့ရဲ့ဝန်ထမ်း မန်နေဂျာတစ်ဦးဟာ ဒေါ်လာသန်း(၂၀)ကျော် အကြွေး ရှိတာ သိရသတဲ့။ ဒီအခါမှာ ရှင်ဘုရင်က အဲဒီအကြွေးရှိသူကို ခေါ်ပြီး အကြွေးဆပ်ဖို့ပြောသတဲ့။ အကြွေးသမားကသူ့မှာဆပ်စရာ ငွေမရှိ ကြောင်းပြော ပြသတဲ့ဗျာ။ ဒီတော့ ရှင်ဘုရင်က အဲဒီလူရယ်၊ သူ့မိသားစု အားလုံးရယ်နှင့် သူပိုင်သမျှအရာအားလုံးကို အကြွေးအတွက် သိမ်းပိုက်ဖို့ ငယ်သားတွေကို အမိန့်ပေးလိုက်တယ်။ အဲသမှာ အကြွေးသမားက ဒူးထောက် တောင်းပန်ပြီး "အရှင်မင်းကြီး၊အကြွေးရှိသမျှကိုဆပ်ပါမယ်။

ထပ်ပြီး အချိန်ပေးပါ" လို့ တောင်းပန်သတဲ့။ အဲဒီအခါမှာ ရှင်ဘုရင်က သူ့ကိုသနားပြီး အကြွေးအားလုံးကို ခွင့်လွှတ်လိုက်တယ်တဲ့ဗျာ။အဲဒီအကြွေး လွှတ်ခြင်းခံရတဲ့လူက ဘုရင့်နန်းတော်ထဲကနေထွက်ပြီး ဝန်ထမ်းများထဲက သူ့ဆီမှာဒေါ်လာ ၂၀၀၀မျှသာ အကြွေးရှိတဲ့ သူဆီကိုသွားပြီ "ငါ့ကိုတင်နေ တဲ့အကြွေးတွေပြန်ပေး"ဆိုပြီး တောင်းလိုက် သတဲ့။ အကြွေးတင် တဲ့လူကလည်း "ပေးပါ့မယ်။ ကျေးဇူးပြုပြီး အချိန်ထပ်ပေးပါလို့" တောင်းပန်ပြန်သတဲ့။ဒါပေမဲ့ အကြွေးရှင်မန်နေဂျာက အကြွေး သမားကိုခွင့်မလွှတ်ပဲ ထောင်ထဲမှာချလိုက်တယ်။ အဲဒီအဖြစ် အပျက်ကို တွေ့တဲ့ ရှင်ဘုရင့်အစေခံတစ်ချို့က ဒီအကြောင်းတွေကို ရှင်ဘုရင်ဆီ ပြန်တင်ပြ ကြတယ်။ ရှင်ဘုရင်က အဲဒီမံန်နေဂျာကိုခေါ်ပြီး"ဆိုးညစ်တဲ့ကျွန်၊ မင်းကငါ့ကိုတောင်းပန်တော့ ငါသနားသလို မင်းကလည်းမင်း ကို အကြွေးတင်တဲ့လူကို သနားသင့်တယ်မဟုတ်လား" လို့ဆိုပြီး ဒေါသအရမ်းထွက်တာကြောင့် အကြွေးမဆပ်မီတိုင်အောင် အဲဒီအကြွေး တင်နေတဲ့မန်နေဂျာကို ထောင်ထဲချလိုက်တယ်"ဆိုတဲ့ ပုံပြင်ပဲခင်ဗျ။

**ဒီတော့....ဒီပုံပြင်ရဲ့သင်ခန်းစာက**

မင်းကိုပြစ်မှားတဲ့လူကို မင်းရဲ့အတွင်းနှလုံးသားထဲကနေ ခွင့်မလွှတ်ရင် ငါ့အဘကလည်း. . . သင်တို့ကိုခွင့်လွှတ်မယ်မဟုတ်။

**ဆရာပြောသလို၊ခွင့်လွှတ်ခြင်းခံရလို့သူတစ်ပါးကိုခွင့်လွှတ်တတ်တဲ့နှလုံးသား ပိုင်ရှင်မို့ဆရာကြုံဘူးသလားခင်ဗျ။**

တစ်ခါက ဖာရိရှဲတစ်ယောက်က ကျုပ်ကိုညစာစားဖို့ဖိတ်သဗျ။ ကျုပ်ကလည်း သူ့ဖိတ်ကြားချက်ကိုလက်ခံပြီး သူ့ဆီလိုက်သွားခဲ့တယ်။

ကျုပ်တို့ထမင်းအတူစားနေတုန်း အမျိုးသမီးတစ်ဦးက ဝင်လာတယ်။ အဲဒီအမျိုးသမီးကမြို့ထဲမှာအတော်နာမည်ပျက်ပြီး ဂုဏ်သိက္ခာမရှိတဲ့သူပေါ့။ ကျုပ်ကဒီဖာရိရှဲအိမ်မှာ ထမင်းစားမှန်းသိလို့ ကျုပ်နှင့်တွေ့ဆုံဖို့ဆုံးဖြတ်ပြီး လာတာတဲ့ဗျာ။ သူကကျုပ်တို့ရှိတဲ့အခန်းထဲကိုဝင်လာပြီး သူနှင့်အတူ အမွှေးနံ့သာပုလင်းလည်းယူလာသဗျ။ သူကျုပ်နားမှာဒူးထောက်ပြီး ငိုပါလေရော။ သူ့ရဲ့မျက်ရည်တွေဟာ ကျုပ်ရဲ့ခြေထောက်ပေါ် ကျလာတယ်။ ပြီးတော့ သူ့ရဲ့မျက်ရည်တွေနှင့် ကျုပ်ခြေကိုဆေးပေးပြီး သူ့ဆံပင်ရှည်ကြီးနှင့် သုတ်ပေးလိုက်လေရဲ့ကွာ။ ကျုပ်ခြေကိုနမ်းပြီး အမွှေးနံ့သာနှင့်သုတ်လိမ်းပေးလိုက်တယ်။

ဖာရိရှဲကြီးကဘာထင်သွားသလဲ၊ဘာများပြောခဲ့သတုန်း။

သူ့စိတ်ကိုကျုပ်ရိပ်မိတာပေါ့။ သူ့စိတ်ထဲမှာ ကျုပ်ကို သံသယဝင်နေသဗျ။ "ဒီလူဟာ ပရောဖက်အစစ်အမှန် မဖြစ်နိုင်ဘူး ဆိုတာကို သေချာတာပဲ။ သူသာပရောဖက်မှန်ရင် ဒီအမျိုးသမီးဟာ ဘယ်လိုအမျိုးသမီးဖြစ်တယ်ဆိုတာသိရမှာပဲ"ဆိုပြီး စဉ်းစားနေတယ်ဒီတော့ ကျုပ်က "ရှိမုန်၊ငါမင်းကိုပြောပါရစေ"လို့ သူ့ကိုပြောတော့ "ပြောပါ"လို့ သူကပြန်ပြောလိုက်သဗျ။ ဒီတော့ကျုပ်ကသူ့ကို ပုံပြင်လေးတစ်ပုဒ် ပြောပြ လိုက်တယ်။ အဲဒီပုံပြင်ကတော့. . . .

"လူတစ်ယောက်မှာ သူ့ကိုကြွေးတင်နေတဲ့လူနှစ်ယောက်ရှိသတဲ့။ ပထမလူက သူ့ကိုဒေါ်လာတစ်သောင်းကြွေးတင်ပြီး နောက်တစ်ယောက် ကတော့ ဒေါ်လာတစ်ရာပဲ အကြွေးတင်သဗျ။ အဲဒီနှစ်ယောက်စလုံးက အကြွေးကိုမစပ်နိုင်ကြတော့ သူတို့နှစ်ယောက်စလုံးကိုခွင့်လွှတ်ပြီး အကြွေးလွှတ်ငြိမ်းဖို့ အကြွေးရှင်ကဆုံးဖြတ်လိုက်တယ်"ဆိုတဲ့ပုံပြင်ပေါ့။

အဲဒီနောက်ရှိမုန်ကို "အဲဒီလူနှစ်ဦးထဲက ဘယ်သူဟာ အကြွေးရှင်ကို ပိုပြီးကျေးဇူးတင်မယ်လို့ မင်းထင်သလဲရှိမုန်"လို့ ကျုပ်မေးလိုက်တယ်။ ရှိမုန်ကလည်း "အကြွေးပိုများတဲ့လူဟာပိုပြီးကျေးဇူး တင်မယ်လို့ထင်ပါတယ်"လို့ ပြန်ဖြေပါတယ်။

ကျွန်တော်လည်းအဲ့သလိုပဲဖြေမိမှာပဲ၊အဲသလိုပဲထင်တာဗျ။

(ခေါင်းညိတ်လျက်)"မင်းမှန်တယ်"လို့ ကျုပ်သူ့ကိုပြောပြီးနောက် အမျိုးသမီးဘက်ကို လှည့်ပြီးနောက် "ရှိမုန် ဒီအမျိုးသမီးကိုမြင်ပါသလား။ ငါမင်းအိမ် ကိုဝင်တော့ ငါ့ခြေဆေးဖို့ မင်းငါ့ကိုရေမပေးဘူး။ ဒါပေမဲ့ ဒီအမျိုးသမီးက သူ့မျက်ရည်နှင့်ငါ့ခြေကိုဆေးပြီး သူ့ဆံပင်နှင့် ခြောက်သွေ့ စေတယ်။ သုတ်ပေးတယ်။ ငါ့ကိုနမ်းဘို့မင်းမေ့သွားတယ်။ဒါပေမဲ့ ဒီအမျိုးသမီးက ငါ့ခြေကို အတန်တန်နမ်းသဗျ။ မင်းကငါ့ခြေကို ဆီနှင့် တောင်မလိမ်းပေးချင်ပေမဲ့ ဒီအမျိုးသမီးကတော့ အမွှေးနံ့သာနှင့် လိမ်းပေးလိုက်တယ်။ ဒီတော့ ငါမင်းကိုပြောပြချင်တာက သူမရဲ့ များပြားလှ သောအပြစ်တို့ကိုခွင့်လွှတ်ခဲ့ပြီ။ဒါကြောင့်သူဟာ များစွာဝမ်းမြောက်နေတာ။ ဒါပေမဲ့ တစ်ချို့လူတွေဟာ အနည်းငယ်သာ ခွင့်လွှတ်ခြင်းခံရလို့ နဲနဲဘဲဝမ်း မြောက်နေကြတယ်"လို့ သူ့ကို ပြောလိုက်ပါတယ်။

အဲဒီနောက်အမျိုးသမီးကဘာဖြစ်သွားလဲဗျ။

"မင်းရဲ့အပြစ် လွှတ်ခြင်းခံရပြီ"လို့ သူ့ကိုကျွန်တော်ပြောလိုက်ပါတယ်။ အဲဒီမှာ စားပွဲနားလူတစ်ချို့က "ဒီလူက သူ့ကိုယ်သူဘာထင်လို့ သူများရဲ့ အပြစ်ကိုခွင့်လွှတ်တယ်လို့ ပြောတာလဲ"ဆိုပြီး စိတ်ဆိုးသဗျ။ ကျုပ်ကတော့ အမျိုးသမီးဆီကိုပဲကြည့်ပြီး "သင်၏ ယုံကြည်ခြင်းသည် သင်ကိုကယ်ပြီ၊ ငြိမ်သက်စွာနေပါလော့"လို့ ပြောပြလိုက်တယ်ဗျ။

အိုင်မက်သစ်

## ယုံကြည်ခြင်း၏အရေးကြီးပုံ

ခင်ဗျားနောက်ဆုံးပြောသွားတဲ့ပုံပြင်မှာ အမျိုးသမီးရဲ့ ယုံကြည်ခြင်းက သူ့ကိုကယ်တင်တယ်လို့ဆိုခဲ့တယ်၊ ရှေ့မှာလည်း အနာရောဂါငြိမ်းဖို့ ယုံကြည်ခြင်းဟာ အခရာကျတယ်လို့ ခင်ဗျားပြောခဲ့တယ်၊ ဒီတော့ ယုံကြည်ခြင်းနှင့်ပတ်သက်လို့ အသေးစိတ်ရှင်းပြနိုင်မလား၊ ပြီးတော့ ယုံကြည်ခြင်းဟာ လူတစ်ဦးရဲ့ဘဝအပေါ် ဘယ်လိုအကျိုးသက်ရောက်နိုင်တယ်ဆိုတာကို ပေါ့ဗျာ၊

ကျုပ်တပည့်တွေကိုပြောပြခဲ့ဘူးသလိုပေါ့ဗျာ။ တကယ်လို့မင်းမှာ မုံညင်းစေ့ထက်သေးသော ယုံကြည်ချက်ရှိပြီး သံသယစိတ်နှလုံးမရှိဘူးဆိုရင် ဒီသံလွင်တောင်ကိုတောင်မှ "ရွှေ့ပါ"ဆိုရင်တောင် ရွှေ့နိုင်သဗျ။ ဒီတော့ မင်းမှာယုံကြည်ခြင်းရှိရင် ဘာမဆိုမဖြစ်နိုင်တာမရှိဘူးဗျ။

ခင်ဗျားဒီစကားကိုသူတို့ကိုဘယ်အချိန်မှာပြောပြတာလဲခင်ဗျ။ ခင်ဗျားမှတ်မိသေးလား။ အကြောင်းတစ်ခုခုရှိလို့ ပြောပြတာလား ခင်ဗျ။

(ခေါင်းညိတ်လျက်) သေချာကိုမှတ်မိတယ်ဗျာ။ ကျုပ်က တောင်ထိပ်ကိုသွားနေတဲ့ အချိန်ပေါ့။ ကျုပ်အနားမှာ ပေတရု၊ယောဟန်နှင့်ယာကုပ်တို့သုံးယောက်ပါတယ်ဗျ။ ဒီသုံးယောက်ကတော့ ကျုပ်ရဲ့တပည့်တွေထဲက အင်မတန် စိတ်အားထက်သန်တဲ့သူတွေပေါ့။ တောင်ထိပ်ကပြန်ဆင်းလာတော့၊ လူထုကြီးက ကျွန်တော်တို့ကို စောင့်နေတာတွေ့ရတယ်။ သူတို့နှင့်နီးလာတော့ လူအုပ်ထဲကနေ အမျိုးသားတစ်ယောက်ထွက်လာပြီး ကျုပ်ရှေ့မှာထူးထောက်လိုက်တယ်။ ပြီးတော့ "သခင်၊ကျွန်ုပ်သားကိုသနားခြင်းကရုဏာရှိပါ။ ကျွန်တော့်သားဟာဝက်ရူးနာစွဲပြီး ပြင်းစွာခံစားနေရပါတယ်။ မီးထဲကိုလည်း၊ အကြိမ်ကြိမ်လဲတတ်ပါတယ်။တပည့်တော်တို့ဆီကို ခေါ်သွားကြည့်ပေမဲ့ သူတို့ချမ်းသာမပေးနိုင်ပါ"လို့ တောင်းပန်တာဗျ။ အဲဒီမှာကျွန်တော်က တပည့်တွေဆီကို "ယုံကြည်ခြင်းမရှိ၊ဖောက်ပြန်သောအမျိုး၊ ငါသည်သင်တို့နှင့်တကွ အဘယ်မျှကာလပတ်လုံး၊နေရမည်နည်း။ အဘယ်မျှကာလပတ်လုံး သည်းခံရမည်နည်း"ဆိုပြီး အရင်ဆုံးဆူလိုက်ပါတယ်။ ပြီးတော့ကလေးငယ်ကို ကျွန်တော့်ဆီယူဆောင်ခိုင်းပြီး သူ့ကို နှောင့်ယှက်နေတဲ့နတ်ဆိုးကို နှင်ထုတ်လိုက်ပါတယ်။ အဲဒီကလေးကလည်း ကောင်းသွားတာပေါ့ဗျာ။ နောက်မှာကျုပ်တပည့်တွေကလာပြီး "သခင်၊ ကျွန်တော်တို့က ဘာကြောင့်အဲဒီနတ်ဆိုးကိုမနှင်ထုတ်နိုင်တာလဲ။"လို့ မေးလာသဗျ။

အဲဒီတော့သူတို့ကို ခင်ဗျားဘာပြန်ပြောလိုက်သလဲခင်ဗျ။
"မင်းတို့မှာတကယ်ယုံကြည်ခြင်းမရှိလို့ မနှင်ထုတ်နိုင်တာပေါ့"လို့ ပြန်ပြောလိုက်တယ်။

**အဲဒီအဖြစ်အပျက်ကသူတို့ကို အတော်စဉ်းစားဖြစ်စေမှာပဲဗျ။ ယုံကြည်ခြင်းနှင့်ပတ်သက်လို့ခင်ဗျားကြုံခဲ့တဲ့တခြားကိစ္စတွေရှိသေးလား။**

(ခဏရပ်ပြီး)တစ်ခါကကပေရနောင်မြို့မှာ ကျုပ်ရှိနေတုန်းကပေါ့။ ကျုပ်အကြောင်းကြားသူတဲ့ ရောမစစ်ဗိုလ်တစ်ဦးက ယုဒလူကြီးကိုယ်စားလှယ်တစ်ဦးကိုစေလွှတ်ပြီး သူတပည့်ထဲက သူချစ်မြတ်နိုးတဲ့ ကျွန်တစ်ဦးကိုကုသဖို့ ကျုပ်ကိုခေါ်ဖိတ်ခိုင်းသဗျ။ အဲဒီကျွန်ကလည်း အရမ်းဖျားပြီး သေလုမျောပါးဖြစ်နေတာ။ အဲဒီယုဒလူကြီးကလည်း စစ်ဗိုလ်ရဲ့ကိုယ်စား ကျုပ်ကိုတောင်းတောင်းပန်ပန်နှင့်လာပြောတယ်။ အနားကလူတွေကလည်း အဲဒီစစ်ဗိုလ်ဟာ ကျုပ်တို့လူမျိုးတွေနှင့်မိတ်ဆွေကောင်းတွေဖြစ်ကြောင်းနှင့် တရားဇရပ်တွေကို ဆောက်လုပ်ပေးတဲ့အကြောင်းပြောပြပြီး ကျွန်တော့ရဲ့အကူအညီကို အမှန်လိုအပ်နေကြောင်း ပြောပြကြတယ်။ ဒီတော့ကျုပ်လည်း အဲဒီအရာရှိနေတဲ့အိမ်ကိုသွားဖို့ ဆုံးဖြတ်လိုက်တယ်။ အဲသလိုသူ့ဆီကိုအသွားခရီးမှာ ရောမစစ်ဗိုလ်ရဲ့ ငယ်သားတစ်ချို့ကရောက်လာပြီး သူတို့စစ်ဗိုလ် မှာလိုက်တဲ့စကားကို ပြောလိုက်တယ်။ အဲဒီစစ်ဗိုလ်ပြောတာက "အိမ်အထိတိုင်၊ ကိုယ်တော် အရောက်လာပြီး ဒုက္ခခံဘို့မတောင်းဝံ့ပါဘူး။ ကိုယ်တော်ဟာ ကျွန်တော်ရဲ့ အိမ်မှာတည်းပြီးနေရလောက်အောင် ကျွန်ုပ်မထိုက်တန်ပါ။ ဒါကြောင့် ကိုယ်တော်ရှိနေတဲ့ အဲဒီအရပ်ကနေသာ ကိုယ်တော်နှုတ်မြွက်ပါက

ကျွန်ုပ်၏ကျွန်သည် ရောဂါပျောက်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ဟာ စစ်ဗိုလ်တစ်ယောက်ဖြစ်တဲ့အတွက် ငယ်သားများကိုခိုင်းလျှင် သူတို့သည်လုပ်၏။သွားဆိုလျှင်လည်းသွားပါ၏။ ရပ်ဆိုလျှင်လည်းရပ်ပါ၏။ အဲသလိုပင်ကိုယ်တော်သည် ရောဂါပျောက်စေဟုဆိုလျှင် ကျွန်ုပ်၏ ကျွန်သည်ရောဂါပျောက်ပါမယ်”လို့ ပြောခိုင်းသဗျ။အဲဒီအရာရှိစစ်ဗိုလ်ကို ကျွန်တော်သိပ်သဘောကျသွားတယ်။ အဲဒီမှာကျုပ်ကကျုပ်တပည့်တွေနှင့် နောက်ကပါလာတဲ့လူအုပ်ဘက်လှည့်ပြီး ကျုပ်တစ်သက်ဒီ လိုယုံကြည်မှုမျိုးကို ဣသရေလလူရော၊ တစ်ခြားလူမျိုးတွေကြားမှာ မတွေ့ဖူးဘူး”လို့ ပြောပြလိုက်ပါ။

**အဲဒီတော့အရာရှိစစ်ဗိုလ်ရဲ့ကျွန်ကတစ်ကယ်ရောဂါပျောက်ရောပဲလား။**

ဟုတ်တယ်။အဲသလိုပြောပြီး အရာရှိရဲ့ငယ်သားလည်း လှည့်ပြန်ရော၊ ရောဂါသည်က ကောင်းသွားတာဗျ။

**ယုံကြည်ခြင်းနှင့်ပတ်သက်လို့ ထူးခြားတဲ့ တခြားအတွေ့ အကြုံ ဆရာမှတ်မိတာ ရှိသေးရင်ပြောဦးဗျ။**

အဲဒီကပေရနောင်မြို့မှာပဲ ကျုပ်ရဲ့သူငယ်ချင်းတွေရဲ့အိမ်မှာ စကားပြောနေတုန်းပေါ့ဗျာ။ ကျုပ်စကားပြောတဲ့နေရာမှာ လူတွေစုဝေး လာကြပြီး အခန်းတွေက လူပြည့်လျှံသွားသဗျ။ လမ်းပေါက်တွေတောင် လူပြည့်ကြပ်နေတာဗျ။ မတ်တပ်ရပ်ပြီးနေရတဲ့အခန်းပေါ့နော်။ အဲဒီမှာ ကျွန်တော်တရားဟောနေတုန်း အိမ်ခေါင်မိုးပေါ်ကနေ အသံကြားရသဗျ။ အပေါ်ကိုမော်ကြည့်တော့ မျက်နှာကြက်က အပေါက်ပေါက်သွားတာကိုး။ အဲဒီမှာ လူလေးယောက်က အပေါက်တွေကိုဖောက်ပြီး အိပ်နေတဲ့

လူတစ်ယောက် ချလို့ရမယ့်အခြေအနေရောက်တော့ ရပ်ကြပြီး လူတစ်ယောက်ကို အပေါ်ကနေချလိုက်ကြတယ်။ အဲဒီလူက လက်ခြေသေနေတဲ့လူဗျ။ အဲဒီလူကိုကျုပ်ကို ကုခိုင်းစေချင်တာပေါ့ဗျာ။

**အဲဒီတော့ဘာတွေဆက်ဖြစ်လဲခင်ဗျ။**

သူတို့ရဲ့ယုံကြည်ခြင်းသဘောထားကိုတွေ့တော့ ကျွန်တော်အရမ်းစိတ်လှုပ်ရှားပြီး ချက်ချင်းဘဲ အဲဒီလူကို "ငါ့သား၊ သင်၏အပြစ်ကိုလွှတ်စေပြီ"လို့ ပြောလိုက်ပါတယ်။ ကျုပ်အဲသလို ပြောလိုက်တော့ လူအုပ်ထဲမှာရှိတဲ့ ကျမ်းတတ်ပုဂ္ဂိုလ်တွေအတွက် စဉ်းစားစရာတွေဖြစ်လာတာပေါ့။ မကောင်းဘူးပေါ့ဗျာ။ "ဒီလူဟာ ဘာကြောင့်ဒီစကားပြောတာလဲဗျ။ ခွင့်လွှတ်ခြင်းဟာ ဘုရားသခင်ပဲ ပေးပိုင်ခွင့်ရှိတာမဟုတ်လား။ အဲဒါဘုရားကိုစော်ကားတာပဲ"ဆိုပြီး သူတို့ကိုသူတို့ မေးခွန်းမေးနေကြသဗျာ။

**သူတို့ဆီကိုခင်ဗျားတစ်ခုခုပြောခဲ့သလား။**

"ကျုပ်ပြောဆိုခဲ့တဲ့စကားကို မင်းတို့ဘာကြောင့် တိုက်ခိုက်ချင်ကြတာလဲဗျ။ ဒီလက်ခြေသေနေတဲ့လူကို "သင့်အပြစ်လွှတ်ပြီနှင့် သင်ထလော့၊ ကိုယ့်အိပ်ရာကိုဆောင်၍လှမ်းသွားလော့"လို့ဆိုရင် ဘယ်ဟာကပိုလွယ်ပါသလဲ။ လူသားဟာ ဒီမြေကြီးပေါ်မှာ လွှတ်ပိုင်ခွင့်ရှိကြောင်း မင်းတို့သိအောင် ကျုပ်ပြောပြမယ်။ မင်းတို့သိအောင် ဒီ ထက်ခက်ခဲတဲ့ အလုပ်ကို ကျုပ်လုပ်ပြမယ်"လို့ သူတို့ကိုပြောပြီးလိုက်တာနဲ့ အဲဒီခြေလက်သေနေတဲ့လူဆီကိုလှည့်ပြီး "ထပါ။ မင်းရဲ့အိပ်ရာကိုထမ်းပြီး အိမ်ကိုပြန်ပါ မင်းရဲ့ အနာရောဂါငြိမ်းခြင်းခံရပြီ"လို့ ပြောလိုက်ပါတယ်။

**အဲဒီ့နောက်ဘာတွေဆက်ဖြစ်သေးလဲခင်ဗျ။**

**အိပ်မက်သစ်**

(မြုံးလျက်)အဲဒီလူနာကမတ်တပ်ရပ်ပြီး သူ့အိပ်ရာကို မလိုက်တယ်ဗျ။ သူ့ကိုကြည့် နေတဲ့လူထုက လမ်းဖယ်ပေးပြီး သူထွက်ခွာသွားတယ်။ အဲဒီမှာလူတွေက အံ့ဩပြီး ဝမ်းသာကြသဗျာ။ ချီးမွမ်းထောမနာပြုကြလေရဲ့ဗျာ။

**ကျွန်တော်တောင်အဲဒီမှာပါချင်မိတယ်ဗျာ။**

နောက်ထပ်ထူးခြားတဲ့ ယုံကြည်သူတစ်ယောက်ကရှိသေးတယ်။ သူကတော့(၁၂)နှစ်လုံးလုံး သွေးသွန်တဲ့ရောဂါရှိတဲ့ အမျိုးသမီးတစ်ဦးပါ။ ဆရာဝန်တွေအစုံဆီမှာ သူ့ရောဂါပြပြီးသွားပါပြီ။ ရောဂါပြလို့ပိုက်ဆံကုန်သွားတာပဲအဖတ်တင်ခဲ့တယ်။ ရောဂါတော့မပျောက်နိုင်ဘူးဗျ။ အဲဒီမှာ ကျုပ်ကအသည်းအသန်ဖျားနေတဲ့ ကလေးမလေးတစ်ဦးကိုသွားကုသဖို့ အသွားမှာ သူနှင့်တွေ့ရသပေါ့ဗျာ။ အဲဒီခရီးမှာ လူအုပ်ကြီးက ကျွန်တော့်နောက်ကိုလိုက်ကြတော့ လူအုပ်ထဲမှာ သူလည်းပါလာတယ်။ ကျုပ်လမ်းလျှောက်နေဆဲမှာ ကျုပ်ခန္ဓာကိုယ်ကနေ တန်ခိုးတွေထွက်သွားသလို ခံစားမိတယ်။ ကျုပ်အနီးက လူတွေဆီကို "ကျုပ်ဝတ်လုံကို ဘယ်သူထိသလဲ"လို့ မေးလိုက်တယ်ဗျာ။ အဲဒီမှာ တပည့်နှစ်ယောက်က "လူဒီလောက်အများကြီး လိုက်လာနေတာ။ ဘယ်သူက ကိုယ်တော့်ဝတ်လုံထိတယ်ဆိုတာ ပြောဖို့မဖြစ်နိုင်ပါဘူး"လို့ပြောကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သိတာပေါ့။ တစ်ယောက်ယောက်ကထိသွားတာပါ။ အဲဒီမှာ ကျွန်တော်မျက်စိတစ်ချက်ဝေ့ကြည့်လိုက်တာနှင့် အဲဒီအမျိုးသမီးကိုတွေ့လိုက်တယ်။ အဲဒီအမျိုးသမီးက အမှားတစ်ခုခုပြုမိသလို၊ ရှက်ကြည့်နေတဲ့ပုံ ရှိနေတယ်ဗျာ။ ဒီတော့ သူကကျုပ်ကိုချဉ်းကပ်ပြီး ထိမိတဲ့အတွက် တောင်းပန်းလိုက်တယ်။ ပြီးတော့ သူ့ရဲ့ဇတ်လမ်းကိုလည်း

ပြောပြလိုက်သဗျ။ သူကကျုပ်ရဲ့ဝတ်လုံကိုထိမိကိုင်မိရုံပါပဲ။ ကျွန်တော့ရဲ့ ဝတ်ရုံကို ထိမိကိုင်မိလိုက်ရုံနှင့် သူ့အနာရောဂါငြိမ်းသွားမယ်ဆိုပြီး သူယုံကြည်နေတာ။

**အဲဒီတော့ . . သူ တစ်ကယ်ပဲရောဂါပျောက်သွားခဲ့သလား။**

ပျောက်သွားတယ်။သွေးသွန်ရောဂါက ချက်ချင်းပျောက်သွားတယ်လို့ သူပြောခဲ့တယ်ဗျ။

**အံ့ဩစရာပါလားဗျ။ သူကံဝန်ခံတောင်းပန်တော့ ခင်ဗျားကဘာလုပ်ပေးလဲခင်ဗျ။**

"သမီး၊သမီးရဲ့ယုံကြည်ချက်က သမီးရဲ့ရောဂါကို ပျောက်ကင်းစေပါပြီ။ သွားပြီး စိတ်ချမ်းသာစွာနေပါတော့။ မင်းရဲ့ရောဂါ အစဉ်ထာဝရ ငြိမ်းချမ်းပါစေတော့"လို့ သူ့ကိုကျုပ်ပြောလိုက်ပါတယ်။

**ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ။**

ဒီလိုဇာတ်လမ်းတွေ အများကြီးရှိပါသေးတယ်ကွာ။

**အဲဒီဇာတ်လမ်းတွေ ပြောပြစေချင်တယ်ဗျာ။ ဆရာ့ဇာတ်လမ်းတွေက စာအုပ်တောင်ထုတ်လို့ရမှာပဲ။ ဒါပေမဲ့ အချိန်ကလည်း အလုံအလောက်မရသေးတော့ ခဏထားရအောင်။ ကျွန်တော်ထပ်ပြီးမေးချင်တာက လူတစ်ဦးရဲ့ဘဝမှာယုံကြည်ခြင်းက အနာရောဂါငြိမ်းဖို့အပြင် တခြားဘာတွေများဖြစ်စေနိုင်ပါသလဲ ဆိုတာပါပဲ။**

ယုံကြည်ခြင်းရှိတဲ့အခါမှာ ဆုတောင်းရာမှာလည်း ပိုပြီးထိရောက်ပါတယ်။

**ဒိုင်ယာက်သစ်**

ကောင်းပါပြီဗျာ။ ဆုတောင်းခြင်းကို နောက်မှထပ် **ဆွေးနွေး**ကြရအောင်။ အခုကျွန်တော် သိချင်တာက ဆုတောင်းခြင်း အပြင် တခြားကြုံတွေ့ရတဲ့ ယုံကြည်ခြင်းအကြောင်းတွေပါဗျ။

"ကောင်းကင်နိုင်ငံတော် အကြောင်းကိုဟောပြောလို့ကြားနာပြီး ယုံကြည်လို့ ဗတ္တိဇံခံတဲ့လူတိုင်းဟာ ကယ်တင်ခြင်းရကြပါတယ်။ တစ်နည်းပြောရရင်တော့ မယုံကြည်သူတွေဟာ ငြင်းပယ်ခြင်းခံရပါမယ်။ (ခဏရပ်နားပြီး)ပြောရင်းဆိုရင်းနှင့် နိကောဒင်ဆိုတဲ့လူကို သွားသတိ ရမိတယ်။ သူနှင့်ကျုပ်စကား အပြန်အလှန်ပြောဆိုခဲ့တာတွေက ယုံကြည်ခြင်းနှင့်ပတ်သက်သဗျ။ သူ့အကြောင်းပြောပြမယ်နော်။

**ကောင်းတာပေါ့ဗျာ။**

နိကောဒင်ကတော့ ဖာရိရှဲတစ်ယောက်ပေါ့။ ပြီးတော့သူက (စန်ဟယ်ဒီရင်)အဖွဲ့ဝင်တစ်ဦးပေါ့။ တစ်ညမှာ သူက ကျုပ်နှင့်စကားပြော လို့ရအောင်ဆိုပြီး ကျုပ်တည်းတဲ့နေရာကိုလာသဗျ။ သူက "ရဗိ၊ဆရာ၊ ဆရာဟာ ဘုရားသခင်က ကျွန်တော်တို့ဆီကို စေလွှတ်တဲ့လူဖြစ်ကြောင်း လူတိုင်းသိပါတယ်။ ဆရာလုပ်ပြတဲ့အံ့ဩဖွယ်နိမိတ်တွေလည်း ဘုရားမပါရင် ဘယ်သူမှမလုပ်နိုင်ခဲ့ပါဘူး"လို့ လာပြောပါတယ်။ သူ့ကိုကြည့်လိုက်တာနှင့် သူဘာပြောချင်မှန်း ကျုပ်သိနေတာနဲ့ သူ့ကို "ငါအရှိုးသား ဆုံးနှင့်အမှန်ကန်ဆုံးပြောချင်တာက မင်းဟာ နောက်တစ်ခါမမွေးဖွားရင် ကောင်းကင်နိုင်ငံတော်ကို ဝင်စားခွင့်ရမှာမဟုတ်ဘူး"လို့ ပြောလိုက် ပါတယ်။ အဲဒီမှာသူက "ဘယ်လိုလို့ဖြစ်နိုင်မလဲဗျာ။ အသက်ကြီး ပြီးသားလူဟာ ဘယ်လိုလို့ တဖန်မွေးဖွားလို့ရမလဲ လူတစ်ယောက်ဟာ သူ့မိခင်ဗိုက်ထဲပြန်ဝင်ပြီး ပြန်မွေးဖွားဖို့ ဆရာပြောနေသလားဗျာ"လို့

သူကစောဒကတက်ပါတယ်။ ကျုပ်ကလည်း "သေချာနားထောင်ပါဦး" ဒါကသိပ် အရေးကြီးသဗျ။ လူတစ်ယောက်ဟာ ခန္ဓာရုပ်အားဖြင့် မွေးဖွား သလို ဝိဉာဉ်ရေးရာမှာ အသစ်တစ်ဖန် မမွေးဖွားရင် သူဟာကောင်းကင်နိုင်ငံ ကို မဝင်ရဘူး။ မြေကြီးရုပ်ခန္ဓာဟာ မြေကြီးမှလာပြီး ဝိဉာဉ်သည် ဝိဉာဉ်မှလာတယ်။ အသစ်တဖန်မွေးဖွားပြီးအကြောင်း ကျုပ်ပြောတာကို အံ့ဩတွေဝေခြင်းမဖြစ်မိပါနှင့်။ မင်းရဲ့ဝန်းကျင်မှာ လေတိုက်တာကို စဉ်းစားကြည့်ပါ။ အဲဒီလေကိုခင်ဗျား မြင်နေရလို့လား။ ဘယ်သွားလို့ ဘယ်ကလာတယ်ဆိုဘာ သိနိုင်ရဲ့လား။ ခင်ဗျားမသိနိုင်မမြင်နိုင်ပါဘူး။ ဒါပေမဲ့တိုက်နေတဲ့အသံတော့ ကြားရသဗျ။ ဝိဉာဉ်ရေးမှာ အသစ်မွေးဖွား ခြင်းဟာလည်း အဲသလိုပါပဲ။ အသေးစိတ်ရှင်းပြနိုင်ဘို့ ခက်ပေမဲ့လို့ အကျိုးသက်ရောက်မှုကိုတော့ ပြောလို့ရသဗျ"လို့ သူ့ကိုကျုပ်ရှင်းပြ လိုက်ပါတယ်။

**ဒီကိစ္စကတော့ရှင်းပြရခက်မယ့်ကိစ္စလို့ကျွန်တော်မြင်ပါတယ်။**

နိကောဒင်ကလည်း "ဘယ်လိုမွေးဖွားရမယ်ဆိုတာ ကျွန်တော် မသိနိုင်ပါ"လို့ပြောခဲ့တယ်ဗျ။ ကျုပ်ကလည်း "သင်ဟာဣသရေလ လူမျိုးထဲမှာ ဓမ္မဆရာဖြစ်လျက်ပင် ဒီအမှုကိစ္စကို မသိလေသလား။ ငါအမှန်အကန်ပြောတာက ငါဟောတဲ့တရား၊ငါပြောတဲ့အရာတွေဟာ ငါသိလို့ ဟောတာမြင်လို့ ပြောတဲ့ကိစ္စတွေပါဗျ။ ဒါပေမဲ့ မင်းတို့က ငါဟောတာထွေကို မယုံကြည်ချင်ကြဘူး။ ဒီလိုလောကီအရာကို ဟောပြ တာကို မင်းတို့မယုံကြရင် လောကုတ္တရာဖြစ်တဲ့ ကောင်းကင်နိုင်ငံ အကြောင်းကို ဘယ်လိုယုံကြည်နိုင်ကြမလဲ။ ကောင်းကင်နိုင်ငံအကြောင်းကို

ကောင်းကင်နိုင်ငံမှာနေဖူးပြီး" လောကကိုဆင်းသက်လာသောလူထက် ဘယ်သူမှမပြောနိုင်ပါဘူး။ အဲဒီလူကလည်း ကျုပ်ပဲဗျ။ ရှေးခေတ် ကသဲကန္တာရထဲမှာ မောရှေကကြေးဝါမြွေရုပ်ကိုထောင်ပြီး ကြည့်တဲ့လူတိုင်း အသက်ချမ်းသာရကြသလို။ လူသားဖြစ်တဲ့ငါ့ကိုလည်း သစ်တိုင်ပေါ်မှာ မြောက်စားကြပါမယ်။ ကျုပ်ကိုယုံကြည်တဲ့လူ တိုင်းဟာလည်း ထာဝရ အသက်ရပြီး ပျက်စီးခြင်း ခံရတော့မှာမဟုတ်ဘူး။ အကြောင်းက ဘုရားသခင်ဟာ လူတွေကိုချစ်လွန်းလို့ ကယ်တင်ဖို့သူ့ရဲ့တစ်ပါးတည်း သောသားတော်ကို ဒီလောကကို စွန့်ခဲ့ရှာပါတယ်။ အဲဒါကိုယုံကြည်သော သူဟာ ပျက်စီးခြင်းမခံရပါဘူး။ ဒါပေမဲ့ မယုံကြည်သူတွေကျတော့ ပျက်စီးခြင်းခံရပါမယ်"လို့ သူ့ကိုရှင်းပြပါတယ်။ (အကြာကြီးရပ်ပြီး.. တိတ်ဆိတ်နေပါတယ်။)

**ဒီလိုဆိုတော့ လူတစ်ဦးရဲ့ဘဝမှာ ယုံကြည်ခြင်းဟာ သိပ်ပြီးအရေးကြီးတယ်ပေါ့နော်။ အတော်ကိုအခရာကျတဲ့ ယုံကြည်ခြင်းပဲဗျာ။**

ကျွန်တော့်ကိုယုံကြည်တဲ့လူဟာ ကျွန်တော့်ကိုသာယုံကြည်ရာ မရောက်ပါဘူး။ ကျွန်တော့်ကိုစေလွှတ်တဲ့လူကိုပါ ယုံကြည်ရာရောက် ပါတယ်။ ကျွန်တော့်ကိုမြင်သောသူဟာလည်း ကျွန်တော့်ကို စေလွှတ်သော သူကို မြင်ရာလည်းရောက်ပါသဗျ။ငါ့ကိုယုံကြည်တဲ့လူဟာ မှောင်မိုက်လောကမှာ မနေရအောင် ကျွန်တော်ဟာအလင်းအဖြစ် ဒီလောကကို ကြွလာခဲ့ပါတယ်။ ဒါပေမဲ့... ကျွန်တော့်စကားကို ကြားသော်လည်း မယုံကြည်လျှင်လည်းသူ့ကို အပြစ်မစီရင်ပါဘူး... ကျွန်တော်ဒီလောကကိုကြွလာတာက လောကီသားတွေကိုကယ်ဖို့

သက်သက်ပဲဗျ။ သို့သော်လည်းပဲ ကျွန်တော့်စကားကို နားမထောင်တဲ့လူဟာ နောက်ဆုံးမှာ စီရင်မယ့်အချိန်ရှိလာလိမ့်မယ်။ ဘာပြုလို့လဲဆိုရင် . . . အခု ကျွန်တော်ဟောတာတွေဟာလည်း ကျွန်တော်ဟောချင်တိုင်း လျှောက်ဟောတာမဟုတ်ဘူး။ ခမည်းတော်ဟောခိုင်းတဲ့အတိုင်းဟောတာဗျ။ အဲဒီခမည်းတော်ဟောပြောခိုင်းတဲ့စကားတော်တွေဟာ ထာဝရအသက်ရရာစကားဖြစ်လို့ . . သူဟောပြောခိုင်းတဲ့အတိုင်း ဟောပြောခဲ့ခြင်း ဖြစ်ပါတယ်။

**ဒါဆိုခင်ဗျားဟာဘုရားသခင်ရဲ့ကိုယ်စားလှယ်တော်ပေါ့နော်။**

ဖခမည်းတော်နှင့်ကျွန်တော်ဟာ တစ်လုံးတစ်ဝတည်းရှိနေပါတယ်။ တကယ်လို့ ကျွန်တော့်ကိုမြင်ရင် ဖခမည်းတော်ကိုမြင်တာနှင့်အတူတူပါပဲ။ ကျွန်တော်ဟာ ခမည်းတော်၌တည်၍ ခမည်းတော်သည် ကျွန်ုပ်၌တည်ကြောင်းကို ပြောသောအခါနှင့် ငါ၏အပြုအမူ အံ့ဖွယ်များကြောင့် လူတွေဟာကျွန်တော့်ကို ယုံကြည်ကြပါလိမ့်မယ်။ ဒါပေမဲ့ . . ကျွန်တော်ခင်ဗျားကိုပြောချင်တာက ကျွန်တော့်ကိုယုံကြည်သောလူတိုင်းဟာ ကျုပ်ပြုတဲ့အမှုအတိုင်း လုပ်ဆောင်နိုင်ရမယ်ဆိုတာပဲဗျ။

**အင်း. . . စဉ်းစားဝေခွဲစရာတွေအများကြီးပဲဗျာ။**

(ခေါင်းညိတ်နေလျက်)

## ဆုတောင်းခြင်း

**အိုဇာ . . အခုကျွန်တော်တို့ ဆုတောင်းခြင်းအကြောင်း ဖက်ကို ဆွေးနွေးကြရအောင်ဗျာ။ အခုနကဆွေးနွေးခဲ့တဲ့အကြောင်းပေါ့။ မေးျင်တာကတော့ ဆုတောင်းခြင်းအကြောင်းကို ဆရာ့ရဲ့ တပည့်တော်တွေကို ဘယ်လိုဘယ်ပုံ သွန်သင်ခဲ့သလဲပေါ့။**

တစ်နေ့ ကျူပ်ဆုတောင်းပြီးချိန်မှာ သူတို့ကကျူပ်ဆီကိုဝိုင်းလာပြီး "သခင်ဗတ္တိဇံဆရာယောဟန်က သူ့တပည့်တွေကို ဘယ်လိုဆုတောင်း ရမယ်ဆိုတာ သွန်သင်ခဲ့ပါတယ်။ သခင်ကရောကျွန်တော်တို့ကို ဆုတောင်းတတ်အောင် သွန်သင်ပေးလို့ရမလား"လို့ တောင်းဆိုလာကြ ပါတယ် ဒီတော့ကျွန်တော်ကတော့ "မင်းတို့ဆုတောင်းတဲ့အခါ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော် အားရိုသေလေးမြတ်ခြင်း ရှိပါစေသောဝ်။ နိုင်ငံတော် တည်ထောင် ပါစေသောဝ်။ အလိုတော်သည် ကောင်းကင် ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီး၌မှာလည်းပြည့်စုံပါစေသောဝ်။ အသက်မွေးလောက်သော အစာကိုကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ။ သူတစ်ပါးသည် ကျွန်ုပ်တို့အား ပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့လွှတ်သကဲ့သို့

## ဆုတောင်းခြင်း

**အိုကေ . . အခုကျွန်တော်တို့ ဆုတောင်းခြင်းအကြောင်း ဖက်ကို ဆွေးနွေးကြရအောင်ဗျာ။ အခုနကဆွေးနွေးခဲ့တဲ့အကြောင်းပေါ့။ မေးချင်တာကတော့ ဆုတောင်းခြင်းအကြောင်းကို ဆရာ့ရဲ့ တပည့်တော်တွေကို ဘယ်လိုဘယ်ပုံ သွန်သင်ခဲ့သလဲပေါ့။**

တစ်နေ့ ကျုပ်ဆုတောင်းပြီးချိန်မှာ သူတို့ကကျုပ်ဆီကိုဝိုင်းလာပြီး "သခင် ဗတ္တိဇံဆရာယောဟန်က သူ့တပည့်တွေကို ဘယ်လိုဆုတောင်းရမယ်ဆိုတာ သွန်သင်ခဲ့ပါတယ်။ သခင်ကရောကျွန်တော်တို့ကို ဆုတောင်းတတ်အောင် သွန်သင်ပေးလို့ရမလား"လို့ တောင်းဆိုလာကြပါတယ်။ ဒီတော့ကျွန်တော်ကတော့ "မင်းတို့ဆုတောင်းတဲ့အခါ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော် အားရိုသေလေးမြတ်ခြင်း ရှိပါစေသောဝ်။ နိုင်ငံတော် တည်ထောင်ပါစေသောဝ်။ အလိုတော်သည် ကောင်းကင် ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်းပြည့်စုံပါစေသောဝ်။ အသက်မွေးလောက်သော အစာကို ကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ။ သူတစ်ပါးသည် ကျွန်ုပ်တို့အား ပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့လွှတ်သကဲ့သို့

ကျွန်တော်တို့၏ အပြစ်များကိုလွှတ်တော်မူပါ။ အပြစ်၏သွေးဆောင်ရာသို့ မလိုက်မပါစေပဲ မကောင်းသောအမှုတို့မှ ပယ်ရှားတော်မူပါ”လို့ သွန်သင်ခဲ့ပါတယ်။

**လူတွေအနေနှင့်ကော ဆုတောင်းတဲ့အခါမှာ ဘာတွေကို လိုက်လျှောက်သင့်သလဲ ခင်ဗျ။**

ဘုရားသခင်အပေါ်ကို လုံးဝယုံကြည်မှုရှိရပါမယ်။ နှလုံးသားထဲကနေ သံသယရှိပြီး ဆုတောင်းတာတွေ မပြုသင့်ဘူး။ ဆုတောင်းတဲ့အခါတိုင်းမှာရရမယ်လို့ ယုံကြည်မှုရှိရပါမယ်။

**ဆုတောင်းတဲ့အခါမှာ ဘုရားသခင်အပေါ် ယုံကြည်မှုရှိတဲ့ အပြင် တခြားစိတ်နေသဘောထားတွေရော ဘယ်လိုရှိသင့်ပါသလဲ ခင်ဗျ။**

ခင်ဗျား ဆုတောင်းတော့မယ်ဆိုရင် တစ်စုံတစ်ဦးအပေါ် မကျေမနပ်တာတွေ၊ အခဲမကျေတာတွေ ရှိခဲ့ရင် အဲဒီခံစားချက်ကို အရင်ဖြေလိုက်ပါ။ ခွင့်လွှတ်ပြီးပြီဆိုမှ ဆုတောင်းပေါ့ဗျာ။

**ဟာ ခွင့်လွှတ်ခြင်းအကြောင်းကလာပြန်ပြီပေါ့။**

ဒါပေါ့။ ခွင့်လွှတ်ခြင်းကအခရာပဲ။

**ဒါဆို လူတစ်ဦးကဆုတောင်းတဲ့အခါမှာ ဘယ်လောက်ပဲ တောင်းရမယ်ဆိုပြီးတော့ ကန့်သတ်ချက်များရှိသလားခင်ဗျ။**

သင်တို့ဟာငါ့ကိုသိပြီး ငါ့အလိုတော်အတိုင်း အသက်ရှင်လို့ ငါ့နာမကိုအမှီပြုပြီး ဆုတောင်းမယ်ဆိုရင်တော့ တောင်းတဲ့အတိုင်းရပါမယ်။ ငါ့နောက်လိုက်နှစ်ဦးတို့ဟာ သဘောတူပြီး ဆုတောင်းမယ်ဆိုရင်

ကောင်းကင်ဘုံက ကျုပ်အဘက သူတို့တောင်းတဲ့အတိုင်း ပေးသဗျ။ ဘာကြောင့်လဲဆိုတော့ နှစ်ယောက်၊ သုံးယောက်စုပြီး ငါ့နာမကို အမှီပြုတဲ့လူတွေထဲမှာ ကျုပ်ကရှိနေတာဗျ။

**ဆုတောင်းဖို့ မသေချာတဲ့လူတွေ၊ မဝံ့မရဲတဲ့လူတွေ အတွက်ရော ဘယ်လိုရှိမလဲခင်ဗျ။**

ဘာကြောင့်မဝံ့ရဲကြတာတုံး။ ဆုတောင်းကြပါ။ တောင်းရင် ပေးပါမယ်။ တံခါးခေါက်ကြပေါ့။ ခေါက်ရင်ဖွင့်တာပဲမဟုတ်လား။ ပစ္စည်းပျောက်လို့ရှာရင် ပြန်တွေ့တာပဲမဟုတ်လားဗျာ။ သတိရဖို့ ပြောရဦးမယ်။ ဒါကို ဆင်ခြင်ကြကွာ။ ကလေးတစ်ယောက်က သူ့အဖေဆီကို ပေါင်မုန့်တောင်းတဲ့အခါမှာ သူ့အဖေက ကျောက်ခဲကို ပေးပါ့မလား။ ကလေးကငါးကို တောင်းတဲ့အခါမှာရော သူ့အဖေကမြွေကို ပေးမလားဗျ။ မပေးဘူးလေ။ လောကီလူသားတွေ၊ အပြစ်ရှိတဲ့လူတွေ တောင်မှ သားကိုအဲသလောက်ဂရုစိုက်နေတယ်ဆိုရင် ကောင်းကင်ဘုံမှာ ရှိတဲ့ အဖ၊ ဘုရားသခင်ဟာ ပိုလို့တောင်ဂရုစိုက်နေမယ်ဆိုတာ ယုံကြည်လို့ မရပေဘူးလားဗျာ။

**ဟုတ်လိုက်လေဗျာ။**

နောက်ထပ်အရေးကြီးတဲ့ အချက်တစ်ခုက ကိုယ့်ရဲ့ဆုတောင်း ချက်ကို အဆက်မပြတ်တောင်းဘို့။ မရမချင်း အလျှော့မပေးရဘူး။ ဒီကိစ္စနှင့်ပတ်သက်လို့ ကျုပ်ရဲ့တပည့်တွေကိုပြောပြခဲ့တဲ့ ပုံပြင်တစ်ပုဒ်ကို ခင်ဗျားကိုထပ်ပြောပြချင်တယ်။

**ကောင်းတာပေါ့ဗျာ။**

**အိပ်မက်သစ်**

မြို့တစ်မြို့မှာပါ။ ဘုရားတရားလည်းမရှိ။ လူတွေအပေါ်မှာလည်း စာနာမှုကင်း၊ အားနည်းတဲ့ တရားသူကြီးတစ်ယောက်ရှိတယ်ဗျ။ တစ်နေ့တော့ မုဆိုးမတစ်ဦးက သူ့ဆီကိုလာပြီးတော့ သူ့ကိုမတရားပြုတဲ့ လူကို အပြစ်စီရင်ပေးဖို့ တောင်းပန်သဗျ။ အဲဒီမှာ တရားသူကြီးကလည်း ဘယ်ဂရုစိုက်မလဲ။ မုဆိုးမကိုး။ သူဂရုမစိုက်ဘဲနေလိုက်တယ်။ အဲဒီလိုဖြစ်တော့ မုဆိုးမကလည်း တစ်ခါထပ်လာတယ်။ အရင်အတိုင်းပဲ လျစ်လျူရှုခံရပြန်တယ်။ မုဆိုးမလည်း နောက်တစ်ခါဖွဲ့မလျှော့ပဲနဲ့ ပြန်လာတယ်ဗျ။ အဲဒီမှာတရားသူကြီးက လက်လျှော့လိုက်ရတယ်။ ဘုရားကိုတောင်မကြောက်။ စာနာမှုမရှိတဲ့ တရားသူကြီးခင်ဗျာ အမျိုးသမီးမုဆိုးမရဲ့ နှောက်ယှက်မှုကို ကြောက်လွန်းလို့ မုဆိုးမအတွက် တရားစီရင်ပေးတယ်ဆိုတဲ့ ပုံဥပမာလေးပါ။ ဒီပုံပြင်လေးမှာ အဲဒီလိုဖြစ်နေရင် ဘုရားသခင်ကရော သူ့ရဲ့လူတွေဟာ ဇွဲရှိရှိနှင့်ဆုတောင်းမယ်ဆိုရင် မပေးပဲနေပါ့မလားဆိုတာကို ပြောချင်တာဗျ။

**ဟုတ်ပါရဲ့နော်။**

နောက်ထပ်ဆုတောင်းခြင်းနှင့်ပတ်သက်လို့ သတိပေးစရာတစ်ခု ရှိသေးတယ်။

**ဘာပါလိမ့်။**

အဲဒါကတော့ လူ့ရဲ့စိတ်သဘောထားပိုင်းပါ။ ဒီလိုဗျ။ တစ်ချို့လူတွေက သူတို့ဟာ ဘုရားသခင်ရှေ့မှာ သန့်ရှင်းတယ်။ မှန်ကန်တယ်ဆိုပြီး ဂုဏ်ယူကြတယ်။ အဲဒီတော့ သူတို့ရဲ့ဆုတောင်းချက် ကိုလည်း ဘုရားသခင်နားညောင်းမယ်ပေါ့။ သူတို့ကလွဲရင် ကျန်တဲ့လူတွေ ဟာအပြစ်ကြီးတယ်။ မသန့်ရှင်းဘူး။ အဲဒီတော့ အဲဒီလူတွေရဲ့

အိပ်မက်သစ်

ဆုတောင်းခြင်းကို ဘုရားသခင် နားညောင်းမှာမဟုတ်ဘူးဆိုပြီး ခံယူတတ်ကြတာပါ။ အဲဒါသိပ်ဆိုးတဲ့သဘောထားတွေပဲကွ။ အဲဒါနှင့် ပတ်သက်လို့လည်း ပုံပြင်တစ်ပုဒ်ရှိတယ်။

**ကျွန်တော်နားထောင်နေပါတယ်။ ပြောပြပါဦး။**

ဆုတောင်းဘို့ ဗိမ္ဘာန်တော်၊ ဘုရားကျောင်းထဲကို လူနှစ်ဦး လာကြသဗျ။ တစ်ဦးကတော့ ကျမ်းတတ်ပုဂ္ဂိုလ်၊ဖာရိရှဲဖြစ်ပြီး ကျန်တစ်ယောက်ကျတော့ အခွန်ခံပေါ့ဗျာ။ အဲဒီမှာ ဖာရိရှဲကျမ်းတတ်ကြီးက ဒူးထောက်ဆုတောင်းလိုက်တယ်။

"ကိုယ်တော်၊ ကျွန်တော်ဟာ သူများလို သူခိုး၊ ဓါးပြ၊ လူလိမ်မဖြစ်ခဲ့သလို သူများမယားအပေါ်မှာ ဖောက်ပြန်တဲ့လူ မဟုတ်ခဲ့ပါ။ အခွန်ခံ တစ်ဦးလည်းမဟုတ်ပါ။ ဒါကြောင့် ဒီလိုဘဝကိုပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါတယ်။ အလှူငွေ၊ဆယ်ဖို့တစ်ဖို့ကိုလည်း ပုံမှန်ပေးလှူပါတယ်။ တစ်ပတ်နှစ်ခါ အစာရှောင်ပါတယ်"ဆိုပြီး ဆုတောင်း သဗျ။ အဲဒီအချိန်မှာပဲ ဘေးနားကအခွန်ခံကလည်း အဲဒီဖာရိရှဲနှင့် ခပ်ဝေးဝေးမှာသွားပြီးတော့ ကောင်းကင်ကိုတောင်မမော်မကြည့်ဝံ့ပဲနှင့် ရင့်ဘတ်ကိုခတ်ပြီး၊

"ဘုရားသခင်၊အပြစ်များသောကျွန်တော့်ကို သနားခြင်းဂရုဏာရှိစေတော်မူပါ"လို့ပဲ ဆုတောင်းလိုက်သဗျ။ခင်ဗျားကိုပြောပြချင်တာက ဘုရားသခင်ရဲ့ခွင့်လွှတ်ခြင်းကိုခံရပြီး အိမ်ပြန်သွားနိုင်တာက အဲဒီအခွန်ခံတဲ့သူဗျ။ ဖာရိရှဲမဟုတ်ဘူး။ မာနထောင်တဲ့လူဟာ ချိုးနှိမ်ခြင်းခံရပြီး၊ နှိမ့်ချတဲ့ စိတ်ရှိတဲ့လူဟာ ချီးမြှောက်ခြင်းခံရမယ်ဆိုတာပါပဲ။

**အိမ်မက်သစ်**

## အတုအယောင်ဘာသာတရား

ဒီဖာရိရှဲတွေရဲ့သဘောကို ဆရာခဏခဏပြောပုံကိုထောက်တော့၊ ကျွန်တော်တို့ရဲ့ ဘာသာရေးခေါင်းဆောင် ဖာရိရှဲတွေအပေါ် ဆရာဟာအမြင်မကြည်မလင် ခံစားနေတယ်လို့ ကျုပ်ခံယူမိပါတယ်။

ဖာရိရှဲအတော်များများဟာကြောင်သူတော်တွေပါ။ သရုပ်ဆောင်တွေပေါ့။ သူတို့ရဲ့ဘာသာရေးက အနှစ်မရှိတဲ့အကာကြီးပါ။ အတုကြီးပေါ့။ လုပ်ဆောင်မှုတွေကြီးပဲဗျာ။ သူတို့ရဲ့သန့်ရှင်းဖြူစင်ဖို့ အလှူငွေတွေ ပုံမှန်လှူကြတယ်။ ဆုတောင်းကြတယ်။ ဥပုသ်စောင့်တယ်။ လူရှေ့သူရှေ့မှာ ဆုတောင်းကြတယ်။ ဒါပေမဲ့ သူတို့ဟာ မုဆိုးမတွေ၊ ဆင်းရဲသားတွေအပေါ်ကို သနားခြင်းစိတ်မရှိရှာကြဘူး။သူတို့ရဲ့ ပညတ်တရားကို ကျင့်ကြပေမယ့်လည်း အဲဒီအရာထက်အရေးကြီးတဲ့ စိတ်ထားမြင့်မြတ်ခြင်း မရှိဘူးဗျ။

**အိုင်မက်သစ်**

**အဲဒီမြင့်မြတ်တဲ့စိတ်ထားတွေဆိုတာက။**

တရားမျှတခြင်း၊ သနားခြင်းဂရုဏာစိတ်နှင့်ယုံကြည်ခြင်း စသည်ဖြင့်ပေါ့။

**ဆယ်ဖို့တစ်ဖို့ကရောအရေးမကြီးဘူးလားဗျ။**

အဲဒါလည်း အရေးတော့ကြီးတာပေါ့။ ဒါပေမဲ့ အဲဒီဆယ်ဖို့တစ်ဖို့ ပေးတာနဲ့ ကျန်တဲ့အရာတွေ၊ ဂရုဏာတရားတွေ မထားရတော့ဘူး မဟုတ်ဘူးလေ။ ကြောင်သူတော်ဘာသာရေးတွေကတော့ ရေသန့်လိုချင်လွန်းလို့ ခြင်မပါအောင်ရေစစ်နှင့်စစ်ပြီး သောက်ပေမဲ့ ကုလားအုတ်ကို အကောင်လိုက်မျိုတဲ့လူနှင့်တူသဗျ။ လုပ်ရပ်နှင့် အသက်ရှင် ခြင်းက တခြားစီပါ။ သန့်ရှင်းအောင်လို့ သူတို့စားတဲ့ပန်းကန်တွေကို အတန်တန်ဆေးကြောပြီးချက်ပါရဲ့။ ဒါပေမဲ့ သူတို့ရဲ့ အတွင်းနှလုံးသား ကတော့ ပုတ်နေတာပဲဗျ။ အမှန်ကတော့ သူတို့ဟာ သူတို့ရဲ့နှလုံးသားကို အရင်ဆေးကြောသန့်စင်ဖို့လိုသဗျ။ အဲဒါမှ သန့်ရှင်းဖြူစင်နိုင်မှာပေါ့ဗျာ။(ခဏနားပြီး)ခင်ဗျားကိုကျုပ်ထပ်ပြောရဦးမယ်။ ဒီကြောင်သူတော် ဘာသာရေးသမားတွေဟာလေ အဖြူရောင်သုတ်ထားတဲ့ သချိုင်းဂူနှင့်တူတာပါပဲ။ ခင်ဗျားသချိုင်းကုန်း သွားဘူးတယ်မဟုတ်လား။ အဲဒီမှာ သေသောသူရဲ့မိသားစုက အုတ်ဂူလှလှလေးတွေကို အဖြူရောင်တွေ သုတ်ထားတာတွေ့ဖူးမှာပေါ့။

**ဟုတ်ကဲ့၊ တွေ့ဖူးပါတယ်။**

ကြောင်သူတော် ဘာသာရေးသမားတွေဟာလည်း အဲဒီအတိုင်းပဲဗျ။ သချိုင်းဂူတွေဆို အဖြူသုတ်ထားတော့ အပြင်ပန်းမှာက တောက်တောက်ပြောင်ပြောင်နှင့် လှတပတရှိတာဗျ။ ဒါပေမဲ့

အတွင်းမှာကျတော့ တခြားစီပဲ။ သချိုင်းတွင်းမှာက ပုတ်ပျက်နေတဲ့ အလောင်းပဲရှိတာ။ မြင်တဲ့အပြင်ပန်းကတော့ ဖြောင့်မတ်လိုက်တာ။ဒါပေမဲ့ အတွင်းစိတ်နဲ့လူကွယ်ရာမှာတော့ အော့နှလုံးနာစရာ၊ရွံစရာအောင်ကို ဖြစ်တာဗျ။

**ဒါပေမဲ့ သူတို့ရဲ့လုပ်ရပ်မှာ သူတစ်ပါးကိုစိတ်ဆင်းရဲအောင်လုပ်တာ၊ နာကျင်အောင်လုပ်တာတွေ ရှိလို့လားဗျာ။**

ရှိတာပေါ့။ သူတို့ဟာ ကောင်းကင်နိုင်ငံဝင်မယ့်လူတွေကို ဟန့်တားနေတာဗျ။ သူများကောင်းကင်နိုင်ငံ ဝင်မယ့်လမ်းမှာ ကန့်လန့် ကန့်လန့်နှင့် ရှေ့ကနေ နှောက်ယှက်နေတာပေါ့။ သူတို့ကိုယ်သူတို့ ကျတော့ ကောင်းကင်လမ်းကိုသွန်သင်တဲ့လူတွေလို့ ခံယူလိုက်သေးရဲ့။ အမှန်ကသူတို့ဟာ မျက်ကန်းလမ်းပြနှင့်တူသဗျ။ ကိုယ်ကိုယ်နှိုက်က မျက်စိကန်းနေလျက်နှင့် သူတစ်ပါးကို လမ်းပြနေသေးသပေါ့ကွာ။ ဘာသာရေးနှင့်ပတ်သက်လို့လည်း သူတို့ရဲ့အတွေးအခေါ်၊ယုံကြည်ချက်တွေကို သူများလက်ခံစေချင်သေးတယ်။ သူတို့ဟောပြောတာကို ယုံကြည်တဲ့ လူတွေကို သူတို့ထက်နှစ်ဆသောငရဲကို ပို့လိုက်တာဗျ။ အဲဒီလူတွေကို "ကျမ်းတတ ဆရာ"လို့ မခေါ်ထိုက်ဘူး။ အမှန်ကဒီလောကမှာ ဆရာတစ်ပါးပဲ ရှိသဗျ။ ကျန်တဲ့လူတွေကတော့ ညီအစ်ကိုမောင်နှမတွေပါပဲ။ ပြီးတော့ အဲဒီလူတွေမှာ အဖတစ်ဦးတည်းရှိပါတယ်။ အဲဒီအဖကတော့ ကောင်းကင်ဘုံက ဘုရားသခင်ပဲဖြစ်သဗျ။ (ခဏရပ်ပြီး)ကျုပ်တို့ရဲ့ ဘာသာရေးခေါင်းဆောင်တွေနှင့် ဆက်နွယ်တဲ့ပုံပြင်တစ်ခုကို ကျုပ်ပြောပြမယ်ဗျာ။

**ကောင်းတာပေါ့ဗျာ။**

သားနှစ်ယောက်ရှိတဲ့ဖခင်တစ်ဦးပါ။ တစ်နေ့ ဖခင်ဖြစ်သူက

သားကြီးဆီကိုလာပြီး "သား၊ ဒီနေ့လယ်ထဲသွားလိုက်ပါဦး"လို့ ပြောလိုက်တယ်။ အဲဒီမှာ သားကြီးက မသွားချင်တဲ့အတွက်"ဟင့်အင်း၊ သားမသွားချင်ဘူး"ဆိုပြီး အဖေ့စကားကို ငြင်းလိုက်သတဲ့။ အဲဒီနောက်မှာ သားကြီးကစဉ်းစားပြီးတော့ အဖေခိုင်းတာကိုမလုပ်မိတာ နောင်တရသွားတယ်။ အဲဒီမှာသူ့ရဲ့ဆုံးဖြတ်ချက်ကိုပြင်ပြီး လယ်ထဲကိုသွားလိုက်တယ်။

သူ့အဖေက သားအငယ်ဆီကိုလည်း "သား၊ဒီနေ့ လယ်ထဲသွားဆင်းပါဦးကွယ်"လို့ပြောတာနှင့် သားငယ်ကမငြင်းမဆန်ပဲနှင့် "ဟုတ်ကဲ့အဖေ သားသွားပါမယ်"လို့ ပြန်ပြောလိုက်သတဲ့။ ဒါပေမဲ့ သားငယ်ခဗျာ ခိုင်းတာကိုမလုပ်ခဲ့ပါဘူး။

ဒီမှာခင်ဗျားကိုကျုပ်မေးမယ်။ ဘယ်သားက အဖေ့ရဲ့ဆန္ဒကို ဖြည့်ဆည်းလုပ်ဆောင်ခဲ့သလဲဗျ။

**ပထမ၊အစ်ကိုကြီးပေါ့။**

ခင်ဗျားသိပ်မှန်တယ်။ ပြီးတော့ခင်ဗျားကိုပြောရမယ်။ အခွန်ခံတို့၊ ပြည့်တန်ဆာတို့ဟာ ကြောင်သူတော်ဘာသာရေးဆရာတွေထက် ကောင်းကင်နိုင်ငံကို အရင်ဝင်သွားရမယ်ဗျ။ ဘာကြောင့်လဲဆိုရင် သူတို့ဟာ နောင်တနှင့်ပြန်လာသကိုး။ ဗတ္တိဇံဆရာယောဟန်ဟောပြောတာကိုကြားတော့ သူတို့(ကြောင်သူတော်တွေ)ဟာစိတ်ဝင်စား၊ စေ့စော်မှုတော့ ရကြပါရဲ့။ ဒါပေမဲ့ အခွန်ခံနှင့်ပြည့်တန်ဆာတို့က ယောဟန်ရဲ့ဟောပြောမှု ကိုကြားတော့ ယုံကြည်လက်ခံ၊ နောင်တရသွားကြတယ်။ အဲသလို မကောင်းတဲ့လူတွေ ပြောင်းလဲလာတာတွေ့ တော့ ကြောင်သူတော် ဘာသာရေးသမားတွေက နောင်တရဘို့ ငြင်းဆန်ကြလေသဗျ။

## နှိမ့်ချသောသူ၊ မာနထောင်သူနှင့်ခေါင်းမာသောသူ

ဆရာ့ကိုကြည့်ရတာ ရိုးရိုးသာမန်လူတွေ၊ နှိမ့်ချတဲ့လူတွေဘက်က ရပ်တည်ပေးပြီး ဟိတ်ဟန်နှင့်မာနသမားတွေကျတော့ မနှစ်မြို့သလိုပဲ။

တစ်နေ့မှာ ကျုပ်ကိုညစာစားဖို့ လူတစ်ယောက်ကခေါ်ဖိတ်တော့ သူ့အိမ်ကိုကျုပ်လိုက်သွားပါတယ်။ အဲဒီမှာ ကျုပ်အပြင်ကို တခြားလူတစ်ချို့ကိုလည်း သူခေါ်ဖိတ်ထားတာကိုတွေ့ရတယ်ဗျ။ ကျုပ်သတိပြုမိတာက အဲဒီဧည့်သည်တွေက မြင့်မြတ်တဲ့ခုံမှာ ဝင်ထိုင်နေကြတာကို ကျုပ်တွေ့လိုက်ရတယ်။ ကျုပ်က လည်းသူတို့ကို

"လူတစ်ယောက်ကမင်းတို့ကို ခေါ်ဖိတ်တဲ့အခါမှာ မြင့်မြတ်တဲ့နေရာကို အရင်မယူကြပါနှင့်။ အဲသလို နေရာကိုယူလိုက်လို့၊ ကိုယ့်နောက်မှာ ကိုယ့်ထက်အရေးပါတဲ့သူဝင်လာရင် ခင်ဗျားတို့ကိုခေါ်ဖိတ်တဲ့အိမ်ရှင်က နေရာရွှေ့ပေးဖို့ပြောလာတော့ ရှက်စရာဗျ။ ဒီတော့

ဘယ်သူပဲဖြစ်ဖြစ်၊ ကိုယ့်ကိုခေါ်ဖိတ်ပြီဆိုရင် နှိမ့်တဲ့နေရာကိုအရင်ယူလိုက်ပါ။ အဲသလိုနှိမ့်နှိမ့်ချချနေလိုက်တော့ အိမ်ရှင်က အဆွေ၊ သူငယ်ချင်း အပေါ်ကိုတက်ပါဗျာဆိုပြီး ခေါ်ဖိတ်တော့ ကိုယ့်သူငယ်ချင်းများရှေ့ ဝန်းကျင်မှာမျက်နှာပိုပွင့်တာပေါ့။ ခင်ဗျားတို့ကိုပြောပြမယ်။ ကိုယ့်ကိုယ်ကိုချီးမြှောက်ရင် ချိုးနှိမ်ခြင်းခံရမယ်။ ကိုယ့်ကိုယ်ကိုနှိမ့်ချရင် ချီးမြှောက်ခြင်းခံရမယ်ဆိုတာ သိထားပါ"လို့ ကျုပ်ပြောပြလိုက်တယ်ဗျ။

**ဆရာ့ရဲ့ရပ်တည်ချက်ဟာ ချမ်းသာကြွယ်ဝတဲ့ လူတန်းစားထက် ဆင်းရဲနွမ်းပါးတဲ့သာမန် သူတွေအတွက်လို့ ဆရာသတ်မှတ်ခဲ့ပါသလား။**

ဟေရှာယအနာဂတ္တိကျမ်းထဲမှာ "ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကိုဘိသိတ်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းတွားချုပ်ထားလျက်ရှိသောသူတို့အား လွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသော သူတို့အားထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း ထာဝရဘုရား၏မင်္ဂလာနှစ်နှင့် ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာ နေ့ရက်ကာလကိုကြားပြောစေ ခြင်းငှာလည်းကောင်း၊ ငါ့ကိုစေလွှတ်ပြီ"လို့ ပါတာခင်ဗျားတွေ့မှာပေါ့။(ခဏရပ်နားလျက်) အဲဒီစကားတွေ အကောင်အထည်ဖော်ဖို့ ကျုပ်ဒီကိုလာတာဗျ။

**ဒါဆို ဆရာပြောပုံအရဆိုရင်၊ နှိမ့်ချတဲ့ဒီသာမန်လူတွေ၊ ဆင်းရဲသားတွေအပေါ်မှာ ဘုရားသခင်က အထူးသီးသန့် စဉ်းစား**

သနားတဲ့ သဘောပဲဗျ။

စိတ်နှလုံးနှိမ့်ချသောသူဟာမင်္ဂလာရှိသဗျ။ ဘာကြောင့်လဲဆိုတော့ ကောင်းကင်နိုင်ငံဟာ အဲဒီလူတွေအတွက်လေ။ စိတ်မသာညည်းတွားတဲ့လူတွေလည်း မင်္ဂလာရှိသဗျ။ သူတို့လည်းသက်သာရာကိုရကြလိမ့်မယ်။ စိတ်နှလုံးနူးညံ့သူလည်း မင်္ဂလာရှိကြတယ်။သူတို့လည်းပြည်တော်ကိုအမွေခံရသဗျ။ ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ဟဲ့သူလည်းမင်္ဂလာရှိ၏။ သူတို့သည်လည်း ဝပြောခြင်းသို့ရောက်ရမယ်။သနားတတ်တဲ့သူလည်း သနားစုံမတ်ခြင်းကို ပြန်ခံရမှာဖြစ်လို့ မင်္ဂလာရှိသဗျ။ စိတ်နှလုံးဖြူစင်တဲ့သူဟာလည်း ဘုရားသခင်ကိုမြင်ရပါလိမ့်မယ်။ မင်္ဂလာရှိသဗျ။ ငြိမ်းချမ်းရေးကိုလုပ်တဲ့လူဟာလည်း မင်္ဂလာရှိပေသဗျ။ သူတို့ကိုဘုရား၏သားလို့ခေါ်ကြမှာဗျ။ ဖြောင့်မတ်ခြင်းတရားကြောင့်နှောက်ယှက်၊ ညှင်းဆဲခံရမယ်။ အသေသတ်ခံရမယ်ဆိုရင်လည်း မင်္ဂလာရှိလေသဗျ။ ဘာကြောင့်လဲဆိုတော့ ကောင်းကင်နိုင်ငံဟာ သူတို့အတွက်ဗျ။ ဘုရားသခင်ရဲ့စကားတော်အတိုင်း အသက်ရှင်ရလို့ သူတစ်ပါးကဲ့ရဲ့ပြစ်တင်ခံရလျှင်လည်း သာ၍မင်္ဂလာရှိပါ၏။ သူတို့ရဖို့ဆုသရဖူသည်ကောင်းကင်နိုင်ငံမှာ ကြီးမြတ်လှသဗျ။ သူတို့ဟာအရင်က သူတို့ဘိုးဘေး၊ ပရောဖတ်များလို အသက်ရှင်ခဲ့လေသဗျ။

**ဒီထဲမှာမပါတဲ့တစ်ခြားလူတွေအတွက်ရောဗျာ၊**

ဩော် ကျမ်းပြုပုဂ္ဂိုလ်ကြီးတွေလား။ သူတို့ကတော့ ရှေးပရောဖက်တွေ၊ ဘုရားသခင်ရဲ့လူတွေရဲ့ အုတ်ဂူတွေရှေ့မှာ ပန်းတွေဘာတွေကိုချပြီး "ငါတို့သာရှိခဲ့ရင်၊ ပရောဖက်တို့ကို သတ်ခွင့်ပြုမှာမဟုတ်ဘူး"လို့ ပါးစပ်ကနေ တတွက်တွက်ပြောသပေါ့။ ဒါသိပ်ဆိုးတယ်ဗျ။

**အိပ်မက်သစ်**

သူတို့ဟာ အဲဒီလို ပရောဖက်တွေကိုသတ်တဲ့လူတွေရဲ့ သားမြေးတွေလို့ ဝန်ခံနေတာဗျ။ သူတို့ကိုကျုပ်ပြောတယ်။ "မင်းတို့ဟာ အဲဒီလူသတ်သမားတွေရဲ့ သားမြေးတွေ၊ ပြီးတော့ သူတို့ရဲ့ခြေရာကိုမင်းတို့လိုက်လျှောက်ကြတယ်။ အဖေနှင့်သားခြေရာတူတွေ"လို့ ကျုပ်တော့ပြောတာပဲ။ သူတို့ကမြွေမျိုးဗျ။ မြွေပွေးရဲ့ အဆက်အနွယ်တွေပဲဗျာ။ သူတို့ကတော့ ငရဲနှင့်လွတ်စရာအကြောင်းမရှိဘူးဗျ။ ကျုပ်အနာဂတ်ဟောကိန်းထုတ်မယ်ဗျာ။ တစ်နေ့ကျရင် တရားဟောဆရာတွေ၊ ဓမ္မဆရာတွေ၊ စာရေးဆရာတွေကို ကျုပ်စေလွှတ်တဲ့တစ်နေ့ရောက်မယ်။ အဲဒီအခါကျရင် ဒီကျမ်းတတ်ပုဂ္ဂိုလ်တွေက အဲဒီလူတွေကို နှိပ်စက်ညှဉ်းပန်းကြမယ်ဗျ။ တရားဇရပ်၊ဘုရားကျောင်းတွေမှာ နှိပ်စက်ရိုက်နှက်တာတွေ ပြုကြပါလိမ့်မယ်။ ဒီလူဆိုး၊ မြွေပွေးအမျိုးတွေရဲ့လက်ချက်ကြောင့် လူထောင်ပေါင်းများစွာရဲ့အသက်ဟာ ဆုံးရှုံးခြင်းရောက်လိမ့်မယ်။ သူ့အစ်ကိုကြောင့် အသေခံတဲ့အာဗေလရဲ့ ဖြောင့်မတ်တဲ့အသွေး၊ ဗိမ္မာန်တော်နှင့်ယဇ်ပလ္လင်ကြားမှာ အသတ်ခံရတဲ့ ဗာရခိရဲ့သား ဇာခရိရဲ့ အသွေး၊ သူတော်ကောင်းများစွာတို့သွန်းခဲ့တဲ့သွေးတွေဟာ အခုခေတ်မှာလည်း ဆက်ပြီးသွန်းလာမယ်ဗျ။

**ဒီလူတွေအပေါ်မှာ ဒီလိုစီရင်မှုတွေရောက်လာမယ်ဆိုတာ ဆရာကသိထားတော့ ဘယ်လိုခံစားရပါသလဲခင်ဗျ။**

(လက်ကိုခေါင်းပေါ်တင်လျက်၊ခေါင်းပွတ်လျက်နှင့်)

အိုယေရှုစလင်ယေရှုစလင်။ ငါချစ်တဲ့မြို့။ ပရောဖက်တွေကို သတ်တဲ့မြို့။ ဘုရားသခင်ခိုင်းတဲ့ လူမှန်သမျှကို သတ်တဲ့မြို့။ ကြက်မကြီးကသူ့အတောင်ပံအောက်မှာ ကြက်ကလေးတွေကိုဝပ်သလို၊ သင့်ကို

အကြိမ်ကြိမ် ငါကြိုဆိုခဲ့ပါရဲ့။ သင်ရဲ့လူတွေကို ကာကွယ်ဖို့အကြိမ်ကြိမ်ဆန္ဒပြင်းပြခဲ့တာပါပဲ။ ဒါပေမဲ့သူတို့က ကျုပ်ကိုလက်မခံကြပါလား။ သူတို့ကျုပ်ကို ဘယ်လိုမှအလိုမရှိပါလားဗျာ။ ခုတော့သူတို့ မြို့ဟာအိမ်အို၊ အိမ်ဟောင်းကြီးလို ဖြစ်ရတော့မယ်။ "ထာဝရဘုရား၏ အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိ၏"လို့ သူတို့မဝန်ခံမချင်း ကျုပ်ဘာမှလုပ်ပေးလို့မရပါဘူးဗျာ။

အိပ်မက်သစ်

## ငွေကြေးနှင့်ချမ်းသာကြွယ်ဝမှု

ဆရာ့ရဲ့ပြောပြမှုတွေအရ ဆရာဟာဆင်းရဲသား၊ သာမန်လူတွေအခွင့်ထူးမခံ တဲ့လူတွေဘက်ကပြောပြနေပုံကိုထောက်ပြီးတော့ စဉ်းစားတာတစ်ခုရှိပါတယ်။ အဲဒါက ဆရာ့အမြင်မှာ ငွေကြေးပိုက်ဆံချမ်းသာမှုတွေဟာယုံကြည်ခြင်းကို ဟန့်တားစေနိုင်တယ်လို့ယူဆနေသလိုပဲ။ အဲဒါဟုတ်ပါသလား ခင်ဗျာ။

ကောင်းပြီဗျာ။ ကျွန်တော်ပြောပြမယ်။ ကုလားအုပ်အပ်နဖားလျှိုတာ လွယ်ရင်လွယ်မယ်။ ငွေရတတ်တဲ့ လူကျတော့ဘုရားသခင်ရဲ့ နိုင်ငံတော်ကိုဝင်ရဖို့ခက်ခဲပါတယ်။

ဆရာအဲသလိုပြောတာ. . ပုံကြီးချဲ့ပြီးပြောနေသလားဗျာ။

(တစ်ချက်ပြုံးလျက်)လူတစ်ယောက်ဟာသခင်နှစ်ဦးမရှိနိုင်ဘူးဗျ။ တစ်ယောက်ကိုချစ်ရင် ကျန်တစ်ယောက်ကိုမုန်းရပါမယ်။ တစ်ဦးကိုမှီခိုရင်တော့၊ ကျန်တစ်ဦးကိုစွန့်ရပါမယ်။ အဲသလိုပဲဘုရားသခင်နှင့်ငွေကိုတစ်ပြိုင်တည်းတော့ချစ်လို့မရဘူးခင်ဗျ။

ဆရာဆိုလိုတာကငွေနောက်လိုက်တာနှင့်ဘုရားသခင်နောက်လိုက်တာက

သဟဇာတ မဖြစ်ဘူးလို့ပြောချင်တာလားခင်ဗျာ။

(ခေါင်းညိတ်လျက်)တစ်ကယ်တော့စည်းစိမ်ဥစ္စာတွေ၊ပျက်စီး၊ယိုယွင်းနိုင်တဲ့ ဒီလောကမှာ လူတွေအဲဒီလောက်ကြီး ဘဏ္ဍာငွေကိုမရှာဖွေသင့်ဘူးခင်ဗျ။ ဘယ်လို၊ ဘယ်ပုံကြိုးစား ရှာခဲ့၊ရှာခဲ့။ တစ်နည်းမဟုတ်၊တစ်နည်း ပျက်စီးတတ်တဲ့လောကပဲဗျ။ အဲသလိုလောကီအရာတွေမှာ မြှုပ်နှံရှာဖွေမယ့် အစားမပျက်စီး နိုင်တဲ့ကောင်းကင်နိုင်ငံအတွက် ရှာမှီစုထားဘို့ဗျ။ အဲဒီကောင်းကင်နိုင်ငံ၊ဘဏ္ဍာမှာခင်ဗျားတို့ရဲ့ စည်းစိမ်ချမ်းသာမှုတွေ မြှုပ်နှံထားသင့်သဗျ။ အဲဒီနေရာမှာ ပျက်စီးပျောက်ပျက်စရာအကြောင်း စိုးရိမ်စရာမရှိဘူးလေ။ ခင်ဗျားတို့ရဲ့ ငွေကြေးရှိတဲ့နေရာမှာ ခင်ဗျားရဲ့ စိတ်နှလုံးကလည်း ရှိလာမယ်ဆိုတာလည်းရှိသေးသကိုး။

အင်း…လူတစ်ဦးရဲ့ဘဝမှာအရေးကြီးတဲ့အရာ တန်ဖိုးထားတဲ့ အရာက သူစိတ်ဝင်စားတဲ့အရာ ဖြစ်သွားတာပဲဗျ။ ဟုတ်တယ်မဟုတ်လား။

(ပြုံးမိလျက်)အဲဒါနှင့်ပတ်သက်လို့ပြောစရာပုံပြင်လေးများရှိသလား။ ပြောပြပေးပါဦး။

ရှိတာပေါ့။ တစ်နေ့မှာကျုပ်ကလူအများနှင့် စကားပြောနေတုန်း လူတစ်ယောက်က သူ့အတွက်ကိစ္စတစ်ခုလုပ်ပေးဖို့ တောင်းဆိုသဗျ။ သူက'ဆရာ၊ကျွန်ုပ်အစ်ကိုက ကျွန်ုပ်ဖခင်ဆီက ရတဲ့ထဲကကျွန်ုပ်ဝေစု ပေးပါမည့်အကြောင်း ပြောပေးပါခင်ဗျာ'လို့ တောင်းဆိုတာဗျာ။ အဲဒီမှာကျုပ်က 'ဝမ်းနည်းပါတယ်။ ခင်ဗျားကျွန်တော့်ကို အထင်လွဲနေပါပြီ။ ခင်ဗျားရဲ့အိမ်တွင်းရေးကိစ္စ၊အမွေကိစ္စမှာ ဘယ်သူမှကျုပ်ကို တာဝန်

မပေးထား ပါဘူးဗျ။'လို့ သူ့ကိုပြောလိုက်ပါတယ်။ ပြီးတော့လူအုပ်ဆီကို'လောဘလွန်ကျူးခြင်းကိုသတိနှင့်ရှောင်ကြဉ်ကြပါ။ စည်းစိမ်ရှိပေမဲ့ စည်းစိမ်မှာအသက်မရှိပါဘူး'လို့ ကျွန်တော်ဟောလိုက်တယ်ဗျ။ ပြီးတော့ပုံပြင်တစ်ပုဒ်ကို ပြောပြလိုက်တယ်။ (ခဏပြုံးရယ်လျက်)ပုံပြင်ကနေအောသူဌေးတစ်ယောက်ပုံပြင်ပါ။ အဲဒီသူဌေးက မြေကောင်းတော့စပါး၊ အသီးများသဗျ။ အဲဒီမှာ ထားစရာ၊သိုစရာနေရာတောင်မလောက်တော့ဘူး။ အဲဒီလိုနှင့်နောက်ဆုံးမှာ သူ့အိမ်ကိုဖြိုပြီး အသစ်ဆောက်ဖို့ အကြံရှိလာတယ်။ ပြီးတော့သူ့ရဲ့စိတ်မှာ ဒီအစာတွေနှင့် အသက်ရှည်ကြာကောင်းကောင်းနေရတော့မယ်လို့ ထင်လာသဗျ။ သူ့စိတ်မှာ ငါဆိုတဲ့စိတ်ဝင်လာတယ်။စိတ်ချလက်ချဖြစ်လာတာပါ။ အဲဒီမှာဘုရားသခင်မှာတော့ အကြံတစ်မျိုးရှိနေပြန်တယ်။ ဘုရားသခင်ကတော့ အဲဒီသူဌေးကို အရူးပဲလို့မြင်ပါတယ်။ဘုရားသခင်က 'မင်းဟာအရူးပဲ။ဒီလိုစည်းစိမ်တွေနှင့် မာန်တက်နေတယ်။ ဒီညမင်းရဲ့ဝိဉာဉ်ကိုငါယူလိုက်မယ်။ ဒါဆိုဒီပစ္စည်းတွေဘာလုပ်တော့မှာလဲ'ဆိုပြီး ပြောသတဲ့။ အဲဒီပုံပြင်အကြောင်းကို လူတွေဆီကျူပ်ပြောပြလိုက်တယ်။ ပြီးတော့'ဘုရားသခင်နှင့် ဆက်ဆံရေး၊ ပုံမှန် ရှိနေမယ့်အစား၊ လောကီစည်းစိမ်ကိုရှာဖွေတဲ့လူတွေဟာ ဒီပုံပြင်ထဲက သူဌေးလိုပဲအရူးအအတွေပါပဲ' လို့ သူတို့ကိုကျွန်တော်ပြောပြလိုက်တယ်။

ငွေကြေးချမ်းသာလို့ဆရာသွန်သင်တဲ့အသက်ရှင်မှုပုံစံအတိုင်းအသက်မရှင်တဲ့ လူကုန်ထံတွေကြားမှာဆရာတစ်ကယ်ကောကြဲဖူးလို့လားခင်ဗျ။

(ခဏငြိမ်လျက်)တစ်နေ့. . . လူတစ်ယောက်က ကျွန်တော့်ဆီကို လာပြီး "သခင်. . . ထာဝရအသက်ရဖို့ ကျွန်တော်ဘာလို့ရမလဲ"လို့

မေးပါတယ်ဗျ။ ဒီမေးခွန်းက ခဏခဏအမေးခံရတဲ့မေးခွန်းပဲဗျ။ "ထာဝရအသက်ရချင်ရင် ပညတ်အတိုင်းအသက်ရှင်ပါ"လို့ ကျွန်တော်သူ့ကိုပြောလိုက်ပါတယ်။ သူက"ဘယ်ပညတ် ကိုဆိုလိုသလဲ"လို့ ထပ်မေးပါတယ်။ "သူ့အသက်မသတ်ရ။ သူ့မယားမပြစ်မှားနှင့်။ သူ့ဥစ္စာမခိုးနှင့်။ မမှန်တဲ့သက်သေမခံနှင့်။ မိဘကိုရိုသေရမယ်။ ကိုယ်နှင့်ဆိုင်သောသူကိုချစ်ရမယ်"လို့ ကျွန်တော်သူ့ကိုပြောပြောလိုက်တယ်။ အဲဒီမှာသူက"သခင်၊အဲဒီပညတ်တွေကို ကျွန်တော်လိုက်လျှောက်ခဲ့ပါပြီ။ ဒါပေမဲ့ကျွန်တော့် ဘဝမှာတစ်ခုခုတော့လိုနေသေးသလိုပဲခံစားမိတယ်။ အဲဒီအရာဘာများပါလိမ့်"လို့မေးပါတယ်။ သူ့ရဲ့လိုအပ်ချက်ကို ကျွန်တော်သိတာပေါ့။ ဒီတော့ "ထာဝရကို တကယ်ရချင်ရင်၊ ရှိသမျှပစ္စည်းအားလုံးကိုရောင်းပြီး မရှိဆင်းရဲသားတွေကိုလှူလိုက်ပါ။ အဲသလိုလုပ်တော့၊ ခင်ဗျားပိုင်တဲ့အရာက ကောင်းကင်ဘဏ္ဍာထဲဝင်သွားသဗျ။ ပြီးရင်တော့ ကျုပ်နောက်လိုက်ခဲ့"လို့ မှာလိုက်ပါတယ်။

**ဒီတော့သူဘာပြန်ပြောသလဲဗျ။**

သူစိတ်မကောင်းစွာနဲ့ဘဲထွက်သွားပါတယ်။ သူကအရမ်းချမ်းသာတာကိုး။ ဒါပေမဲ့ ခင်ဗျားစဉ်းစားကြည့်၊ ဘယ်လိုပဲပိုက်ဆံချမ်းသာ၊ ချမ်းသာ၊ ကိုယ့်ရဲ့ဝိညာဉ်ကိုဆုံးရှုံးမှတော့ ဘာလုပ်မှာလဲဗျာ။ ကိုယ့်ရဲ့ဝိညာဉ်ရေးနှင့်ငွေကိုဘယ်လိုလို့ လဲလို့ရမလဲဗျ။

ဒီပုံပြင်လေးဟာပိုက်ဆံချမ်းသာပြီး မလှူမဒါန်းချင်တဲ့ သူဌေးတွေအတွက် ဆရာ့ရဲ့နည်းဗျူဟာအသစ်မျှာလားခင်ဗျ။

**ဒိုင်မက်သစ်**

(ခေါင်းကိုလှုပ်ခါလျက်)နောက်ပုံပြင်တစ်ပုဒ်ထပ်ပြောခွင့်ပေးပါဗျာ။

**ကောင်းတာပေါ့။ ပြောပါ။ ပြောပါ။**

သူဌေးသားတစ်ဦးရှိပြန်သဗျ။ သူကလည်းတောက်တောက်ပြောင်ပြောင်နှင့် အပျံစားဝတ်တဲ့သူဌေးပေါ့။ ဘုရင်မင်းမြတ်တစ်ပါးလိုနေထိုင်စားသောက်သတဲ့။ ဒီသူဌေးရဲ့ခြံဝင်းအပြင်ဘက်မှာတော့ လာဇရုလို့ခေါ်တဲ့ သူတောင်းစားတစ်ဦးရှိသတဲ့။ အဲဒီသူတောင်းစားရဲ့ တစ်ကိုယ်လုံးကလည်း၊ ဒဏ်ရာအနာတွေနှင့်ဗျ။ အဲဒီလာဇရုကတော့ သူဌေးရဲ့စားကြွင်းစားကျန်တွေကို လာလာကောက်စားရရှာတယ်။ အဲသလိုလာတော့လည်းခွေးတွေက သူ့ရဲ့အနာကိုလျက်လိုက်နဲ့ပေါ့ဗျာ။ နောက်ဆုံးတော့လာဇရုဆုံးသွားပါတယ်။ကောင်းကင်တမန်တွေကလာဇရုကိုခေါ်ဆောင်သွားတယ်။ အဲဒီနောက်မှာပဲ သူဌေးသားလည်းသေဆုံးသွားတယ်။ ဒါပေမဲ့ အဲဒီသူဌေးသားကိုတော့ ငရဲထဲကိုချလိုက်သတဲ့။ အဲဒီငရဲမှာညှဉ်းပန်း နှိပ်စက်မှုတွေ၊ ဝေဒနာတွေနဲ့ပြည့်သဗျ။ ဒီလိုနှင့်သူဌေးသားက အဝေးကိုလှမ်းကြည့်လိုက်တော့ အာဗြဟံနှင့်လာဇရုတို့ဟာ သူနှင့်တစ်ဖက်ကမ်းမှာရှိနေတာ လှမ်းမြင်လိုက်တယ်ဗျာ။ ဒီတော့သူက "အဘအာဗြဟံ၊ ကျွန်တော့်ကိုသနားပါဗျာ။ လာဇရုကိုကျွန်တော့်ဆီလွှတ်ပြီး သူ့ရဲ့လက်ညှိုးထိပ်မှာ ရေတစ်စက်လောက်ကျွန်တော့်လျှာပေါ် တင်ပေးစေပါဗျာ။ ကျွန်တော် ရေငတ်လှပါတယ်။ မီးတွေလောင်ကျွမ်းနေပါပြီ"လို့ အကူအညီတောင်းသတဲ့။ ဒါပေမဲ့အာဗြဟံကတော့ "ငါ့သား၊ မင်းလောကမှာအသက်ရှင်တုန်းကစည်းစိမ်ချမ်းသာတွေပြည့်ပြည့်ဝဝရှိခဲ့တယ်။ ဒါပေမဲ့ လာဇရုမှာကျတော့

ဆင်းရဲမွဲတေခဲ့တယ်ဆိုတာ သိတယ်မဟုတ်လား။ အခုတော့သူဟာနှစ်သိမ့်မှုကိုခံရပြီ။ မင်းကျတော့ဆင်းရဲဒုက္ခကို ခုမှခံစားရတာပါ။ အခုမင်းနှင့်ငါတို့ကြားမှာ ချောက်နက်ကြီးက ခြားထားပါပြီ။ မင်းနေရာကိုလာဇရုလာလို့မရသလို၊ မင်းလည်းငါတို့နေရာကို ကူးလို့မရတော့ဘူး”လို့ ပြန်ပြောလိုက်သဗျာ။ အဲဒီတော့သူဌေးသားက“ဒါဆိုရင် အဘအာဗြဟံ၊ ကျွန်တော့်မှာ ညီငါးယောက်လောကမှာရှိနေပါသေးတယ်။ သူတို့ကို သတိပေးဖို့ လူတစ်ယောက်လောက် ကျွန်တော့်အဖရဲ့အိမ်ကိုလွှတ်ပေးပါ။ ကျွန်တော်ဟာဘယ်လိုဘဝ၊ဘယ်လိုနေရာမှာ ရှိနေတယ်ဆိုတာ ကိုပြောပြပြီး ဒီနေရာမှာ သူတို့မလာတော့အောင်ပြောဖို့ တစ်ယောက်ယောက်ကို လွှတ်ပေးပါဗျာ”လို့ တောင်းပန်သဗျ။ အာဗြဟံက “မင်းညီနောင်တွေကို သတိပေးဘို့ မောရှေနှင့်၊ တစ်ခြားပရောဖက်တွေ ရှိနေတာဘဲ။ ကျမ်းစာထဲမှာ သတိပေးထားတဲ့စာတွေလည်း သူတို့ဖတ်လို့ရတာပဲ”လို့ ပြန်ပြောလိုက်ပါတယ်။

“မဟုတ်ဘူးအဘအာဗြဟံ။ သူတို့က အဲဒီသွန်သင်မှုတွေအတိုင်း အသက်ရှင်ကြမှာမဟုတ်ဘူးဗျ။ ဒါပေမဲ့ သေရွာကနေ တစ်စုံတစ်ဦးက ပြန်သွားပြီး သူတို့ကိုသတိပေးရင်တော့ သူတို့နောင်တရမှာ”လို့ ပြန်လျှောက်ပါတယ်။

အာဗြဟံက “ငါမထင်ပါဘူး။ မောရှေနှင့်ပရောဖက်တို့ရဲ့ စကားကို နားမထောင်မှတော့ သေရွာပြန်လည်း နားထောင်မှာမဟုတ်ပါဘူး”လို့ ပြန်ပြောလိုက်သဗျ။

ဟုတ်ပြီဗျာ။ ဒီလိုဆိုတော့ ငွေကြေးချမ်းသာတဲ့ လူတွေအတွက် သတင်းကောင်းတစ်ခုခုများ ဆရာ့ဆီမှာရှိသလားဗျ။

**အိုင်မက်သစ်**

**သူတို့အတွက်မျှော်လင့်ချက်ပေါ့ဗျာ။**

(ပြုံးလျက်)ရှိတာပေါ့။တစ်နေ့ ကျုပ်ယေရိခေါမြို့ကို ဖြတ်လျှောက်သွားတော့ မြို့ထဲကိုအဝင်မှာ သစ်ပင်တစ်ချို့ရှိတဲ့နေရာလေးကို ဖြတ်လျှောက်ခဲ့ပါတယ်။ အဲဒီမှာသစ်ပင်ပေါ်မှာ လူတစ်ယောက် တက်နေတာတွေ့မိပါတယ်။

**သူကဘာလုပ်တာလဲဗျ။**

သူကအရပ်ပုတော့ ကျုပ်ကိုကြိုဆို၊ နှုတ်ဆက်ကြတဲ့လူအုပ်ကို ကျော်ပြီး ကျုပ်ကိုမမြင်နိုင်ဘူးလေ။ ဒီတော့ကျုပ်ကိုမြင်တွေ့ချင်တာနှင့် မြင်သာနိုင်တဲ့ သစ်ပင်ပေါ်တက်ပြီးကြည့်တာဗျ။

**ဟုတ်ကဲ့။**

သူ့နာမည်ကဇက္ခဲ။ ပြီးတော့ အဲဒီဒေသရဲ့အခွန်ခံ၊ ဝန်ထမ်းတစ်ဦးပေါ့။ ရောမအုပ်စိုးတဲ့ကာလမှာ သူဟာအခွန်ခံခေါင်းဆောင်၊ အခွန်ခံမှူးဗျ။ လူမျိုးကတော့ယုဒလူမျိုးပေါ့။ချမ်းသာတဲ့ယုဒတစ်ဦးပေါ့ကွာ။ အဲဒီလိုသူသစ်ပင်ပေါ်မှာရှိနေတာ ကျုပ်တွေ့တော့"ဇက္ခဲ၊ဆင်းလာပါ။ ဒီညခင်ဗျားနှင့်အတူညစာစားသုံးမယ်"လို့ ပြောလိုက်တယ်။

**သူအတော်အံ့ဩသွားမှာပေါ့။**

သူလည်းအလျှင်အမြန်ဆင်းလာပြီး ပြုံးပြုံးရွှင်ရွှင်နှင့် ကျုပ်ကို ကြိုဆိုနှုတ်ဆက်လိုက်တယ်ဗျ။ ပြီးတော့မြို့ထဲက သူ့အိမ်ကိုခေါ်သွားတယ်။ အဲသလို အခွန်ခံတစ်ယောက်အိမ်ကို ကျွန်တော်သွားလည်တော့ ဝေဖန်တဲ့ အုပ်စုတစ်စုကလည်း ရှိသေးတယ်နော်။ ကျွန်တော်ကတော့လိုက်တာပဲ။ အရင်တုန်းက ဖာရိရှဲတွေနှင့် တခြားဝေဖန်တတ်တဲ့လူတွေကို ပြောခဲ့သလိုပေါ့။ ကျန်းမာတယ်လို့ထင်တဲ့လူက ဆရာဝန်မလိုဘူးလေ။ နေမကောင်းတဲ့

လူကပဲ ဆေးဆရာကို အရှုံးပေးလိုက်ရပြီလားဗျ။ ဒီလိုနှင့်ခရက်ခွဲနှင့်ကျူပ်တို့ ညစာ အတူသုံးဆောင်ပြီးတော့ စကားလက်ဆုံကျလာတယ်။ အဲဒီမှာသူက "သခင်၊အခုချိန်ကစပြီးကျွန်တော်ရဲ့စည်းစိမ် တစ်ဝက်ကို ဆင်းရဲသားတွေကို ပေးလှူပါမယ်။ ပြီးတော့ ကျွန်တော့်ဘဝမှာ မတရားကောက်ခံခဲ့တဲ့အခွေ အတွက် အဆလေးဆ လျော်ပေးပါမယ်"လို့ပြောသဗျ။

ဘယ်လိုဖြစ်တာလဲဗျ။

"ကနေ့ဒီအိမ်မှာကယ်တင်ခြင်းရောက်ပြီ။ လူ့သားသည် ပျောက်သောသူရှာဖို့၊ အာဗြဟံ၏သား ဇက္ခဲကိုကယ်တင်ဖို့ လောကကို ကြွလာပါတယ်"လို့ ကျူပ်ပြောလိုက်သဗျ။ (အဲဒါပဲဗျ။ ဧဝံဂေလိတရား သတင်းဆိုတာက ပျောက်သောသူအတွက်ပဲဗျာ)

## ပေးလှူခြင်းနှင့်ရယူခြင်း

ဆရာပြောခဲ့တဲ့အထဲမှာ ပေးလှူခြင်းဟာအရေးကြီးတဲ့အကြောင်း၊ ခဏခဏမပါပါတယ်၊ဒါပေမဲ့ တစ်ခါတစ်လေကျတော့ ဆရာပြောတဲ့ပုံက ဒဝဖို့ခဖို့ပေးအောကာမမရှံ့လောက်တဲ့ သဘောဗျ၊ ဥပမာ,, ဆရာပြောခဲ့တဲ့ သူဌေးသားအကြောင်းပေါ့၊ ထာဝရအသက်ရဖို့ သူ့ရဲ့စည်းစိမ်တွေကိုစွန့်ဖို့ ဆရာပြောထားတယ်၊ အဲဒါကို ဆရာရှင်းပြနိုင်ရင် သိပ်ကောင်းမှာပဲ၊ ဆယ်ဖို့တစ်ဖို့ ပေးလှူခြင်း၊ မာဒရဲ့ ဆောက်ဖြိုလားခွေပဲ့ဗျာ၊

တစ်နေ့တော့ ဗိမ္မာန်တော်ရဲ့အလှူခံပုံးဘေးမှာ ကျွန်တော်ထိုင်နေခဲ့ပါတယ်။ အဲ့သမှာလူတွေလာပြီးတော့ အလှူငွေတွေ အသီးသီးပေးလှူကြတယ်။ သူတို့လှူတာကို ကျုပ်တိတ်တိတ်လေး စောင့်ကြည့်တာပေါ့ဗျာ။ တစ်ချို့သူဌေးတွေက လာပြီးတော့ ခပ်များများလှူကြတာပေ့ါ။ အဲသမှာ အဘော်လေးဆင်းရဲရှာတဲ့ မုဆိုးမတစ်ဦးရောက်လာပြီး သူ့ပိုက်ဆံအိတ်ကလေးကိုဖွင့်လိုက်ပါတယ်။ ပြီးတော့ သူ့အိတ်ထဲရှိသမျှကို ပေးလှူလိုက်သဗျ။

ဟုတ်ကဲ့

သူ့ဗိုက်ဆံတွေအကုန်လုံးမှ နှစ်ကျပ်ပဲဗျ။ အဲဒါသူပိုင်သမျှ အကုန်ပေါ့။ အဲဒါကိုသူအကုန် ပေးလှူလိုက်တာ။(ခဏနားပြီး) ကျုပ်က ကျပ်တပည့်တွေကိုခေါ်ပြီး "ဒီမုဆိုးမဟာ တစ်ခြားသူဌေးတွေထက် ပိုလှူခဲ့ပါတယ်။ ဒီသူဌေးတွေဟာ သူတို့ပိုင်သမျှထဲက အနည်းငယ် လောက်ပဲလှူခဲ့ပေမဲ့ ဒီအမျိုးသမီးကျတော့ ရှိသမျှအကုန်လှူခဲ့ပါတယ်။ ပြောပြလိုက်ပါတယ်ခင်ဗျာ။

**အဲဒီအမျိုးသမီးကအဲသလောက် အကုန်လှူလိုက်တာဟာ သူပဲစေတနာရက်ရောလို့လား၊ ဒါမှမဟုတ်ရူးနေသလားနော်၊**

မဟုတ်ဘူးဗျ။ အဲမှာနည်းဥပဒေတစ်ခုရှိတယ်ဗျ။ ခင်ဗျား ဘယ်လောက်ပေးလှူသလဲ။ ဘယ်နှစ်ပုံးပေးသလဲ။ ခင်ဗျားပေးရင် ပေးသလောက် ပြန်အပေးခံရမယ်ဆိုတဲ့ သဘောတရားပဲဗျ။

တီအီးပေါင်း ၈၇

## ငွေကြေးအပေါ် စိုးရိမ်ကြောင့်ကြခြင်း

ဆရာအဲသလိုပေးလျှုမို့, ပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ကိုယ့်တဝရပ်တည်ချက်အတွက်လည်း၊ ထည့်တွက်မစဉ်းစား သင့်ဘူးလားခင်ဗျာ။ ဥပမာ၊ ကျွန်တော်ကပိုက်ဆံတွေ လှူပစ်လိုက်ပြီဆိုရင် ကျွန်တော် ဘာနှင့်စားသောက်တော့မလဲ၊ အသက်ရှင်မှုကုန်ကျငွေတွေ၊ အခွန်တွေ ဘယ်လိုဆောင်ရမလဲ၊ မိသားစုကို ဘယ်လိုစောင့်ရှောက်နိုင်တော့မလဲဗျာ၊ အသက်ကြီး လာတော့ရော သူများဆီမှာပဲ မှီခိုနေရတော့မှာလားခင်ဗျာ။

(ခေါင်းတစ်ဆတ်ဆတ်ညိတ်ရင်း)

မနက်ဖြန်ကိစ္စအတွက်နှင့်မစိုးရိမ်ပါနှင့်ဗျာ။ စားဝတ်နေရေး အတွက်လည်းမစိုးရိမ်နှင့်ကွာ။ လူ့ဘဝဆိုတာက အဲသလောက်သော အရာတွေထက် တန်ဖိုးရှိသဗျ။ ခင်ဗျားကြည့်လိုက်ပါ။ ကောင်းကင်မှာပျံ တဲ့ငှက်တွေ။ သူတို့မစိုက်ပျိုးရပါဘူး။ စပါးစုတဲ့ကိုဒေါင်တွေလည်း ရှိမှမရှိတာ။ ဒါပေမဲ့ဘုရားသခင်ဟာ သူတို့ကိုကျွေးမွေးတယ်လေ။ ခင်ဗျားယုံကြည်စမ်းပါ။ ဘုရားသခင်ရှေ့မှာ ကျေးငှက်သာရကာ တွေထက် လူကတန်ဖိုးရှိသဗျ။ ဘာကိုဝတ်ရမလဲလို့လည်း မစိုးရိမ်ပါနဲ့။ လယ်ကွင်းပြင်မှာ တောနှင်းပင်နှင့်လှလိုက်တာကြည့်ဗျာ။ ဘယ်လောက်လှလဲ။ သူတို့အဲသလိုလှအောင်လို့ ဘယ်သူကမှစိုက်တာ မဟုတ်ဘူးနော်။ ဒါပေမဲ့အဲဒီအပင်တွေရဲ့လှချက်ကတော့ ရှောလမုန်မင်းကြီး ရဲ့ အလှဆုံးချည်ထည်ထက်တောင် လှနေသေးတာမဟုတ်လားဗျာ။ အဲသလောက်ခဏတာခံတဲ့ တောနှင်းပင်တောင်မှ ဘုရားသခင်ကဒီလို လှအောင်လုပ်မှတော့ လူသားတွေကို ဒို့ထက်မကပြုဦးမယ် မဟုတ်လားဗျ။

အိပ်မက်သစ်

ဒီတော့ အဲသလိုအသေးအမွှားကိစ္စဖြစ်တဲ့ ဘယ်လိုဝတ်စားနေရမလဲ ဆိုတာ လောက်နှင့်တော့ အချိန်ကုန်မခံနှင့်တော့။ အဲသလိုနေတာက ဘုရားမရှိတဲ့ လူတွေ စိုးရိမ်တာမျိုးဗျ။ မင်းတို့လိုတာကို ဘုရားသခင် သိထားပြီးသားပါ။ ဒီတော့ ဘုရားသခင်ရဲ့အလိုတော်ကို အရင်ရှာကြပါတော့။ အဲသလို အလိုတော်ကိုအရင်ရှာရင် ကျန်တဲ့အရာတွေကိုပါ ဘုရားသခင်က ပေးမှာဗျ။

**ဆရာကအဲဒီခံယူချက်နှင့်ပဲ အသက်ရှင်နေသလိုပဲဗျ။ ဆရာမှာလည်း အိမ်မရှိ၊ ယာမရှိဘူးပဲ၊ ဟုတ်ပါသလားခင်ဗျာ၊**

မြေခွေးမှာတောင် နေစရာဂူရှိပါတယ်။ ငှက်မှာလည်း အသိုက်ရှိပါသေးတယ်။ ကျုပ်မှာတော့ခေါင်း ချစရာ၊ နားစရာ နေရာလေးတောင် မရှိပါဘူးဗျာ။ (ခဏနားပြီး)ဒါပေမဲ့ကျုပ်နောက်လိုက် ဖို့အတွက်နှင့် အိမ်ယာနှင့်မိသားစုကို စွန့်တဲ့လူတွေကိုတော့ တစ်နေ့ကျရင် သူတို့စွန့်ခြင်းရဲ့ အဆတစ်ရာမက ပြန်လည်ချီးမြှင့်မဗျ။ သူတို့ဟာလည်း ထာဝရအသက်ကိုရကြမှာဗျ။

**ကောင်းပါပြီဗျာ၊ ဆရာ့ရဲ့အာဘော်တွေက အမြင်တစ်မျိုး ကို ပေးသဗျာ၊**

ကျုပ်ပြောနေတာကတော့ဗျာ။ အနာဂတ်အတွက် သိပ်မစိုးရိမ် ဖို့ပါပဲ။ ဒီနေ့အတွက်လည်း ခင်ဗျားမှာစိုးရိမ်စရာ၊ လုပ်စရာတွေအများကြီး ရှိမှာပဲလို့ ထင်ပါတယ်။ ဒီတော့ ဒီနေ့အတွက် လုပ်သွားရုံပါပဲဗျာ။ မရောက်လာသေးတဲ့ မနက်ဖြန်အတွက် ကြိုမစဉ်းစား၊ မစိုးရိမ်သင့်ပါဘူး ခင်ဗျား။

**အိပ်မက်သစ်**

## လက်ထပ်ခြင်းနှင့်ကွာရှင်းခြင်း

လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းခြင်းအပေါ် ဆရာ့ရဲ့ အမြင်ကိုပါသိချင်ပါတယ်၊အထူးသဖြင့် ကွာရှင်းခြင်းကို ဘယ်လို မြင်လဲ၊ သဘောထားသလဲပေါ့။

ခင်ဗျားမေးသလိုပါပဲ။တစ်နေ့တော့ ဖာရိရှဲတစ်ချို့ ကျုပ်ဆီ လာပြီး အဲဒီကိစ္စကိုမေးပါတယ်။ ကျုပ်ကိုမေးဖို့ သူတို့ဆီမှာအဆင်သင့်ပဲဗျ။ "အကြောင်းပြချက်တစ်ခုခုကြောင့် ယောကျ်ားက သူ့မိန်းမကိုကွာရှင်း ချင်ရင်၊ တရားဝင်ပါသလား"တဲ့။ ဒီတော့ကျုပ်လည်း "မောရှေရဲ့ပညတ္တိ ကျမ်းမှာ ဘယ်လိုရေးထားသလဲ"လို့ ကျုပ်ပြန်မေးလိုက်ပါတယ်။ "ကွာရှင်းစာရေးရင် တရားဝင်ကွာလို့ရတယ်လို့ ရေးထားပါတယ်"လို့ သူတို့ပြန်ဖြေပါတယ်။ အဲဒီမှာကျုပ်ကလည်း "မင်းတို့ရဲ့စိတ်နှလုံးထဲမှာ ကွာရှင်းဖို့ စိတ်ဓာတ်တွေများနေလို့ မောရှေက ခင်ဗျားတို့ကို ခွင့်ပြုလိုက် တာဗျ။ ဒါပေမဲ့ ဘုရားသခင်ဖန်ဆင်းစက အဲသလိုမဟုတ်ဘူး။ လူမိန်းမနှင့် ယောကျ်ားကို ဘုရားသခင်က ပေါင်းစပ်ပေးတာဗျ။ အဲဒီမှာ ဘုရားသခင်က "ထိုအကြောင်းကြောင့်၊ ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ့် ခင်ပွန်း၌ မှီဝဲသဖြင့် ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရမည်" လို့ ရေးထားတာ ခင်ဗျားတို့မဖတ်ဖူးဘူးလား။ "ဘုရားသခင် စုံဖက်၊ ပေါင်းစပ်တဲ့သူတွေကို လူတွေမဖျက်ပါစေနှင့်"လို့ ကျုပ်မှာလိုက်ပါတယ်။

**အိမ်မက်သစ်**

**ယောကျ်ားကသူ့မိန်းမကိုကွာရှင်းရင်ဘာဖြစ်သွားမလဲခင်ဗျ၊**

ယောကျ်ားတစ်ဦးက မိန်းမကိုကွာရှင်းပြီး၊ နောက်အိမ်ထောင်ပြုရင်တော့ ဖောက်ပြန်တာပဲဗျ။ အဲသလိုပဲ အမျိုးသမီးက သူ့ယောကျ်ားကိုစွန့်ပြီး နောက်တစ်ယောက်ယူရင် အဲဒါလည်း ဖောက်ပြန်မှုအဖြစ်ပါပဲ။ အဲဒီအမျိုးသမီးကို လက်ထပ်တဲ့လူလည်း ဖောက်ပြန်တာပဲခင်ဗျ။

**တစ်ခြားဘာနည်းလမ်းမှ မရှိတော့ဘူးလား၊ ဒီအတိုင်းပဲလား၊**

အဲဒီကိစ္စကို ဖာရိရှဲတွေနှင့်ပြောပြီးလည်းပြီးရော။ ကျုပ်တပည့်တွေက သူတို့ကြားတဲ့အပေါ်ကို အတော်မယုံသင်္ကာ၊ သံသယရှိနေသေးတာဗျ။ ကျုပ်ပြောတဲ့စကားတွေ သေချာရဲ့လားလို့တောင် သူတို့မေးသေးတယ်။ အဲဒါအမှန်ပါလို့တောင် သူတို့ကိုထပ်ပြောခဲ့ပါတယ်။ အဲဒီမှာ သူတို့ထဲကတစ်ယောက်က "ဒီပုံအတိုင်းဆိုရင်၊ မိန်းမယူတာသိပ်မကောင်းဘူးပဲ"လို့တောင် မှတ်ချက်ချသေးသဗျ။

**အဲဒီတော့ဆရာဘာပြောလိုက်သလဲ၊**

"ငါအခုပြောနေတာတွေက လူတိုင်းအတွက်မဟုတ်ပါဘူး။ ဘုရားသခင်က ဒီစကားကိုဖွင့်ပြတဲ့ လူတွေအတွက်သာ လောက်ပါပဲ။ တစ်ချို့ကျတော့ မွေးကတည်းက မိန်းမလျှာတွေဖြစ်ကြတယ်။ တစ်ချို့တွေကျပြန်တော့ ဘာသာရေးအတွက်ကြောင့် အိမ်ထောင်မပြုပဲနေကြပါတယ်။ ဒါကြောင့် ဒီစကားကိုခံယူနိုင်တဲ့လူအတွက်သာဖြစ်ပါတယ်"လို့ ကျုပ်သူတို့ကို ပြန်ပြောခဲ့ပါတယ်။

**အိပ်မက်သစ်**

## ကလေးများနှင့်ပတ်သက်၍

ဆရာကအိမ်ထောင်ရေး၊မိသားစုရေးတွေမှာ ဆန့်ကျင်နေတာ မဟုတ်ဘူးဆိုတာ အခုမှရှင်းတော့တယ်ဗျာ၊

တစ်နေ့ ကျုပ်လူအုပ်ကြီးနှင့်အတူ ရှိနေချိန်မှာပေါ့ဗျာ။ တစ်ချို့မိဘတွေက သူတို့ကလေးတွေကိုခေါ် ဆောင်လာပြီး သူတို့ခေါင်းပေါ် လက်တင်ဆုတောင်းပေးဖို့ တောင်းဆိုတာဗျ။ အဲဒါကို ကျွန်တော့တပည့်တွေက ကျွန်တော့်အတွက် အနှောက်အယှက်ထင်တော့ ကလေးတွေကို ကျုပ်ဆီမသွားခိုင်းဖို့ သူတို့မိဘတွေကို အော်ငေါက်လိုက်တယ်။ အဲဒါကိုကျုပ်တွေ့တော့ စိတ်မကောင်းဘူးဗျ။ ပြီးတော့ သူတို့ဆီကို "ကလေးတွေ ငါ့ဆီလာခွင့်ပြုကြပါ။ မတားဆီးကြပါနှင့်။ ကောင်းကင်နိုင်ငံတော်ဟာ အဲဒီလိုဖြူစင်တဲ့ကလေးတွေအတွက်ပဲ ဖြစ်ပါတယ်၊ အရိုးသားဆုံးပြောရရင် မင်းတို့ထဲကလူတွေဟာ ဒီက ကလေးတွေလို ရိုးသား၊ဖြူစင်မှုမရှိရင် ကောင်းကင်နိုင်ငံကို ဝင်ရမှာ မဟုတ်ဘူး"လို့ ပြောလိုက်ရသဗျ။

ပြီးတော့ဆရာက ကလေးတွေကိုခေါ်ပြီး ထွက်သွားရော လား၊ သူတို့ကိုကျုပ်ရင်ခွင်ထဲသွင်းပြီး၊သူတို့အပေါ် လက်တင်ကောင်းကြီးပေးပါတယ်။

**အိပ်မက်သစ်**

ဒီလိုလုပ်တော့ နှလုံးသားကို နွေးထွေးသွားစေတာပေါ့နော်၊ အထူးသဖြင့် သားရှင်၊ သမီးရှင်မိဘတွေကြည်နူးတာပေါ့။

(ပြုံးရယ်လျက်)

ဆရာ့ရဲ့လုပ်ရပ်တွေကိုကြည့်ပြီးတော့ ဆရာဟာ ကလေးတွေအပေါ် သည်းခံနေရုံမျှမဟုတ်ပဲနှင့် ကလေးတွေကို တစ်ကယ်ချစ်နေတာကို တွေ့ရသဗျ။

တစ်နေ့မှာတော့ ကျုပ်တပည့်တွေက အကြီးအကျယ်ဆွေးနွေးကြတာဗျ။ ပြီးတော့ အဖြေကို ကျုပ်ဆီလာတောင်းကြတာပေါ့။ သူတို့ဆွေးနွေးတဲ့အရာကဘာလဲဆိုတော့ "ကောင်းကင် နိုင်ငံမှာ အဘယ်သူဟာ အကြီးမြတ်ဆုံးဖြစ်မလဲ"တဲ့။ ကျုပ်တို့ဘေးမှာလည်း ချာတိတ်တစ်ယောက် ရပ်နေတာကိုတွေ့တာနှင့်၊ သူ့ကိုခေါ်ပြီး ကျုပ်တပည့်တွေဘက် လှည့်ခိုင်းလိုက်တယ်။ ပြီးတော့ "မင်းတို့၊ ဒီကလေးကို တွေ့တယ်မဟုတ်လား။ ဒီကလေးရဲ့ စိတ်ထားလိုပဲ၊ မင်းတို့ဟာ စိတ်နှလုံးသားနူးညံ့နိုင်မှ၊ ကောင်းကင်နိုင်ငံကို ဝင်နိုင်မယ်ဗျ။ အဲသလိုမဟုတ်ရင်တော့ မဝင်ရဘူး"လို့ ပြောပြလိုက်ပါတယ်။

ဟုတ်ကဲ့ပါ။

လူတစ်ယောက်ဟာ ကျွန်တော့်ကြောင့် ကလေးတစ်ယောက်ကို လက်ခံမယ်။ ကူညီမယ်ဆိုရင် သူဟာ ကျွန်တော့်ကို လက်ခံကူညီတာနှင့် အတူတူပဲဖြစ်ပါတယ်။ အဲသလိုပဲ ကျုပ်ကိုယုံကြည်တဲ့ကလေးတစ်ယောက်ယောက်ကို မကူညီတဲ့အပြင် လမ်းလွဲပျက်စီးအောင်လုပ်မယ်ဆိုရင် အဲဒီလိုလုပ်တဲ့သူဟာ လည်ပင်းမှာကျိတ်ဆုံကိုချည်ပြီး ပင်လယ်နက်ထဲချရင် ပိုကောင်းသဗျ။

**အိုင်မကိုသစ်**

ဆရာဆိုလိုတာက ယုံကြည်ခြင်းလမ်းလွဲအောင်လုပ်ရင် ဖြစ်ဒါဏ်ခံသင့်တယ်လို့ ပြောတာလားဗျ။

(ရှေ့နဖူးကိုလက်နှင့်အသာကုတ်လျက်)အင်း အဲဒီထက်ဆိုးတာက ဘာမှမရှိတော့ဘူးလေ။ ဒီတော့ဒီလိုလုပ်တဲ့လူကို ဒီလိုကြီးလေးတဲ့ပြစ်ဒဏ် ပေးသင့်သပေါ့ဗျာ။

## ကောင်းကင်နိုင်ငံတော်

ဆရာ့ရဲ့ဟောပြောမှုထဲမှာ ကောင်းကင်နိုင်ငံတော်( **The Kingdom of Heaven** )နှင့် ဘုရားသခင်၏နိုင်ငံတော်( **The Kingdom of God** )ဆိုပြီး ခွဲထားတာတွေ့ရပါတယ်၊ ဒီဝေါဟာရနှစ်ခုကို ရှင်းပြစေချင်ပါတယ်၊

တစ်ချို့ဖာရိရှဲကျမ်းတတ်ပုဂ္ဂိုလ်တွေက ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ ဘယ်တော့ရောက်မလဲလို့ မေးတတ်ကြပါတယ်။ အဲဒီတော့ကျုပ်ကလည်း “ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ ခင်ဗျားတို့ထင်သလို အကောင်နှင့်မဟုတ်ဘူး၊ ဒီမှာကြည့်ကြ ဘုရားသခင်ရဲ့နိုင်ငံတော် ရောက်လာပြီလို့ ပြောရလောက်အောင်မြင်နိုင်တဲ့အရာကိုင်နိုင်တဲ့အရာ လည်းမဟုတ်ဘူး။ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာ မင်းတို့စိတ်နှလုံးသားထဲမှာ ရှိနေတဲ့အရာပါ”လို့ ပြောရသဗျ။

လူတစ်ဦးစီနှင့်ဆိုင်တာပေါ့၊

ခင်ဗျားကို ကျွန်တော်ရှင်းပြမယ်။ကောင်းကင်နိုင်ငံတော်ဆိုတာက မီးခွက်ကိုင်ပြီး မင်္ဂလာဆောင်သတို့သားကိုစောင့်ကြိုတဲ့ မိန်းမပျို ဆယ်ယောက်နှင့်တူသဗျ။ သူတို့အားလုံးက သူတို့ရဲ့ ဆီမီးခွက်ကိုယ်စီနှင့် စောင့်နေပါတယ်။ ပြီးတော့ သတို့သားကိုစောင့်ဖို့ သွားကြသတဲ့။ အဲဒီမှာ လူ၅ယောက်က တိကျလိမ္မာပြီး ကျန်၅ယောက်ကတော့ နမော်နမဲ့ ရှိနေကြတယ်။ အဲဒီနမော်နမဲ့နေသူတွေက မီးခွက်ယူလာပေမဲ့ လောင်စာဆီ အပိုမထည့်ခဲ့ဘူးလေ။ ဒီလိုနှင့် သတို့သားလာမယ်လို့ထင်တဲ့အချိန်ထက် နောက်ကျပြီးမှ သတို့သားရောက်လာတော့ သူတို့ဟာမစောင့်နိုင်ပဲ အိပ်ပျော်ကြသဗျ။ ညသန်းခေါင်ယံချိန်ရောက်တော့ ‘သတို့သား

ရောက်လာပြီ ထပြီးကြိုဆိုကြ"ဆိုတဲ့အသံကြားတော့ သူတို့အားလုံးပြာတီး ပြာယာနှင့် နိုးလာသတဲ့။ အဲဒီအပျို၁၀ယောက်လည်း ထပြီးမီးထွန်းကြရော။ အဲဒီမှာနမော်နမဲ့လူ၅ယောက်မှာ လောင်စာဆီ မရှိတော့ဘူးတဲ့။ ဒီတော့ သူတို့သူငယ်ချင်းတွေဆီကို လောင်စာဆီ ဝေပေးဖို့ တောင်းကြတော့ "ငါတို့မှာမင်းတို့ကိုပေးဖို့ အလုံအလောက်မရှိတော့ဘူး။ သွားပြီး ဆိုင်မှာဝယ်ကြပါတော့"လို့ အပြောခံရကြသတဲ့ဗျာ။ အဲဒီမှာ နမော်နမဲ့ လူတွေ လောင်စာဆီဝယ်ဖို့ထွက်သွားတုန်း သတို့သားကရောက်လာပြီး သတိတရားနှင့်နေတဲ့ အပျိုတွေဟာ သတို့သားကိုခြံရံပြီး မင်္ဂလာဆောင်ပွဲကို လိုက်သွားနိုင်သတဲ့ဗျာ။ မင်္ဂလာညေ့ခန်းထဲရောက်တာ နှင့် အခန်းတံခါးတွေ အကုန်ပိတ်ထားလိုက်တယ်။ အဲဒီအချိန်မှ နမော်နမဲ့ရှိတဲ့အပျိုကညာ ၅ယောက်က ရောက်လာပြီး "သခင်၊ တံခါးကို ဖွင့်ပေးပါ"လို့ တောင်းဆိုပေမဲ့ အိမ်ရှင် က"မင်းတို့ကိုငါမသိဘူး"လို့ ပြောသတဲ့ဗျာ။ ဒီလိုပဲဗျကောင်းကင်နိုင်ငံက ဒီဥပမာနှင့်တူသဗျ။

ကောင်းကင်နိုင်ငံက အဲဒါနှင့်တူတယ်လို့ဆိုတာက လူတွေဟာ သတိတရားရှိမယ်၊ ပြင်ဆင်မယ်ဆို ရင်ဝင်နိုင်တာပေါ့ ဟုတ်လားခင်ဗျ။

ကောင်းကင်နိုင်ငံက နောက်ပုံပြင်တစ်ခုနှင့်လည်းတူပါတယ်။ သူဌေးတစ်ဦးမှာ တပည့်သုံးယောက်ရှိပါတယ်။ တစ်နေ့တော့ သူဌေးက သူခရီးသွားခါနီးမှာ သူ့တပည့်တွေကိုခေါ်ပြီးသူ့မှာ ရှိတဲ့ငွေတွေကိုဝေ ပေးပါတယ်။ တစ်ယောက်ကိုငွေဆယ်သိန်းပေးသဗျ။ နောက်တစ်ယောက် ကိုတော့ ၅သိန်းပေါ့။ ကျန်တစ်ယောက်ကိုတော့ တစ်သိန်းပဲပေးတယ်။

အဲဒီငွေတွေနှင့်အရင်းလုပ်ပြီး ကြီးပွားကြဘို့လည်း မှာခဲ့သတဲ့။ ပြီးတော့ သူမြို့ကနေထွက်ခွာသွားတယ်ဗျ။ သူတပည့်ထဲကငွေဆယ်သိန်း ရတဲ့တပည့်ကငွေအရင်းလုပ်တော့ နောက်ထပ်ဆယ်သိန်းရသတဲ့။ ငါးသိန်းရတဲ့လူကလည်းနောက် ထပ်ငါးသိန်းရသတဲ့။ တစ်သိန်းရတဲ့လူ ကတော့သူ့ငွေတွေကိုယူပြီး လယ်ကွင်းထဲမှာ မြေကျင်းတူးပြီး ငွေကိုဝှက်ထားသတဲ့။ ကာလအတန်ကြာတော့ သူဌေးကသူ့ခရီးသွာရကနေ ပြန်လာပြီးသူ့တပည့်တွေကို ဆင့်ခေါ်လိုက်တယ်။ ပြီးတော့သူထုတ်ပေး ပေးတဲ့အရင်းအနှီးအတွက်ဘယ်လောက် အမြတ်ရသလဲလို့မေးသဗျ ငွေဆယ်သိန်းရတဲ့တပည့်က "ဆရာပေးတဲ့ဆယ်သိန်းနှင့် အမြတ်ဆယ်သိန်းပါ" ဆိုပြီးသူဌေးကိုပေးတော့ သူဌေးကကျေနပ်သဗျ။ ပြီးတော့ "သစ္စာရှိတဲ့ တပည့်၊ မင်းက ငါ့အလုပ်ကို သစ္စာရှိရှိလုပ်ခဲ့တဲ့အတွက် မင်းအတွက်နေရာကောင်းတွေ ငါပြင်ဆင်ပေးမယ်" လို့ဆိုသဗျ။ နောက်ငါးသိန်းရတဲ့ တပည့်ကလည်း "ဆရာပေးတဲ့ငါးသိန်းနှင့် အမြတ်ငါးသိန်း" ဆိုတော့ သူဌေးက ဝမ်းမြောက်နေပြန်သပေါ့။ အရင်ကလိုပဲ ချီးမွမ်းခဲ့သပေါ့။ ဒီမှာ နောက်ဆုံးတပည့်အလှည့် ရောက်လာတယ်။ အဲဒီလူက "ဆရာက သိပ်ပြီးစည်းကမ်းရှိတဲ့လူ ကိုယ်မလုပ်ပဲအချောင်ရချင်တဲ့လူဖြစ်လို့ ဆရာ့ဆီက ပိုက်ဆံတွေကို ကျွန်တော်အရင်းအနှီးမလုပ်ရဲပါဘူး။ ရှုံးမှာကိုကြောက်ပါတယ်ဆရာ။ ဒါကြောင့် မြေကြီးထဲဝှက်ထားပါတယ်။ ဒီမှာဆရာပေးတဲ့ တစ်သိန်းတိတိပါ။ တစ်ပြားမှမလျော့ပါဘူး" လို့တင်ပြသတဲ့။ သူဌေးက " အဖျင်းထုတဲ့ တပည့်၊ ရှီးအတဲ့တပည့်။ ငါကအဲသလိုစိတ်ရှိတာမင်းသိရင် အတိုးရအောင် ပွဲစားတွေလက်ထဲအပ်လိုက်ပေါ့။ ငါ့တပည့်။ မင်းဟာအသုံးမကျဘူး။" ဆိုပြီး

အပြစ်တင်လိုက်ပါသတဲ့။ အဲဒီနောက်မှာ အသုံးမကျတဲ့သူ့ရဲ့ ငွေတွေကိုယူပြီး။ အမြတ်လုပ်တတ်တဲ့ တပည့်ကိုပေးအပ်သတဲ့ဗျာ။ ပြီးတော့ "သစ္စာရှိတဲ့သူ၊ ကြီးပွားအောင်လုပ်တဲ့သူကို ပြည့်ဝကြွယ်ဝခြင်းကိုပေးမယ်။ ပျင်းရိတဲ့လူ၊ အလုပ်မလုပ်တဲ့ သူကိုပြန်ပြီးရုတ်သိမ်းမယ်" လို့ဆိုသဗျ။

ဆရာ့ရဲ့ ဆိုလိုတဲ့သဘော အဓိပ္ပာယ်ကိုတော့ ကျွန်တော် ရေးရေးလေးမြင်လာရသလိုပဲဗျ။ ဒါပေမဲ့ မသေချာသေးလို့ပါ။

ကောင်းကင်နိုင်ငံတော်က ဒီပုံပမာလေးနှင့် လည်းတူသဗျ။ စပျစ်ဥယျာဉ်ပိုင်ရှင်ဟာ သူ့ဥယျာဉ် ကိုလုပ်ဖို့ အလုပ်သမားငှါးဖို့ မနက်အစောကြီး ထွက်သွားသတဲ့။ အလုပ်သမားတွေကိုတစ်နေ့ ၂၀၀၀ ကျပ်ပေးဖို့ ပြောသဗျ။ မနက်ကိုးနာရီလောက်မှာလည်း တချို့လူတွေ လမ်းပေါ်မှာ ယောင်လည်လည်ရှိနေတာ တွေ့တော့လည်း အဲဒီလူတွေကို ခေါ်ပြီး သူ့ဥယျာဉ်မှာလုပ်စေသတဲ့။ နေ့လည်မွန်းတည့်ချိန်၊ မွန်းလွဲချိန် မှာလည်း၊ လူတွေကိုလမ်းမပေါ်ကနေခေါ်ပြီး သူ့ရဲ့စပျစ်ဥယျာဉ် ထဲမှာခေါ်သတဲ့။ ညနေဝင်ခါနီး ငါး နာရီလောက်မှာ လူတွေလမ်းပေါ်မှာ လျှောက်သွားတာတွေ့တော့ "ဘာကြောင့်လမ်းသလားနေတာတုန်း" လို့မေးပါတယ်။ အဲဒီလူတွေက "ကျွန်တော်တို့ကိုငှါးမဲ့ အလုပ်ရှင်မရှိ လို့ပါ" ဆိုတော့ အဲဒီလူတွေကိုခေါ်ပြီး သူ့စပျစ်ဥယျာဉ်မှာ အလုပ်လုပ်စေခဲ့ သဗျ။ ညမိုးချုပ်တော့ လုပ်သားတွေကို လုပ်အားခပေးပါတယ်။ နောက်ဆုံးဝင်တဲ့သူကိုကျပ် ၂၀၀၀ပေးသဗျ။ အဲဒီမှာ မနက်အစောကြီး အလုပ်လုပ်တဲ့လူတွေက "ဒီလူ တွေတောင်ဒီလောက်ရရင်၊ ငါတို့တော့ပိုရ မှာပဲဗျ" ဆိုပြီးကြိတ်ပျော်နေကြတာဗျ။ ဒါပေမယ့် စပျစ်ဥယျာဉ် ရှင်က ပိုမပေးဘူးဗျ။ အဲဒီမှာ စောစောအလုပ်ဝင်တဲ့လူတွေက ငါတို့က

တစ်နေကုန်အလုပ်လုပ်တာတောင် တစ်နာရီ၊ နှစ်နာရီမျှသာလုပ်တဲ့ လူတွေနှင့် လုပ်အားခတူရသလားဆိုပြီး အလုပ်ရှင်ကို အပြစ်တင်ကြလေရဲ့၊ အလုပ်ရှင် ကလည်း မင်းနှင့်ငါသဘောတူတဲ့အတိုင်း မင်းကိုငါပေးတာပါ။ ငါက တခြားလူတွေကိုပေးချင်တဲ့အတိုင်းမပေးရပေဘူးလား။ ငွေပိုက်ဆံနှင့် ငါရက်ရောတာ၊ စေတနာရှိတာ မင်းဒေါသထွက်ရသလား။ မင်းကိုငါ အပြစ်မပြုခဲ့ပါ၊ အဲသလိုပဲ. . . ဘဝမှာနောက်ကျတဲ့လူတွေဟာ အရင် ရောက်လာကြမယ်။ အရင်ကျတဲ့လူတွေဟာ နောက်ကျ၍နေလိမ့်မယ်" လို့ပြန်ပြောလိုကသဗျ။

**နောက်ဥပမာ တစ်ခုလောက် ထပ်ပြောဦးဗျာ။ ကျွန်တော် မနည်းစဉ်းစားရတယ်ဗျ။**

(ပြုံးလျက်) နောက်ဥပမာတစ်ခုကတော့။ ကောင်းကင်နိုင်ငံတော် ဟာ မုန့်ညင်းစေ့နှင့်တူသဗျ။ မုန်ညင်းစေ့ဆိုတာက သေးငယ်ပေမယ့်လို့ ရှင်သန်လာတဲ့အခါမှာ ကောင်းကင်ကငှက်တွေ လာနားချင်လောက်အောင် ကြီးထွားတဲ့သဘောရှိသဗျာ။ ပြီးတော့ ကောင်းကင်နိုင်ငံဟာ တဆေး နှင့်လည်းတူသဗျ။ အမျိုးသမီးတွေက အဲဒီတဆေးနည်းနည်းစီယူပြီး မုန့်ခွက်တွေ။ မုန့်ဖိုတွေစီမှာ နည်းနည်းစီရောပြီး မုန့်ကိုဖေါင်းစေသလိုပေါ့။ ကောင်းကင်နိုင်ငံရဲ့သဘောဟာ အဲဒီတဆေးနှင့်တူသဗျ။ နောက်ဥပမာ တစ်ခုကတော့ လယ်ထဲမှာမျိုးစေ့ကြဲတဲ့လူနှင့်တူပြန်သဗျ။ သူက မျိုးစေ့ကြဲတယ်။ ပြီးရင်တခြား သူ့အလုပ်တွေသွားလုပ်တယ်။ အဲဒီမျိုးစေ့ ကတော့ အချိန်တန်တော့ ကြီးထွားလာတယ်။ သီးမှည့်လာတယ်။ ပြီးရင် လယ်သမားက ကောက်ရိတ်ချိန်မှာ လာရိတ်သဗျ။

**ဟုတ်ကဲ့ခင်ဗျ။**

## အိပ်မက်သစ်

ကျွန်တော့်ရဲ့ အမြင်တစ်ခုကိုပြောရဦးမယ်။ ကျောင်းကာင်နိုင်ငံဆိုတာက လယ်မှာဝှက်ထား တဲ့ရွှေနှင့်တူသဗျ။ အဲဒီရွှေကိုတွေ့တဲ့လူက သူ့အပိုင်ပစ္စည်းတွေကိုရောင်းပြီး လယ်ကိုဝယ်သဗျ။

ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ။

ပြီးတော့ ကောင်းကင်နိုင်ငံဆိုတာက။ မြတ်ပုလဲကိုရှာဝယ်တဲ့ သူဌေးနှင့် တူသဗျ။ သူဌေးက မြတ်ပုလဲကိုလိုက်ရှာတယ်။ တွေ့တဲ့ အခါကျတော့ သူ့မှာရှိသမျှ ပစ္စည်းတွေကိုရောင်းပြီး၊ သူလိုချင်တဲ့ မြတ်ပုလဲကိုဝယ်လိုက်တယ်ဗျာ။ အင်း . . ကောင်းကင်နိုင်ငံဆိုတာကလည်း ဒီလိုပါပဲဗျာ။ (အာနန္ဒမျှ လဲဖို့မရတဲ့အခွင့်အာနိမိုးရှိတာဗျ။)

## တပည့်တော်များ၏မျှော်လင့်ခြင်း

ကျွန်တော်တို့အခြားခေါင်းစဉ်တွေဆွေးနွေးကြရအောင်။ ဆရာရဲ့တပည့်တော်တွေကို သီးခြားရွေးကောက်ပြီး၊ ဘာတွေသင်ကြားပေးသလဲဆိုတာကျွန်တော်သိချင်ပါတယ်။

သူတို့ကိုလမ်းညွှန်မှုလေးတွေပေးပါတယ်။ အတော်ကြာအတူနေပေးပါတယ်။ ပြီးတော့ သူတို့လေ့လာသင်ကြားခဲ့တာတွေလက်တွေ့လုပ်တတ်အောင်လို့ လက်တွေ့ကွင်းဆင်းခဲ့ပါတယ်။

အနာရောဂါ ကုသတဲ့ဟာတွေကိုပြောတာလားဗျ။

ဟုတ်တယ်။ အဲဒါလည်းအပါအဝင်ပေါ့။

ဆရာ့လိုပဲ၊ သူတို့လည်းအနာရောဂါ ဖြိမ်းခြောက်တန်ခိုးရှိသလားဗျ။

(ခေါင်းညိတ်လျက်) သူတို့ရစ်ဆိုင်ကြုံတွေ့ရမဲ့နတ်ဆိုး၊ အနာရောဂါ စတဲ့အရာတွေကိုအောင် နိုင်ဖို့ကျွန်တော်သွန်သင်တာပဲဗျ။

သူတို့ကရောလက်တွေ့လုပ်ဆောင်နိုင်ခဲ့သလားဗျ။

အင်း၊ လုပ်ခဲ့ပါတယ်။

ဘယ်တွေသွားကြသလဲခင်ဗျ။

များသောအားဖြင့်ဂါလိလဲဒေသမှာပေါ့ဗျာ။ ဘုရားတရားမရှိတဲ့လူတွေ၊ သာသနာပလူတွေ ဆီကို ကျုပ်မသွားခိုင်းဘူးဗျ။ ဣသရေလရဲ့ပျောက်သောသိုးတွေကိုလိုက်ရှာဖို့ပဲကျုပ်မှာထားတယ်။

အနာရောဂါကုသပျောက်ကင်းစေတဲ့ အပြင် တခြားဘာတွေလုပ်တတ်ကြသေးလဲခင်ဗျ။

အိပ်မက်သစ်

အင်း. . . . သူတို့ကသွားရင်လာရင်းနှင့် ကောင်းကင်နိုင်ငံတော် တည်လုနီးပြီဆိုတဲ့ သတင်းစကားကိုပြောရသဗျ။ အဲဒီသတင်းကို ကြွေးကြော်ရင်းနှင့် အနာရောဂါတွေငြိမ်း၊ သေတဲ့လူတချို့ ကိုပြန်ရှင်စေ၊ နူနာတွေကိုကုသ၊ နတ်ဆိုးတွေနှင်ထုတ်ရသပေါ့ဗျာ။

သူတို့အဲသလိုလုပ်ရတော့ ဥာဏ်ပူဇော်ခတွေ အာခတွေ ရဲလား။ ဥပမာ လူနာတွေဆရာဝန်ဆီပြလို့ ပိုက်ဆံပေးရ သလိုမျိုး ပေါ့ဗျာ။

ဟာ. . လုံးဝမရပါဘူး။ ကျွန်တော်သူတို့ကိုပြောထားတဲ့ စကား တစ်ခွန်းရှိတယ်။ "မင်းတို့အခ မဲ့ရသလို၊ အခမဲ့ပြန်ပေးကြလော့" လို့မှာထားတာဗျ။

ဒီလိုဆိုတော့ သူတို့ခရီးဝေးကာလကြာသွားရတဲ့ အခါအယ်လိုစားသောက် အသက်ရှင်ကြမလဲဗျ၊ သူတို့မှာစားဖို့ သောက်ဖို့ အလုံအလောက်ယူလာကြတာလားဗျ။

မလိုပါဘူး။ အဲဒီလိုပိုက်ဆံတွေ၊ ဆန်တွေ၊ ဆီတွေ၊ အဝတ်အစားတွေကအစ ဘာမှယူမလာရဘူးလို့ ကျုပ်သူတို့ကိုမှာထား တယ်ဗျ။

ဒါဆိုသူတို့ဘယ်လိုစားသောက်အသက်ရှင်ကြမတုန်း။

သူတို့အဓိကလိုတာဘာလဲ။ စားဖို့၊သောက်ဖို့၊အိပ်ဖို့ပဲ မဟုတ်လား။ အဲဒါတွေကိုတော့ သူတို့ကူညီကုသခဲ့တဲ့လူတွေ ပြန်ပြီး ပြုစုပါလိမ့်မယ်လို့ ကျုပ်သူတို့ကိုပြောခဲ့တာပဲဗျ။

အဲသလိုတကယ်ဖြစ်သွားတာပဲလားဗျ။

(ပုခုံးတွန့်ပြုံးလိုက်ရင်း)များသောအားဖြင့် အဲသလိုပဲဖြစ်သွား တယ်ဗျ။ ပြီးတော့ ကျွန်တော်က"သူတို့ကို ရှိသေညီ့ခံချင်တဲ့ လူအိမ်ကို

ရှာပြီးတည်းကြပါ။ မင်းတို့မှာရှိတဲ့ကောင်းချီးတွေကိုလည်း ပေးကြပါ။ မင်းတို့ရဲ့ကောင်းချီး အဲဒီလူနှင့်ထိုက်တန်ရင်သူရမယ်။မထိုက်တန်ရင်တော့ အဲဒီကောင်းချီးဟာ မင်းတို့ဆီကို ပြန်ရောက်လာလိမ့်မယ်။ တကယ်လို့ မင်းတို့ကိုညှော်ဝတ်မပြုချင်ခဲ့ရင် အဲဒီအိမ်ကနေ ပြန်ခဲ့ကြ"လို့ မှာခဲ့တယ်ဗျ။

အဲသလိုမျိုး ဆရာ့ရဲ့တပည့်တွေတည်းတဲ့မြို့ဟာ နောက်ဆုံးဘာတွေထပ်ဖြစ်ဦးမလဲဗျ။

သူတို့ကိုကျုပ်ပြောခဲ့သလိုပေါ့။ သူတို့ကိုလေးစားကြည်ညို လက်ခံတဲ့မြို့အတွက်တော့ ကောင်းတယ်။ ဒါပေမဲ့ သူတို့ကို မပြုစု မကျွေးမွေးတဲ့ မြို့တွေဟာ သောဒုံနှင့်ဂေါမောရမြို့ စီရင်တာထက် နောက်ဆုံး တရားစီရင်ရာနေ့မှာ ပိုတောင်ခံရဦးမယ်ဗျ။

ဆရာ အဲသလိုဆရာ့တပည့်တွေကို စေလွှတ်လိုက်တော့ အဲသလို အဆင်မပြေမှုတွေ ရှိနိုင်တယ်ဆိုတာ ကြိုတွက်ထား တာလားဗျ။ ဥပမာများ ညှော်ဝတ်မကျေပွန်တာတွေက အစပေါ့။

(ခေါင်းညိတ်လျက်)ဟုတ်တာပေါ့။ ကြိုပြီးတွက်ထားတာပေါ့။ အဲဒါကြောင့် သူတို့ကိုပြောတာ။ "တောခွေးစုထဲမှာ သိုးကိုစေလွှတ်သလို မင်းတို့ငါစေလွှတ်တာပါ။ အဲတော့မြွေလိုလိမ္မာပါးနပ်ပြီး ချိုးငှက်လို အဆိပ်ကင်းကင်း နေကြပါ။ လူတွေကိုသတိပြုပြီးနေကြပါ။ အနေးနှင့် အမြန်ဆိုသလို မင်းတို့ အတားအဆီး အနှောက်အယှက်တွေ ကြုံကြရမှာပဲ။ မင်းတို့လုပ်တဲ့ကောင်းမှုကုသိုလ်ကြောင့် မင်းတို့ကိုဖမ်းဆီး ရိုက်နှက် ကြမယ်။ ငါ့စကားကိုမင်းတို့ဟောပြောတဲ့အတွက် ရုံးမှာမင်းတို့ကိုတိုင်ကြား ဖမ်းဆီးကြလိမ့်မယ်"လို့ သူတို့ကိုကြိုမှာထားတာပေါ့ဗျာ။

အဲသလိုဖြစ်သွားတာ ကောင်းတဲ့ဘက်ဦးတည်သလား၊ဆိုးတဲ့ဘက်

ဦးတည်သွားသလားဗျ။

(ခေါင်းညိတ်လျက်)အင်း။ ခင်ဗျားမေးတာအဓိကအချက်ပဲဗျ။ သူတို့ကို ကျွန်တော်ပြောတဲ့စကား ထဲမှာ"အဲသလိုမင်းတို့ကိုဖမ်းဆီးပြီး ရုံးကိုခေါ်စစ်တယ် ဆိုတဲ့အခါမှာ ငါ့ကိုရုံးတော်မှာ သက်သေခံခွင့်ရတယ်။ ကမ္ဘာကြီးကိုဟောပြောခွင့်ရတယ်လို့ သဘောထားကြပါလို့" ကျုပ်မှာထား တာရှိသဗျ။

အဲသလိုအဖြစ်အပျက်တွေရှိလာမယ်ဆိုတာ ဆရာကြီးသိထားတာရှိတယ်ဆိုတော့ အဲသလို ဖြစ်ပျက်မဲ့ကိစ္စနှင့်ပတ်သက်လို့ ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတဲ့ ဆရာ့ရဲ့ဟောပြောချက်တွေရော ရှိပါသလားခင်ဗျ။

မရှိပါဘူး။ သူတို့ကိုရှောင်ဖို့ ကျုပ်မဟောခဲ့ပါဘူး။ "မင်းတို့ကိုဖမ်းဆီးစစ်ဆေးတဲ့အခါမှာ ဘာကိုပြန်ပြောရမလဲဆိုပြီး မကြောက်ကြပါနှင့်။ မင်းတို့ကိုရန်ပြုသူတွေ၊ အစိုးရတွေကမင်းတို့ရဲ့ သက်သေခံမယ့်အချိန်ကို စောင့်နေတဲ့အခါမှာ ဘာပြောရမှာကို မစိုးရိမ်ကြပါနဲ့။ သန့်ရှင်းသောဝိညာဉ်တော်က မင်းတို့ပါးစပ်ကနေ သက်သေခံထွက်ဆိုလာပါလိမ့်မယ်။ အဲဒါမင်းတို့ပါးစပ်ကနေ မင်းတို့စိတ်ကူးသလို ထွက်ရမှာမဟုတ်ဘူး။ ဘုရားသခင်အလိုတော်အတိုင်း ထွက်မှာဖြစ်တယ်" လို့ ကျုပ်မှာထားတယ်လေ။

ဆရာ့စကားကြားရတာ ဆရာ့နောက်လိုက်ဖို့ဆိုရင် ကိုယ့်ရဲ့အသက်၊ကျန်းမာရေးက အန္တရာယ်ကြုံတွေ့နိုင်တဲ့ သဘောပဲဗျ။

(သူ့မျက်နှာတည်ငြိမ်လာပြီ)ကျွန်တော်. . ကျွန်တော့်မိတ်ဆွေတွေကိုပြောခဲ့တူတယ်။ လူ့ရဲ့ခန္ဓာကိုယ် ကိုပဲသတ်နိုင်တဲ့သူကိုမကြောက်ပါနဲ့။ အဲဒီထက်ကြောက်ရမှာက လူ့အသက်ကိုသတ်ပြီးရှင်သန်ခွင့်လည်း ပေးနိုင်တဲ့အပြင် ဝိညာဉ်ကို ငရဲသို့ပို့နိုင်သူကို ကြောက်ရမယ်လို့ ကျွန်တော်ပြောခဲ့တယ်လေ။

**ဆရာ့တပည့်တွေကို အတော့်ကို သတိပေးခဲ့တာပဲ။**

ဟုတ်ပါတယ်။ ကျွန်တော့်ကိုယုံကြည်သွားတဲ့ လူတွေဟာ သူတို့မိသားစု၊ အသိုင်းအဝိုင်းနှင့်တော့ ထိပ်တိုက်ရင်ဆိုင်ရတာပဲ။ ကျွန်တော့်ကိုယုံလို့လေ။ လူတွေကလည်းသူတို့ကို ဆန့်ကျင်ကြရောပဲလေ။ ညီအစ်ကိုချင်းတောင် ရုံးကိုပို့၊အပ်နှံကြမယ်ဗျ။အဖေနှင့်သား၊ သားနှင့်အဖေ၊ မိဘကြားမှာ ကွဲပြားမှုတွေ၊ ပြဿနာတွေရှိလာမယ်ဗျ။ အချင်းချင်းတွေ လုပ်ကြံကြမယ်ဗျာ။ ကျုပ်နောက်လိုက်ဖြစ်သွားပြီဆိုရင် လူတွေက ခင်ဗျားကိုမုန်းကြမှာပဲ။ ကျုပ်ကြောင့်မုန်းကြမှာပေါ့ဗျာ။

**အားလုံးကအဲသလိုပဲလားဗျ။**

(ပခုံးတချက်တွန့်ရင်း) ကျွန်တော်ပြောတာတွေ ခင်ဗျား နားလည်မယ်ထင်ပါတယ်။

ဟုတ်ကဲ့ ဆရာ့ရဲ့ပုံပန်းအပြင်ကိုကြည့်ရတာ **ဆရာ့တပည့်တွေအတွက် စိတ်မှာနာကျင်နေသလိုပဲဗျာ။**

အမှန်ပေါ့ဗျာ။ အဲသလိုကျုပ်အတွက်နှင့်အသက်ထက်ဆုံး မဆုတ်မနစ်အသက်ရှင်သွားတဲ့လူကတော့ ထာဝရအသက်ဝင်စားရမယ်ဗျ။

**အင်း. . ဆရာ့ရဲ့တပည့်တစ်ယောက်ဖြစ်ရတာက ခံနိုင်ရည်စစ်ဆေးတဲ့သင်တန်းတစ်ခုကို တက်ရသလိုပဲဗျာ။**

**ဒိုင်ယာက်ဆစ်**

အဲဒါကလည်း အမြင်တစ်မျိုးပေါ့ဗျာ။ တကယ်တော့ ကျွန်တော်လာတာဟာ ငြိမ်းချမ်းရေးကိုယူဆောင်လာဖို့လို့ လူတွေ မထင်မှတ် သင့်ဘူးဗျ။ ကျွန်တော်အဲဒါကိုယူမလာဘူး။ ကျွန်တော်ယူလာ တာကဓါးဗျ။

ဆရာပြောတာကို ကျုပ်သေချာနားမလည်တော့ဘူး။

ကျုပ်ဒီလောကကိုလာတာက သားနှင့်အဖေကွဲပြားဖို့။ အမေနှင့်သမီး၊ယောက္ခမနှင့်ချွေးမတို့ ကွဲပြားစေဘို့လာတာဗျ။ ကျုပ်နောက်လိုက်ရင် သူတို့ရဲ့အနီးဆုံးရန်ဘက်ကတော့ သူ့မိသားစု ဝင်တွေပဲဗျ။

အတော်လေးကြမ်းကြမ်းတမ်းတမ်းပဲဗျ။

ကျုပ်နောက်လိုက်တာဆိုပြီး ကျုပ်စကားထက် မိဘ၊ညီအစ်ကို တွေရဲ့စကားကို ပိုနားထောင်တဲ့လူ၊ ပိုချစ်တဲ့လူဟာ ကျုပ်နောက်လိုက်ဖို့ မတန်ဘူးဗျ။ အဲသလိုပဲကျုပ်နောက်လိုက်တာဆိုပြီး၊ ကျုပ်ကိုချစ်တာ ထက်သူရဲ့သားသမီးကိုပိုပြီးချစ်တဲ့ မိဘတွေဟာလည်း ကျုပ်နောက်လိုက်ဖို့ မတန်ဘူး။ ကိုယ့်ရဲ့ကားတိုင်ကိုယ်ထမ်းဖို့ ငြင်းပယ်တဲ့လူတိုင်း ကျုပ်နောက် လိုက်ဖို့ မတန်ဘူးဗျ။

ဆရာ့နောက်လိုက်တဲ့လူတွေဆီကနေ ဆရာလိုချင်တာက ကိုယ့်ကျိုးစွန့်ဖို့ဆိုရင် လုံလောက်မလား။

ကိုယ့်အသက်ကိုနှမြောသောသူဟာ ဆုံးရှုံးလိမ့်မယ်ဗျ။ ဒါပေမဲ့ ကျုပ်အတွက်နှင့်အသက်ဆုံးရှုံးခဲ့တဲ့လူတွေကျတော့ အသက်ကိုပြန်ရ လိမ့်မယ်။ ကျုပ်ဆိုလိုတာ ခင်ဗျားနားလည်လားမသိဘူး။

အင်း ကျွန်တော်နားလည်တယ်လို့ထင်တာပဲ။

အိုင်ယက်ဆစ်

ကိုယ့်ရဲ့ကားတိုင်ကိုမထမ်းသရွေ့၊ ဘယ်သူမဆို ကျွန်တော့် နောက်လိုက် မဖြစ်နိုင်သေးဘူးဗျ။(ခဏ နားပြီး)ကျုပ်နောက်လိုက်မယ် ကြံရင်တော့ အရေးကြီးတဲ့ခြေလှမ်းမလှမ်းမီခင် သေချာစဉ်းစားသင့်တယ်။ အဲဒါကို ဥပမာပြချင်တယ်။လူတစ်ယောက်ဟာ တိုက်အိမ်ကောင်းကောင်း တစ်ခု ဆောက်ချင်တယ်။ ဒီတော့ သူက အဲဒီတိုက်မဆောက်ခင်မှာ သေချာစဉ်းစားပြီး ဘယ်လိုဆောက်မယ်၊ ဘယ်လိုကုန်မယ်ဆိုတာ သေချာတွက်ရသဗျ။ အဲသလိုမှမတွက်ရင်တော့ အိမ်ကိုလျှောက်ဆောက်ပြီး တစ်ဝက်တစ်ပျက်နှင့်ပိုက်ဆံကုန်လို့ရပ်သွားရင် လူတွေလှောင်စရာ ဖြစ်သွားပေမပေါ့။ "ဒီလူဗျာ၊စိတ်ကူးကောင်းပေမဲ့၊ ငွေကို ဘယ်လိုရှာ၊ သုံးမယ်ဆိုတာမသိဘူး"ဆိုပြီး လူတွေဝိုင်းဟားကြမှာပေါ့ဗျာ။

နောက်ဥပမာတစ်ခု။ရှင်ဘုရင်တစ်ပါးဟာ တစ်ခြားတိုင်းပြည် တစ်ခုနှင့် စစ်တိုက်တော့မယ်ဆိုရင် သူ့ပညာရှိတွေနှင့်တိုင်ပင်ရတယ်။ သူတို့ရဲ့စစ်အင်အား တစ်သောင်းနှင့်ရန်သူအင်အား နှစ်သောင်းကိုတိုက်နိုင် မလားဆိုတာ သေချာစဉ်းစားရတယ်။ အဲသလိုစဉ်းစားပြီး မနိုင်နိုင်ဘူးဆိုရင် သံတမန်စေလွှတ်ပြီး ပြေလည်အောင် ငြိမ်းချမ်းရေးယူလိုက်ရတယ် မဟုတ်ဘူးလားဗျ။

**ဒါဆိုရင်ဆရာ့ရဲ့နောက်လိုက်ရတာဟာ ခက်ခဲကြမ်းတမ်း တယ်လို့ ဆရာဆိုလိုတာလားဗျ။**

လူတွေကိုကျုပ်ပြောခဲ့ပါတယ်။ "ဝန်လေးတဲ့လူအပေါင်း ငါ့ဆီကိုလာပါ။ ငါချမ်းသာပေးမယ်။ ငါ့ထမ်းပိုးကိုထမ်းကြပါ။ ငါ့ဆီမှာနည်းခံကြပါ။ ငါဟာနူးညံ့သိမ်မွေ့သော၊ နှိမ့်ချတဲ့စိတ်ရှိပါတယ်။ မင်းတို့စိတ် နှလုံးသက်သာခြင်းကို ခံရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့

ငါ့ထမ်းပိုးကထမ်းလွယ်ပြီး ငါ့ဝန်ဟာလည်းပေါ့၏"လို့ ကျုပ်ပြောခဲ့တယ်ဗျ။

**ဆရာအဲသလိုခေါ်ဖိတ်လိုက်တာလူအတော်များများလာကြမယ်လို့ ကျုပ်ထင်တယ်။**

နိုင်ငံတော်ကိုဝင်ရမယ့် လမ်းပေါက်ကကျဉ်းတယ်။ ပျက်စီးခြင်းကို ရောက်စေတဲ့လမ်းနှင့်တံခါးကျတော့ ကျယ်ပြီးဝင်တဲ့လူကများပြီး အသက်ရှင်ခြင်းသို့ ဝင်တဲ့လမ်းနှင့်တံခါးတော့ ကျဉ်းမြောင်းတော့ဝင်တဲ့လူကနည်းတယ်ဗျ။

## ခေါင်းဆောင်မှုနဲ့ အမှုတော်ဆောင်ခြင်း

**ဆရာဟောတဲ့ တရားထဲမှာ အကြင်နာတရားရှိဖို့နှင့် နှိမ့်ချဖို့က အမြဲပါပါတယ်။ ဒါပေမဲ့ အခုလူတွေ မျှော်လင့်နေတဲ့ ကယ်တင်ရှင်က အဲဒါမျိုးမဟုတ်ဘူးထင်တယ်။ အဲဒီတော့. . . . ကျွန်တော်အမြင်က ဆရာ့ရဲ့ဟောပြောတဲ့စံနှုန်းက တစ်မျိုးဆန်းနေ သလိုပဲဗျ။**

ဟုတ်ပါတယ်။ လူသားတွေ၊ အစိုးရမင်းတွေ ဆိုတာက အဲသလိုအာဏာနှင့်လူတွေကို အုပ်စိုးတတ်ကြပါတယ်။ ဒါပေသည့်. . ကျုပ်ရဲ့တပည့်တွေကတော့ အဲဒီလိုမဖြစ်ရဘူးဗျ။ ကျုပ်ရဲ့လမ်းစဉ်၊ ဝါဒကတော့ဗျာ. . ခေါင်းဆောင်ဖြစ်ချင်တဲ့သူဟာ. . သူဦးဆောင်ချင်တဲ့ လူထုရဲ့ အစေခံသောသူဖြစ်ရမယ်ဗျ။ ကျုပ်ပြောပြမယ်။ ကျုပ်ကိုစေလွှတ်တဲ့အကြောင်းက လူတွေကိုခိုင်းစေ၊ အုပ်စိုးဖို့မဟုတ်ဘူးဗျ။ လူတွေရဲ့ အစေကိုခံဖို့ ကျုပ်ကိုလွှတ်လိုက်တာဗျ။ အဲဒီတော့. . ခေါင်းဆောင် ဖြစ်ချင်ရင်. . . အစေခံခေါင်းဆောင်ဖြစ်ရမယ်။

# ချစ်ခြင်းမေတ္တာနဲ့နာခံခြင်း

ကျွန်တော်မြင်သလောက်၊ ကြားသလောက်ပြောရရင် ဆရာ့မှာ နောက်လိုက်တပည့်တွေ အတော်ရှိနေပြီဗျ။ ပြီးတော့ အဲဒီလူတွေဟာ ဆရာ့ကို အံ့ဩနေလို့ လိုက်ကြည့်တာလောက် မကဘူး။ တကယ်ချစ်မြတ်နိုးလို့ နောက်တော်ကိုလိုက်နေတာ လို့လည်းသိရတယ်။ ဒီတော့ အဲသလိုချစ်မြတ်နိုးတဲ့လူအုပ်ဟာ ဆရာ့အပေါ်ကို ဘယ်လိုချစ်မြတ်နိုးပြီး ဆက်ဆံသင့်ပါသလဲခင်ဗျာ။

လူတွေကျုပ်ကိုတကယ်ချစ်တယ်ဆိုရင် ကျုပ်လမ်းညွှန်တဲ့အတိုင်း အသက်ရှင်ရပါမယ်။ ကျုပ်သွန်သင်တဲ့အတိုင်း လိုက်လျှောက်ပါမယ်။ ကျုပ်သွန်သင်တဲ့ အတိုင်းအသက်မရှင်တဲ့လူကတော့. . . ကျုပ်ကို မချစ်လို့ပေါ့။ ဒါကတော့ ရိုးရိုးလေးပဲဗျာ။ ကျုပ်ကိုချစ်ရင် ကျုပ်စကားကို နားထောင်မယ်။ ကျုပ်ကိုချစ်တဲ့ လူတိုင်းကိုလည်း ကျုပ်ရဲ့ အဘရဲ့ ချစ်ခြင်းကိုပါခံရပါမယ်။ ကျုပ်ကိုချစ်တဲ့လူတိုင်းကိုလည်း ကျုပ်ကချစ်သလို၊ ချစ်ကြောင်းကို သူတို့သိစေရပါတယ်ဗျ။ တစ်နေ့ကျရင်. . ကျုပ်နဲ့ ကျုပ်အဘက သူတို့ဆီကိုသွားပြီး သိမ်းဆည်းမယ့်အချိန်လည်း ရောက်လာမယ်ဗျ။ ပြီးတော့. . ကျုပ်ကိုချစ် တဲ့နောက်လိုက်တွေဟာ ဒီကမ္ဘာမှာ အသက်ရှင်နေသမျှကာလပတ်လုံး ဘယ်လိုအသက်ရှင်ရမလဲ ဆိုတော့ တခြားလူကိုချစ်ရမယ်ဗျ။ အချင်းချင်းချစ်ရပါမယ်။ ဒီလိုချစ်ခြင်း မေတ္တာပြခြင်းနှင့် ကျုပ်ရဲ့နောက်လိုက်တွေဖြစ်ကြောင်း သက်သေထူ ရပါမယ်။ ခင်ဗျား သိတဲ့အတိုင်းပဲဗျာ. . ကျွန်ဟာသခင်ထက်ပိုပြီး မကြီးမြတ်ရဘူးလေ။ အဲဒီတော့ ကျုပ်ပြုမူလုပ်ဆောင်တဲ့အတိုင်း

ကျုပ်တပည့်တွေလိုက်လျှောက်ဖို့တော့ ကျုပ်မျှော်လင့်ပါတယ်။ ပြီးတော့. . သူတို့ကို ကျုပ်ချစ်သလို. . သူတို့အချင်းချင်းချစ်ကြဘို့လည်း မျှော်လင့်ပါတယ်။

**ဆရာ့အပေါ်ချစ်မြတ်နိုးခြင်းအကြောင်းကိုပြောတာနှင့် ကျုပ်လူတစ်ယောက်ကိုသတိရသဗျ။ ဆရာ့အပေါ်ကို အတော်ဂရုစိုက်ရှာတဲ့ မာသလေ၊ အဲဒါဆရာ့ရဲ့ မိတ်ဆွေဟောင်းလားဗျ။**

(ပြုံးလျက်) အဲ. . . မာသအကြောင်းကိုပြောဖို့ရှိတယ်ဗျ။

**အရမ်းကြားချင်တာပဲ။**

မာသရယ်၊ သူ့ညီမမာရိရယ်နှင့် သူတို့မောင်လာဇရုတို့နှင့် စတင်တွေ့ဆုံတဲ့နေကပေါ့ကွာ၊ ကျုပ်နှင့်ကျုပ်ရဲ့နောက်လိုက်တပည့် ၁၂ဖေါ် တို့က ဒီဗေသနိရွာကိုလာကြသဗျ။ (လက်နှင့်ပြလျက်) ဒီနေရာကို ခေါ်လာတာပေါ့ဗျာ။ ကျုပ်တို့ကလည်းသူ့ရဲ့ဖိတ်ခေါ်တာကို လက်ခံလိုက်တယ်။ သူက ကျုပ်တို့ကို စားကောင်းသောက်ဖွယ်တွေနှင့် ဧည့်ခံသဗျ။ အဲဒီအချိန်မှာပဲ မာသကတော့ စားဖို့သောက်ဖို့ ပြင်ဆင်နေတာနှင့် အလုပ်တွေရှုပ်နေတယ်ဗျ။ ကြာတော့ သူလည်း မာရိကို မကျေမနပ်ဖြစ်တာနှင့် ကျုပ်ဆီလာပြီး "သခင်၊ ကျွန်မညီမက ကျွန်မကို မကူညီပဲနှင့်ဒီမှာ လာထိုင်နေတယ်။ ကြည့်ပြောပေးပါဦး" လို့တိုင်သဗျ။

**အရက်မရှိဘူး၊ ဒါမှမဟုတ် အကြည်ညိုလွန်ပြီး ထိုင်နားထောင်နေတာဘဲဆိုပြီး မကျေမနပ်ဖြစ်တာ နေမှာပေါ့နော်။**

(ပြုံးရင်း) "မာသ၊ မာသ၊ မင်းက ပူစရာမရှိပူနေပြန်ပြီ။ ဘဝမှာ အရေးမကြီးဆုံး အရာတစ်ခုပဲရှိတယ်မာသ။ အဲဒီအရေးကြီးတဲ့အရာကို

မာရိကရှာတွေ့လို့ ရွေးလိုက်ပြီ။ ဒီတော့ သူ့ကိုဘာမှ ပြောစရာမရှိဘူး” လို့ သူ့ကိုကျုပ်ပြန်ပြောလိုက်တယ်ဗျ။

**ဆိုလိုတာက၊ မာရိကရွေးချယ်မှုမှန်သွားတယ်ပေါ့။ ဆရာ့အနားမှာနေပြီး ဆရာ့ရဲ့သွန်သင်မှု၊ ဆရာ့ရဲ့ အတွေးအခေါ်တွေကို နာယူတာ ကအရေးကြီးတဲ့အရာကို ရွေးချယ်လိုက်တယ်ပေါ့။**

ဟုတ်ပါတယ်။

**ဆရာက ဒီမှာရှိတဲ့ဆရာ့ရဲ့နောက်လိုက်တွေကို တပည့်လို၊ ကျွန်လိုသဘောမထားပဲနှင့် သူငယ်ချင်းတွေလိုဖေါ်ဖေါ်ရွေရွေ ဆက်ဆံတာကို တွေ့ရပါတယ်။ သူတို့ကို သူငယ်ချင်းလို့ပဲ သဘောထားပါသလားခင်ဗျာ။**

ဟုတ်တယ်။ သူတို့ကိုကျုပ်ချစ်တယ်ဗျ။ ကျုပ်ရဲ့နောက်လိုက် ၁၂ဖေါ်ကိုကျုပ်က အစေခံကျွန်ရယ်လို့မခေါ်ဘူးလေ။ သူငယ်ချင်းလို့ပဲသူတို့ကိုခေါ်တယ်ဗျာ။ ခင်ဗျားသိပါတယ်။ ကျွန်ဆိုရင် သူ့သခင်ဘာလုပ်သလဲဆိုတာ မသိရဘူးဗျ။ လျှို့ဝှက်ထားရတယ်။ ဒါပေမဲ့ ကျုပ်ကတော့ ကျုပ်သူငယ်ချင်းတွေနှင့် အကုန်ပွင့်လင်းတယ်ဗျာ။ ကျုပ်အဘလုပ်ခိုင်းတဲ့အရာတွေကိုလည်း ပြောပြတယ်ဗျ။ ကျုပ်အဘဆီက ကြားရသမျှကိုလည်း သူတို့ဆီကိုကျုပ်ပြောပြပါတယ်။ အထူးသဖြင့် ပြောဖြစ်တာကတော့ အချင်းချင်းချစ်ဖို့ပေါ့ဗျာ။ . . .

## ဣသရေလတို့အခွင့်အရေးဆုံးရှုံး

ဣသရေလတို့ရဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ဖာရိရှဲတွေက ဆရာ့ကို သိပ်လက်မခံတော့.. ဒီအရာအပေါ် မှာ ဆရာ့ရဲ့ သာသနာဦးတည်ချက် ပြောင်းလဲမှု ရှိလာနိုင်မလားခင်ဗျ။

ခင်ဗျားရဲ့ မေးခွန်းကို ပုံဥပမာနှစ်ခုနှင့် အဖြေပေးမယ်ဗျာ။ (ခဏနားလျက်) တစ်ခါကလယ်ပိုင်ရှင်တစ်ဦးရှိတယ်။ သူ့ရဲ့လယ်မှာ စပျစ်ခြံကြီးကြီး လုပ်ပြီးတော့ အဲဒီစပျစ်ခြံစောင့်ဖို့ အလုပ်သမားတွေ ငှါးတယ်ဗျာ။ ပြီးတော့ အလုပ်သမားတွေ နေဖို့စားဖို့ ပြင်ဆင်ပေးသေးတယ်။ အဲဒါပြီးတာနှင့် သူကတခြားပြည်ကိုသွားလိုက်တယ်။ အဲဒီစပျစ်ခြံကိုတော့ ငယ်သားတွေနှင့် အပ်လိုက်တယ်ပေါ့။

အင်း.. စပျစ်သီးချိန်တန်တော့ ဥယျာဉ်ရှင်က သူ့ငယ်သားတချို့ကိုခိုင်းပြီး ဥယျာဉ်ထွက်စပျစ်သီးတွေကို သွားသိမ်းခိုင်းလိုက်ပါတယ်။ အဲဒီမှာ ဥယျာဉ်စောင့်တဲ့အလုပ်သမားတွေက သစ္စာဖေါက်ပြီးတော့ ဥယျာဉ်ပိုင်ရှင် သူဌေးလွှတ်လိုက်တဲ့သူတွေကို သတ်လိုက်သဗျ။ သူဌေးက နောက်အလုပ်သမားတစ်စု (အရင်ကထက်များတဲ့အုပ်စု)ကို လွှတ်ပေမဲ့.. ခြံစောင့်အလုပ်သမားတွေက အရင်လိုပဲ သတ်ဖြတ်လိုက်တယ်တဲ့။ နောက်ဆုံးမှာ သူဌေးက အကြံကုန်လာတာပေါ့ဗျာ။ သူ့သားကိုလွှတ်ရင်.. သူဌေးရဲ့မျက်နှာကို ထောက်မလားဆိုပြီး သားကိုလွှတ်သတဲ့။

ဒါပေမဲ့. . အလုပ်သမားကွေက သူဌေးရဲ့သားကိုသတ်ပြီး အမွေကိုလုဖို့ ကြံသတဲ့ဗျာ။ ဒီလိုနှင့် သူဌေးရဲ့သားကိုလည်း သတ်လိုက်ကြတယ်။ နောက်ဆုံးသူဌေးက သူကိုယ်တိုင်ဉယျာဉ်ရှိရာကို ရောက်လာတော့တယ်တဲ့။ အဲဒီမှာသူဘာ ဆက်လုပ်မယ်လို့ခင်ဗျားထင်သလဲဗျ။

**ကျွန်တော့်အမြင်ပြောရရင်တော့ သူဌေးက သူ့ရဲ့ဆိုးတဲ့ အလုပ်သမားတွေကို မောင်းထုတ်ပြီး၊ အလုပ်သမားအသစ် ခန့်လိမ့်မယ်ထင်ပါတယ်။**

ဟုတ်တယ်။ အဲဒီပုံပြင်ကိုပြောပြီး၊ မေးခွန်းမေးလိုက်တာ ဖာရိရှဲတွေ၊ ဘာသာရေးခေါင်းဆောင်တွေက ခင်ဗျားဖြေသလိုပဲ အဖြေပေးကြတယ်ဗျ။ "အဲဒီအဖြေကအဖြေမှန်ပဲ၊ ဘုရားသခင်ရဲ့နိုင်ငံတော်ဟာလည်း ခင်ဗျားတို့လက်ထဲကနေပြန်ယူသွားရမယ်" ပြီးရင် အဲဒီဘုရားသခင့် နိုင်ငံတော်ကိုကြီးပွား တိုးတက်စေတဲ့ လူမျိုးဆီကို ပေးရလိမ့်မယ်"လို့ ဖါရိရှဲတွေကို ကျုပ်ပြောလိုက်တယ်။

**ဆရာရဲ့စကားအဓိပ္ပာယ်ကို သူတို့တကယ်သိကြပါရဲ့လားဗျ။**

(ခေါင်းညိတ်လျက်) သူတို့နားလည်လို့နေမှာပေါ့။ သူတို့က ကျုပ်ကိုဖမ်းချင်နေကြတာ။ ဒါပေမဲ့. . ကျုပ်နောက်လိုက်တဲ့ လူအုပ်ကြီး ဆူပူမှာကြောက်တာနှင့် သူတို့မဖမ်းရဲတော့ဘူး။ (ခဏနားလျက်) ခင်ဗျားကို ပြောပြရမယ့်ပုံပြင်တစ်ပုဒ်ရှိသေးတယ်။ ဒီလိုဗျ မင်းကြီးတစ်ပါးက သူ့သားမင်္ဂလာဆောင်ပွဲကျင်းပချင်တယ်။ အဲဒီတော့ သူတပည့်တွေကို စေလွှတ်ပြီး ဖိတ်ချင်တဲ့လူတွေကိုဖိတ်ခိုင်းသဗျ။ သူတပည့်တွေလည်း သွားပြီးဖိတ်ကြပါတယ်။ ဒါပေမဲ့ဘယ်သူမှမလာဘူးဗျ။ ဒီတော့မင်းကြီးက နောက်ထပ် တပည့်တွေကိုသွားဖိတ်ခိုင်းပြန်တယ်။ ဒါပေမဲ့ လူတွေက

ဂရုမစိုက်ကြဘူး။ လယ်သွားတဲ့လူတွေကသွား။ စီးပွားရေးလုပ်သူကလုပ်နှင့် ဂရုမစိုက်ကြဘူး။ အဲဒီ့အပြင် လာဖိတ်တဲ့လူတွေကို သတ်လိုက်သတဲ့ဗျာ။ အဲဒီမှာ မင်းကြီးကအမျက်ထွက်ပြီး အဲဒီရွာသားတွေကို အကုန်သတ်လိုက်တယ်ဗျ။ ပြီးတော့ သူ့တပည့်တွေကိုခေါ်ပြီး လမ်းဘေးမှာတွေ့သမျှလူတွေကို ဖိတ်ခိုင်းလိုက်တယ်။ လူကောင်းရယ်၊ လူဆိုးရယ်မခွဲပါဘူး။ လာချင်သူလာစေဆိုပြီး ခေါ်ဖိတ်ခိုင်းတယ်ဗျာ။ အဲဒီလူအုပ်ထဲက တစ်ယောက်က မင်္ဂလာဝတ်စုံဝတ်မလာပဲနှင့် ပွဲကိုလာတယ်ဗျ။ အဲဒါကိုမင်းကြီးကတွေ့တာနှင့် "သူငယ်ချင်း၊ ဘာကြောင့်ဝတ်စုံမဝတ်ပဲ ဒီပွဲလာသလဲ"မေးတော့ အဲဒီလူက မဖြေတတ်တော့ သူ့ကိုအပြင်ကို ဆွဲထုတ်ခိုင်းလိုက်ပါတယ်။ ပုံပြင်ကတော့ ဒါပေါ့ဗျာ။ ဒီတော့ ခင်ဗျားကိုပြောပြချင်တာက .. ဒီသာသနာမှာခေါ်ဖိတ်တဲ့သူတွေက အများကြီးပါ။ ဘယ်သူမဆို လာလို့ရပါတယ်။ လူဆိုးလူကောင်းမခွဲပါဘူး။ ဒါပေမဲ့ မင်္ဂလာဝတ်စုံဝတ်ရပါမယ်။ ခေါ်ဖိတ်တဲ့လူများပေမဲ့ .. ရွေးကောက်တဲ့ လူနည်းသဗျ။

ဝိအီးပေါင်   ၁၁၅

**တရားစီရင်ရာနေ.**

ကောင်ကင်နိုင်းငံတော်မှာ ဘယ်သူတွေကဖြင့်ဝင်ရမယ်၊ ဘယ်သူတွေမဝင်ရဘူးလို့ ရွေးချယ်တဲ့နေရာမှာ ဆရာဘယ်လို ဆုံးဖြတ်မှာလဲဗျ။

ကောင်းကင်နိုင်ငံအကြောင်းကို ပုံဥပမာတစ်ခုနှင့်ခိုင်းနှိုင်း ချင်ပါသေးတယ်။ တစ်နေ့မှာ လယ်ပိုင်ရှင်တစ်ဦးက သူ့ရဲ့လယ်ထဲကို ကောင်းတဲ့ စပါးမျိုးစေ့တွေကိုကြဲသဗျ။ ညကျတော့ လူတွေအိပ်မောကျ နေချိန်မှာ ရန်သူကလာပြီး တောရိုင်းပင်မျိုးစေ့တွေကို အဲဒီလယ်ထဲမှာ ကြဲလိုက်တယ်။ အပင်တွေကြီးလာတော့ စပါးမျိုးကောင်းတွေနှင့် တောရိုင်းပင်တွေ အတူရှင်သန်လာတာကို အလုပ်သမားတွေက သတိပြုမ ကြသဗျာ။ အဲဒီတော့ သူတို့ရဲ့အရှင် လယ်ပိုင်ရှင်ဆီကိုလာပြီး "အရှင်၊ ဒီတောရိုင်းပင်တွေကို နုတ်ပစ်ရမလား" ဆိုပြီးလာမေးသတဲ့၊ လယ်ပိုင်ရှင်က ခွင့်မပြုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတောရိုင်းပင်တွေကိုနှုတ်ရင် စပါးပင်တွေကို နုတ်မိမှာစိုးလို့လေ။ ဒီတော့ သူ့တပည့်တွေကို "ဒီအတိုင်း ကြီးပါစေ။ စပါးရိတ်ချိန်ရောက်ရင် စပါးတွေကို သေချာရွေးနုတ်ပြီးကျန်တဲ့ တောရိုင်းပင်တွေကိုမီးရှို့ဖို့ ကောက်ရိတ်သမားတွေကိုမှာလိုက်မယ်" လို့မှာလိုက်သဗျ။

ဆရာဆိုလိုတာက ကောက်ရိတ်သိမ်းပွဲဟာ တရားစီရင်ရာ နေ့နှင့်တူတယ်လို့ ဆိုလိုတာလားခင်ဗျ။

(ခေါင်းညိတ်လျက်) ကျုပ်က အဲဒီဥယျာဉ်ထဲမျိုးကြဲတဲ့ လယ်ပိုင်ရှင်နှင့်အတူတူပဲဗျ။ လယ်မြေကတော့ ဒီကမ္ဘာလောကမြေကြီးပေါ့။

**အိပ်မက်သစ်**

စပါးပင်တွေကတော့ လူကောင်းတွေပေါ့ဗျာ။ တောရိုင်းပင်တွေကျတော့ စာတန်နှင့် အပေါင်းအပါတွေပေါ့။ ကောက်ရိတ်သိမ်းကာလကတော့ ကမ္ဘာမြေကြီးရဲ့ နောက်ဆုံးတော့ကာလ အချိန်အခါပေါ့၊ ကောက်သိမ်းသူတွေကတော့ ကောင်းကင်တမန်တွေပေါ့။ ကောရိုင်းပင်တွေကို ကောက်ရိတ်သိမ်းချိန်မှာ မီးရှို့ပစ်သလို၊ နောက်ဆုံးသောကာလမှာ ကောင်းကင်နိုင်ငံနှင့် မဆိုင်တဲ့လူမှန်သမျှကို ကောင်းကင်တမန်တွေက ရှင်းပစ်လိမ့်မယ်ဗျ။ အပြစ်တရားနှင့်ပတ်သက်တာမှန်သမျှရယ်၊ မကောင်းမှုလုပ်တဲ့ သူတွေမှန်သမျှကို ကောင်းကင်တမန်တွေက ဖျက်ဆီးပစ်လိမ့်မယ်။ အဲဒီမှာ ငိုကြွေးခြင်း၊ မြည်တမ်းခြင်းတွေ၊ အံကြိတ်သံတွေနှင့် ပြည့်နှက်တော့မယ်ဗျ။ အဲဒီအချိန်အခါမှာ ဘုရားသခင်ကို ယုံကြည်သောသူ၊ ဘုရားသခင် အလိုတော်အတိုင်း အသက်ရှင်တဲ့ လူတွေဟာ ကောင်းကင်နိုင်ငံ၊ သူတို့အဘရဲ့အိမ်တော်မှာ နေလိုတောက်ပလျက် ပျော်ရွှင်ကြည်နူးရမယ်ဗျ။

**အတော်ကိုစိတ်ကူးကောင်းတဲ့ခိုင်းနှိုင်းချက်ပဲဗျာ။**

ဒီတရားစီရင်ခြင်းနှင့်ပတ်သက်လို့ တခြားပုံပမာတစ်ခု ပြောပြမယ်ဗျာ။ ဘာနှင့်တူလဲဆိုတော့ ပင်လယ်ထဲကို ပိုက်ကွန်ချတဲ့ဟာနှင့် တူသဗျ။ တံငါသည်က ပင်လယ်ထဲကို ပိုက်ကွန်ချလိုက်တယ်။ ငါးတွေအမျိုးစုံဖမ်းမိပါတယ်။ အဲဒီအခါမှာ ကောင်းတဲ့ငါးတွေကိုရွေးပြီး၊ မကောင်းတဲ့ငါးတွေကို လွှင့်ပစ်လိုက်ပါတယ်။ ဒီလိုပဲ နောက်ဆုံးသောကာလ ရောက်ရင် ကောင်းကင်တမန်တွေက ကောင်းတဲ့လူတွေကိုရွေးပြီး၊ မကောင်းတဲ့ လူတွေကိုဖျက်ဆီးလိမ့်မယ်ဗျာ။

**ကျွန်တော်ထင်တယ်။ ဒီကစ္စက လူအတော်များများကို**

အုံဩစေမယ်ထင်တယ်ဗျာ။

မအံ့ဩသင့်ပါဘူး။ ဒါပေမဲ့ အဲဒီအချိန်ကာလရောက်ရင်တော့ သင်္ချိုင်းထဲက လူသေတွေလည်းရှင်ပြန်ထမြောက်ကြမယ်ဗျ။ အဲဒီမှာ ကောင်းတဲ့လူတွေက အသက်ရှင်ထမြောက်ကြပြီး၊ ဆိုးယုတ်တဲ့ လူတွေကျတော့ တရားစီရင်ခြင်းခံရပါလိမ့်မယ်။

**အတော်တိကျ ပြတ်သားတဲ့စကားတွေပါလားဗျ။**

လူသားဟာသူ့ရဲ့ဘုန်းအာနုဘော်ကိုဆောင်ပြီး၊ သန့်ရှင်းသော ကောင်းကင်တမန်များခြံရံပြီး ကြွလာလိမ့်မယ်၊ အဲဒီအခါမှာ ဘုန်းရှိတဲ့ပလ္လင်ပေါ်မှာထိုင်ပြီးရှေ့တော်မှာ လူမျိုးအပေါင်းကို ထိုင်စေပါမယ်။ သိုးထိန်းတို့က သိုးနှင့်ဆိတ်ကို ခွဲခြားသလိုပဲ၊ လူသားက လူသားအပေါင်း တို့ကို လူဆိုးနှင့် လူကောင်းခွဲခြားလိမ့်မယ်ဗျ။

ကောင်းတဲ့လူကိုလက်ယာဘက်မှာထားပြီး၊ ဆိုးတဲ့လူတွေကိုတော့ လက်ဝဲဘက်မှာထားမယ်ဗျ။ ပြီးတော့ လက်ယာဘက်ကလူတွေကို "မင်္ဂလာရှိတဲ့လူတို့၊ မင်းတို့အတွက်ပြင်ဆင်ထားတဲ့ ကောင်းကင်နိုင်ငံကို ဝင်ကြပါတော့။ ဘာဖြစ်လို့လဲဆိုတော့ ငါထမင်းမရှိတဲ့အချိန်မှာ မင်းတို့က ငါ့ကိုကျွေးကြတယ်။ အဝတ်မရှိတဲ့အခါမှာ အဝတ်ကိုပေးကြတယ်။ ရေငတ်တော့လည်း ငါ့ကိုရေတိုက်ကြတယ်။ ငါက မင်းတို့ဆီ လာလည် တဲ့အခါ မင်းတို့ငါ့ကို ဧည့်ဝတ်ပြုကြတယ်။ ငါအနာရောဂါရှိတဲ့ အခါမှာလည်း မင်းတို့ငါ့ကိုပြုစုကြတယ်။ ငါထောင်ကျတဲ့ အခါမှာ မင်းတို့ငါ့ဆီကို လာလည်ကြတယ်" လို့ ပြောကြားပါလိမ့်မယ်။ အဲဒီမှာ လက်ယာဘက်ကလူတွေက "ကိုယ်တော်၊ ကိုယ်တော် ဘယ်တုန်းက ဗိုက်ဆာခဲ့လို့ ကျွန်တော်တို့ပြုစုခဲ့လို့လဲ။ ကိုယ်တော်ဘယ်တုန်းက

ရေငတ်လို့ရေတိုက်ခဲ့ပါသလဲ။ ကိုယ်တော်ဘယ်တုန်းက ထောင်ကျခဲ့လို့ ကျွန်တော်တို့ လာလည်ဘူးကြသလဲဗျာ။ ဘယ်တုန်းက ကိုယ်တော်ဖျားလို့ ကျွန်တော်တို့ပြုစုခဲ့လို့လဲဗျာ" လို့မေးကြပါလိမ့်မယ်။ အဲဒီမှာမင်းကြီးက ဒီလိုပြောမဗျ။ "ငါအမှန်အတိုင်းပြောမယ်။ မင်းတို့ထဲက အဆင်းရဲဆုံးလူ၊ သနားစရာအကောင်းဆုံးလူတွေ အပေါ်ပြုသမျှဟာ ငါ့ကိုပြုစုသလိုပါပဲ" လို့ ပြန်ပြောပါလိမ့်မယ်။ ပြီးတော့မင်းကြီးက သူ့လက်ဝဲဘက်မှာရှိတဲ့လူတွေ ဘက်ပြန်လှည့်ပြီး " ကျိန်ခြင်းအမင်္ဂလာခံသောသူတို့ ငါ့ရှေ့ကနေထွက်ကြ။ ထာဝရငရဲပျက်စီးရာသို့သွားကြ၊ ငါဆင်းရဲဒုက္ခခံရချိန်၊ ထောင်ကျချိန်တွေမှာ မင်းတို့ငါ့ကိုမပြုစုခဲ့ကြဘူး" လို့ ပြောပြန်ပါမယ်။ အဲဒီအချိန်မှာ သူတို့က "သခင်၊ သခင် အစာမရှိတာကို ကျွန်တော်တို့က ဘယ်တုန်းက တွေ့လို့ မကျွေးပဲနေပါသလဲ။ အဝတ်မရှိတာကို ကျွန်တော်တို့က ဘယ်တုန်းကတွေ့လို့ မကျွေးပဲနေပါသလဲ။ အဝတ်မရှိတာကို ဘယ်မှာ ကြုံလို့မပေးပဲနေပါသလဲ။ သခင်ဘယ်မှာထောင်ကျလို့ လာမလည်ပဲနေခဲ့ လို့လဲ" ဆိုပြီးဖြေရှင်ကြမဗျ။ အဲဒီမှာ မင်းကြီးက " အငယ်ဆုံးသောသူ၊ သနားစရာ အကောင်းဆုံးသောသူဆီကို သနားခြင်းဂရုဏာမပြုသရွေ့ ငါ့ကို မပြုပြီ"လို့ မိန့်ကြားပါလိမ့်မယ်၊ အဲဒါပြီးရင်တော့ မကောင်းတဲ့လူတွေဟာ ထာဝရမီးငရဲထဲကိုသွားကြရလိမ့်မယ်ဗျ။

## ထမြောက်ခြင်း

ဆရာ့ကိုမေးချင်တဲ့အကြောင်း  တစ်ခုရှိသေးသဗျ။ သေခြင်းကနေ ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်လို့ အတော်လေး အငြင်းအခုံရှိသဗျ။ ဇက္ဒူကဲတွေကတော့ရှင်ပြန်ထမြောက်ခြင်း မရှိဘူးတဲ့။ တစ်ဘက်မှာ ဖာရိရှဲတွေနှင့်ခင်ဗျားကိုယုံကြည်တဲ့သူ တွေကတော့ ရှင်ပြန်ထမြောက်ခြင်းရှိတယ်လို့ ယုံကြတယ်ဗျာ။ အဲဒါဆရာဘာပြောချင်လဲ။

ဇက္ဒူကဲ တချို့က ဒီပြဿနာကိုမေးခဲ့ဘူးပါတယ်။ သေပြီးတဲ့ နောက် ရှင်ပြန်ထမြောက်ခြင်း မရှိဘူးလို့ သူတို့ယုံကြည်သဗျ။ အဲဒီတော့ "ငါဟာ အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့၏ဘုရားဖြစ်သည်" လို့ ကျမ်းစာထဲမှာ ဘုရားသခင်ပြောထားတာ ခင်ဗျားတို့ဖတ်ဖူးရဲ့လားလို့ ကျုပ်သူတို့ကိုပြန်မေးတယ်ဗျ။ ဘုရားသခင်ဟာ ဘုရားသခင်ပါပဲ။ သေနေတဲ့ဘုရားမဟုတ်ဘူးလေ။

ဆရာဆိုလိုတာက အာဗြဟံ၊ ဣဇက်နဲ့ ယာကုပ်တို့ ဟာလည်း သေသွားပေမဲ့ရှင်ပြန်ထမြောက်တယ်လို့ ဆိုလိုတာလား။ ဘုရားသခင်ဟာသူတို့ရဲ့ဘုရားဖြစ်ခဲ့တာမကလို့ ခုထက်ထိသူတို့ရဲ့ ဘုရားဖြစ်နေတုန်းပဲလို့ ပြောချင်တာလားဗျ။

(ခေါင်းညိတ်လျက်) ကျုပ်အမှန်အကန်ပြောတာက ကျုပ်ဟာ ရှင်ပြန်ထမြောက်ခြင်းလည်းဖြစ်တယ်။ အသက်ရှင်ခြင်းလည်းဖြစ်တယ်။

အသက်ရှင်ခြင်းခွင့် တန်ခိုးအာဏာ ကျုပ်အပေါ် မှာရှိတယ်သဗျ။ ကျုပ်ကို ယုံကြည်တဲ့သူတွေဟာ သေသွားပေမဲ့ပြန်ရှင်လိမ့်မယ်။ ကျုပ်ကိုယုံကြည်ပြီးအသက်ရှင်တဲ့လူဟာ ဘယ်တော့မှာ သေရတော့မှာမဟုတ်ဘူးဗျ။

အိပ်မက်သစ်

ဘီအီးပေါင် ၁၂၁

## ကောင်းကင်နိုင်ငံဝယ်

သေခြင်းကနေထမြောက်ပြီး၊ ကောင်းကင်နိုင်ငံမှာ အသက်ရှင်တဲ့အခါ လူတွေကလူ့လောကမှာ အသက်ရှင်ခဲ့တာတွေ သတိရနေဦးမလား။

အဲဒီမေးခွန်းမျိုးကို ဇက္ခုကဲတွေက မကြာသေးခင်တုန်းက မေးခဲ့တယ်ဗျ။ သူတို့ကတော့သူတို့ရဲ့ ယုံကြည်ချက်အပေါ် ကျူပ်ကိုစမ်းချင်လို့ပါ။

ဘယ်လိုစမ်းခဲ့လို့လဲ။

ဘူတို့က မေးတယ်။ "ဆရာ၊ မောရှေရဲ့ပညတ်ထဲမှာ လူတစ်ဦးက မိန်းမယူပြီးသေသွားမယ်။ ကလေးမရှိဘူးဆိုရင် သူ့ရဲ့ညီအစ်ကိုထဲက တစ်ယောက်က အဲဒီမရီးကိုယူပြီး ပေါင်းဖော်ရမယ်။ အဲဒါမှ သူ့အစ်ကို မျိုးဆက်ရှိမယ်" လို့ရေးထားတယ်။ ဟုတ်ပါပြီ၊ အဲသလိုဆိုကြပါစို့။ အိမ်ထောင်တစ်ခုမှာ ညီအစ်ကိုခုနစ်ယောက်ရှိတယ်ဆိုကြစို့။ အစ်ကိုအကြီးဆုံးက မိန်းမယူတယ်။ ကလေးမရဘူး။ သူသေသွားတယ်။ သူ့ညီက သူ့မရီးကိုယူတယ်။ ကလေးမရဘူး။ သူလည်းသေသွားတယ်။ တတိယအကြီးက သူ့မရီးကိုယူပြန်တယ်။ သူလည်းသူ့အစ်ကိုတွေလိုဘဲ သေသွားတယ်။ နောက်ညီတွေလည်း အဲဒီလိုအဆက်ဆက် သူတို့မရီးကိုယူကြတယ်။ ဒါပေမဲ့ဘယ်သူမှကလေးမရကြဘူး။ နောက်ဆုံးမှာ အမျိုးသမီးကိုယ်တိုင်သေသွားတယ်။ ဒါဆိုရင် . . သေခြင်း ကနေထမြောက်မယ့်နေ့မှာ အဲဒီအမျိုးသမီးဟာ ဘယ့်သူ့ဇနီးဖြစ်မလဲ" ဆိုပြီး မေးကြတယ်။

စိတ်ဝင်စားစရာမေးခွန်းပဲ။ ဆရာဘယ်လိုပြန်ဖြေလဲဗျ။

အိုပ်မက်သစ်

ဒီကမ္ဘာမှာ ယောကျ်ားနဲ့မိန်းမဟာလက်ထပ်ကြတယ်။ အိမ်ထောင်ပြုကြတယ်။ ဒါပေမဲ့ကောင်းကင်နိုင်ငံမှာ ဒါတွေမရှိတော့ပါဘူး။ သေလည်းမသေရတော့ဘူး။ ကောင်းကင်တမန်တွေလိုဘဝနှင့် ထာဝရအသက်ရှင်ရတော့မယ်။ ဘဝသစ်ကိုရမယ်လို့ ပြန်ပြောလိုက်တယ်။

**ဆရာရောကောင်းကင်နိုင်ငံမှာရှိမှာလားခင်ဗျ။**

ငါ့ခမည်းတော်နေတဲ့ နေရာမှာနေစရာအများကြီးရှိသဗျ။ အခုကျုပ်သွားပြီး ကျုပ်တပည့်နောက်လိုက်တွေနေဖို့နေရာသွားပြင်ဆင်လိုက်ဦးမယ်။ အဆင်သင့်တဲ့အခါကျရင်ကျုပ်ပြန်လာပြီး သူတို့ကိုခေါ်ဆောင်မယ်ဗျာ။ ပြီးရင်ကျုပ်နှင့်အတူနေစေမယ်။

**ဆရာ မခေါ်တဲ့လူတွေကတော့၊ အဲဒီကိုမရောက်နိုင်ဘူးပေါ့။**

အဲဒီကောင်းကင်နိုင်ငံရောက်ဖို့ ကျုပ်ကလမ်းပဲဗျ။ ကျုပ်ဟာသမ္မာတရားလည်းဖြစ်တယ်။ အသက်လည်းဖြစ်တယ်ဗျ။ ကျုပ်ကိုအမှီမပြုပဲနှင့်တော့ ကျုပ်ရဲ့အဘဆီကိုဘယ်သူမှသွားလို့မရဘူးဗျ။ (ခဏနားလျက်) ကျုပ်ရဲ့သိုးစုတွေဖြစ်တဲ့ နောက်လိုက်တွေက ကျုပ်စကားကိုနားလည်ကြပါတယ်။ သူတို့အားလုံးကိုလည်း ကျုပ်ကသိတယ်ဗျ။ သူတို့ကကျုပ်နောက်ကိုလိုက်တော့၊ သူတို့ကိုထာဝရအသက် ပေးတယ်ဗျာ။ ဒီတော့သူတို့ဟာ သေခြင်းတရားကိုကြုံရတော့မှာမဟုတ်သလို၊ ကျုပ်ဆီကနေလည်း ခေါ်ဆောင်းခြင်းခံရတော့မှာမဟုတ်ဘူး။ ကျုပ်နှင့်အတူထာဝရနေရတော့မှာဗျ။ အဲဒီအခွင့်အာဏာကိုကျုပ်ရဲ့ခမည်းတော်ကကျုပ်ကိုလွှဲထားတာပဲ။ ကျုပ်ခမည်းတော်ဟာလူတွေ အားလုံးထက်တန်ခိုးအာဏာကြီးမြတ်တော့ ကျုပ်လူတွေကိုသူ့လက်ကနေ ဘယ်သူမှခေါ်ထုတ်နိုင်တော့မှာမဟုတ်ဘူး။

**အိပ်မက်သစ်**

## ကမ္ဘာကြီး၏နောက်ဆုံးချိန်

ကမ္ဘာကြီးရဲ့နောက်ဆုံးချိန်နှင့်ပတ်သက်လို့ လူတွေ အတော်များများက စိတ်ဝင်စားတယ်လို့ ကျုပ်ထင်ပါတယ်။ ဒီကစ္စနှင့်ပတ်သက်လို့ ဘာတွေဖြစ်မလဲ၊ ဘယ်တော့ဖြစ်မှာလဲ၊ ဖြစ်လာတော့မှာကို ဘယ်လိုကြိုသိမလဲဆိုပြီးလူတွေက သိချင်ကြသဗျ။ အဲဒီနောက်ဆုံးသော ကာလနှင့်ပတ်သက်လို့ ဆရာသိထားတာတွေ ဝေမျှစေချင်တယ်ဗျာ။

. . သတိထားပြီးနေကြပါ။ လူအများကြီးကလာပြီး "ငါဟာခရစ်တော်ဖြစ်တယ်"လို့ ပြောကြလိမ့်မယ်။ လူအတော်များများကိုလည်း လှည့်ဖြားနိုင်မယ်ဗျ။ ပြီးတော့နေရာအတော်များများမှာ စစ်ခင်းဖြစ်နေတာတွေ ခင်ဗျားတို့ကြားရလိမ့်မယ်။ အဲသလိုဖြစ်တာတွေကို ကြည့်ပြီး မကြောက်ကြ၊ မစိုးရိမ်ကြပါနှင့်။ ကမ္ဘာကြီးရဲ့ အဆုံးကာလမရောက်သေးဘူး။

**အိုယ်မက်သစ်**

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ဖြစ်နေဦးမယ်။ ကမ္ဘာအရပ်ရပ်မှာ အစာငတ်ခေါင်းပါးမှု ဖြစ်လာလိမ့်မယ်။ ငလျင်တွေ ဖြစ်မယ်။ ဒါပေမဲ့ဒါဟာ ဒုက္ခရောက်ခြင်းရဲ့အစပဲရှိပါသေးတယ်။

**ပြီးရင်ဘာတွေထပ်ဖြစ်မလဲခင်ဗျ။**

အဲဒါတွေပြီးရင် ကျုပ်ရဲ့နောက်လိုက်တွေကို ဖမ်းဆီးကြလိမ့်မယ်။ နှိပ်စက်ကြမယ်။ အသေသတ်ကြလိမ့်မယ်။ ကျုပ်နောက်လိုက်ပြီး၊ ကျုပ်နာမကိုအမှီပြုတဲ့အတွက် သူတို့ကိုနိုင်ငံ တိုင်းမှာမုန်းကြလိမ့်မယ်။ ယုံကြည်ခြင်းကို ခိုင်ခိုင်မထိမ်းသိမ်းနိုင်ပဲ၊ ဖေါက်ပြန်၍ အချင်းချင်းသစ္စာဖေါက်ကြလိမ့်မယ်။ အဲဒီအချိန်မှာ မိစ္ဆာပရောဖက်တွေလည်း ပေါ်လာပြီး၊ လူအတော်များများကို လမ်းလွဲအောင်ဦးဆောင်လာကြလိမ့်မယ်။ အပြစ်တရားနှင့်မတရားမှုတွေက လွှမ်းမိုးပြီးတော့ ချစ်ခြင်းမေတ္တာခေါင်းပါးလာ လိမ့်မယ်ဗျ။

**အတော်ကြောက်စရာကောင်းတဲ့ဟောကိန်းပဲဗျာ။**

ဒါပေမဲ့. . အဲသလိုဆင်းရဲဒုက္ခကြားမှာ အဆုံးတိုင်သစ္စာရှိတဲ့လူကျတော့ ကယ်တင်ခြင်းရမယ်ဗျ။ ပြီးတော့ အဲဒီကာလ မှာ ကောင်းကင်နိုင်ငံနှင့်ဆိုင်တဲ့ သတင်းကောင်းကို နေရာတိုင်းကမ္ဘာအနှံ့ဟောပြောမှာဆိုတော့ လူတိုင်းမှာကြားရမယ့်အခွင့် ရှိသဗျ။ အဲဒါပြီးမှပဲ နောက်ဆုံးသောကာလ ရောက်လာမယ်။

**နောက်ဆုံးကာလဟုတ်လား။ အဲဒီအချိန်ကျရင် ဘာတွေဖြစ်မလဲဗျ။**

အဲဒီကာလရောက်ရင်ဖျက်ဆီးတတ်တဲ့အရာဟာ သန့်ရှင်းသောအရပ်ဌါနမှာ စိုက်နေတာကို ခင်ဗျားတို့မြင်ရမယ်ဗျ။ အဲဒါလည်း

ပရောဖက်ဒံယေလ ကြိုဟောထားတဲ့အတိုင်းပါပဲဗျ။ အဲဒီကာလရောက်ရင် ယုဒပြည်မှာရှိတဲ့ လူတွေဟာ တောင်ပေါ် ကိုပြေးသွားသင့်သဗျ။ အိမ်မိုးမှာ ရှိနေရင်လည်းအိမ်ထဲက ပစ္စည်းကိုယူဖို့တောင်ဆင်းမသွားသင့်ဘူးဗျ။ လယ်ထဲရှိတဲ့လူလည်း အဝတ်ကိုယူဖို့အိမ်မပြန်သင့်ပေဘူးဗျာ။ ခက်ခဲမှုက ကိုယ့်ဆီကို ရောက်နေတာဗျ။ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့စို့တဲ့သူငယ်တွေဆို အတော်လေးကို ခံစားရရှာကြမယ်ဗျာ။ ဒီတော့ အဲဒီကာလ၊ ပြေးရမဲ့ကာလဟာ ဆောင်းရာသီမဖြစ်ဖို့၊ ဥပုသ်နေ့နှင့်မတိုက်ဆိုင်ဖို့ ဆုတောင်းနေကြပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ အဲသလောက်ခက်ခဲ ကြမ်းတမ်းတဲ့ကာလဟာ အရင်တုန်းကမရှိဘူးခဲ့သလို . . နောင်မှာ လည်းရှိလာနိုင်တော့မှာမဟုတ်ဘူးဗျ။ အတော်လေးကိုခက်ခဲတဲ့ ဘေးဒဏ်ကြီးပေါ့။

**အဲဒီဘေးဒဏ်ကာလကဘယ်လိုရပ်တန့်မလဲဗျ။**

ဘုရားသခင်ရွေးကောက်တဲ့လူတွေအတွက် ရည်ရွယ်ပြီး အဲဒီဘေးဒဏ်ကြီးက ရပ်တန့်သွားမှာပါ။ အဲဒီအခါမှာလူတွေက “ဒီအရပ်မှာ ခရစ်တော်ရှိတယ်။ ဟိုအရပ်မှာခရစ်တော်ရှိတယ်” လို့ ဆိုပြီး အမျိုးမျိုးပြောလာကြလိမ့်မယ်။ အဲဒါကိုမယုံကြနှင့်။ ဘာကြောင့်လဲဆိုတော့ ခရစ်တော်ကို အယောင်ဆောင်ပြီး မိစ္ဆာပရောဖက်တွေပေါ်လာပြီး၊ အံ့သြ ဖွယ်နိမိတ်ကြီးကြီးကျယ်ကျယ်တွေပြုကြမယ်ဗျ။ ယုံချင်စရာတွေ ပြုကြမယ်ဗျာ။ အဲဒီတော့လူတွေက သူတို့နောက်ကိုပါသွားကြပါလိမ့်မယ်။ အဲဒါကြောင့် မင်းတို့ကို ကျုပ်သတိပြုလိုက်မယ်။ ခရစ်တော်ဟာတော ထဲမှာရှိတယ်။ တိုက်ခန်းထဲမှာရှိတယ်ဆို ဒါမယုံကြနှင့်၊ လျှပ်စစ်ဟာ အရှေ့မှာပြက်ပြီး အနောက်တိုင်အောင်ထွန်းလင်းသလိုပဲ၊ လူသားဟာလည်း အဲဒီအတိုင်းကိုကြွလာမယ်ဗျာ။ လူသေတွေရှိရာမှာ ရွှေလင်းတတွေဟာ

အုံနှင့်ကျင်းနှင့်စုလာကြမယ်ဗျာ။ ဒီလို နိမိတ်တွေ တွေ့ပြီဆိုရင်တော့ နောက်ဆုံးသောကာလ ရောက်ပြီလို့သာ သတိပြုတော့ဗျာ။

**ဘာတွေထပ်ဖြစ်ဦးလဲခင်ဗျာ။**

အဲသလိုဆင်းရဲ ဒုက္ခတွေဖြစ်ပြီးရင် နေကြတ်လကြတ်တာတွေ ဖြစ်လာမယ်ဗျာ။ ပြီးတော့ကောင်းကင်က ကြယ်တွေ ကြွေကျလိမ့်မယ်ဗျ။ သဘာဝတရား၊ စကြာဝဠာကြီးကလှုပ်ခါလိမ့်မယ်ဗျ။ အဲဒီလို အချိန်မှာ လူသားရဲ့ဘုန်းတန်ခိုးအာနုဘော်က ကောင်းကင်ယံမှာ ထင်ရှားလာမယ်ဗျ။ လူသားက ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်ပြီး မိုးတိမ်ကိုစီးပြီ းကြွလာတော်မူမယ်ဗျ။ အဲဒီအခါမှာလူမျိုးတိုင်း ကမျက်ရည်တွေကျလျက်၊ လူသားကိုဆီးကြိုကြမယ်ဗျာ။ ကောင်းကင်တမန်တွေကလည်းတံပိုးကိုမှုတ်ပြီး ရွေးချယ်တော်မူတဲ့လူတွေကိုခေါ်ဖိတ်မယ်ဗျ။

**တယ်ထူးခြားတဲ့ မြင်ကွင်းပါလား။**

သဘော်သဖန်းပင်ကိုကြည့်ပြီး ဒီကာလရောက်လာပြီ၊ မရောက် လာပြီကို သတိပြုလို့ရပါတယ်။ သဘော်သဖန်းပင်ဟာ အခက်အလက်တွေနုပြီး၊ အရွက်ပေါက်တဲ့အခါ နွေကာလနီးပြီဆိုတာ မင်းတို့သိပါတယ်။ အဲသလိုပဲအထက်က ကျုပ်ပြောခဲ့တဲ့ အဖြစ်အပျက်တွေ ဖြစ်လာပြီဆိုရင်၊ အဲဒီအချိန်ကာလ၊ နောက်ဆုံးသောအချိန် ရောက်ပြီဆိုတာမှတ်ပါတော့။ မင်းတို့ရဲ့အိမ်ရှေ့တံခါးရွက်နားကို ရောက်နေပြီဗျ။ (ခဏနားပြီး) အခုဒီမှာရှိတဲ့မျိုးဆက်မကုန်ခင်မှာတောင် ဒီကိစ္စကဖြစ်သွားမယ်ဗျ။ မင်းမှတ်ထားပါ။ ကောင်းကင်နှင့်မြေကြီး မတည်ရင်သာမတည်မယ်။ ကျုပ်ပြောတဲ့စကားတွေ တည်ကိုတည်မယ်ဗျ။ **ဒါပေမဲ့ . . အဲဒီချိန်ကာလဟာဘယ်တော့လောက်ဖြစ်မယ်ဆိုတာ ဆရာမပြောသေးဘူးပဲ။**

**အိပ်မက်သစ်**

အဲဒီကာလဟာ ဘယ်တော့ဆိုတာကျုပ်မသိပါဘူး။ ဘယ်သူမှလည်း မသိဘူးဗျ။ ကျုပ်အဘ တစ်ပါးသာလျှင်သိသဗျ။ ကောင်းကင်တမန်တွေတောင် မသိဘူးဗျာ။(ခဏနာပြီး)နောအေချိန်တုန်းက ဘယ်အချိန်မှာရေကြီးမယ်ဆိုတာ ဘယ်သူမှမသိသလိုပဲ။ လူသားကြွလာမယ့် နောက်ဆုံးသောအချိန်ကို ဘယ်သူမှမသိပါဘူး။ နောဧခေတ်မှာဆိုရင် ရေမကြီးခင်မှာ လူတွေဟာဘာမှမသိပဲ သောက်စားမူးယစ်ကြ၊ လက်ထပ်မင်္ဂလာပွဲတွေပြုကြနှင့် နောဧသင်္ဘောပေါ် ဝင်သည်အထိ အမှုမဲ့နေခဲ့သဗျ။နောက်ဆုံးရေကြီးပြီး သူတို့ကိုလွှမ်းမိုးမှပဲ သိနေကြတယ်ဗျာ။ လူသားနောက်တစ်ဖန် ကြွလာတဲ့အခါမှာလည်း အဲသလိုပဲဖြစ်မယ်ဗျ။ လူနှစ်ဦးဟာအတူတူ အလုပ်လုပ်နေရင်း၊ တစ်ယောက်က ချီဆောင်ခြင်းခံရပြီး၊ တစ်ယောက်ကထားခဲ့ခြင်းခံရမယ်ဗျ။ အမျိုးသမီးနှစ်ဦးလည်း အတူတူဆန်ဖွပ်၊ ဆန်ထောင်းနေရင်း တစ်ဦးက ချီဆောင်ခံရပြီး၊ ကျန်တစ်ဦးက ထားခဲ့ခြင်းခံရမယ်ဗျ။ ဒီတော့ အဲဒီအချိန်ကာလဟာ ဘယ်တော့ရောက်မလဲ ဆိုတာမသိရလေတော့ ကိုယ့်ကိုယ်ကိုပြင်ဆင်ထားဘို့လိုသဗျာ။

**အတော်အံ့သြစရာဖြစ်လာမဲ့ ကိစ္စပဲဗျာ။**

ဒီကိစ္စက သူခိုးနှင့်တူသဗျ။ ဆိုပါတော့ အိမ်တစ်အိမ်ကို သူခိုးတွေလာခိုးမယ်မှန်းသိရင် အိမ်ရှင်ဟာအဲဒီသူခိုးကို စောင့်လို့နေမှာ ပေါ့ဗျာ။။

နောက်ပုံပြင်တစ်ပုဒ်နှင့်လည်းတူသဗျ။ သူဌေးတစ်ယောက်က ခရီးထွက်ဖို့ ပြင်ဆင်လိုက်တယ်။ မသွားခင်မှာ သူ့တပည့်တွေကို တာဝန်ကိုယ်စီပေးထားသဗျ။ ပြီးတော့ တံခါးစောင့်ကိုမှာလိုက်တယ်။

**အိပ်မက်သစ်**

သူ့ရဲ့ပြန်လာချိန်ကိုစောင့်ကြိုနေပါလို့ မှာလိုက်တယ်။ "ငါဘယ်အချိန်ပြန်လာမယ်ဆိုတာ မသေချာတဲ့အတွက်၊ အမြဲတမ်းမျက်စိဖွင့်နေပါ" လို့မှာလိုက်သတဲ့။ ပြီးတော့သူ့တပည့်တွေကိုကိုလည်း "ဒီတံခါးစောင့်ဖို့မှာထားသလိုပဲမင်းတို့ကိုမှာထားမယ်။ ငါပြန်လာချိန်ကိုစောင့်နေကြပါ။" လို့မှာသဗျ။ အဲသလိုမှာထားပြီး၊ သူတို့သခင်ပြန်လာတာကို လှမ်းမြင်တဲ့ ငယ်သားအတွက် ကောင်းတယ်မဟုတ်လားဗျာ။ ဂုဏ်ယူစရာမဟုတ်လားဗျ။ သူ့အတွက်ပွဲလမ်းတွေပြင်ဆင်ပေးပြီး၊ ကျန်တဲ့သူတွေကို ဧည့်ခံကြွေးမွေးကြမယ်ဗျ။ ဆိုလိုတာကတော့ အမြဲတမ်းအဆင်သင့် ရှိနေဖို့ပါ။ လူသားဟာမမျှော်လင့်ချိန်မှာ ကြွလာမှာမို့ကြိုတင်ပြင်ဆင်လို့ဖို့ပါပဲ။

**အိမ်မက်သစ်**

# ယုံကြည်ခြင်းကိုဟန့်တားသောအရာများ

**လူတွေက ဆရာ့ကိုယုံကြည်နိုင်ဖို့ နေရာမှာ ကြီးမားတဲ့ အဟန့်အတားများရှိပါသလား။ ရှိရင်ဘယ်အရာဟာ အကြီးမားဆုံး အဟန့်အတားလဲဗျ။**

ဆိုးညစ်တဲ့သူတွေ၊ သစ္စာဖေါက်အမျိုးတွေဟာ နိမိတ်လက္ခဏာကို သိပ်လိုချင်သဗျ။ သက်သေပြတာကို သိပ်ကြိုက်ကြသဗျ။ သူတို့ မယုံကြည်ခင်မှာ ကျုပ်ပြောတဲ့စကားတွေကိုသက်သေထူဖို့ သူတို့ အလိုရှိသဗျ။ ကျုပ်ကတခြားဘာနိမိတ်မှ မပြဘူးဗျ။ ယောန အကြောင်းကိုပဲ ပြောပြလိုက်တယ်။

**ယောနကဘာကိစ္စလဲဗျ။**

ယောနဟာသုံးရက်၊ သုံးညလုံးလုံးငါးကြီးဗိုက်ထဲမှာ နေခဲ့သလို၊ လူသားကလည်းသုံး ရက်လုံးလုံးမြေကြီးထဲမှာနေရလိမ့်မယ်။ တရားစီရင်ရာနေ့ရောက်ရင် အဲဒီနိနဝေမြို့သားတွေဟာ. . ဒီလူတွေ့ရဲ့ တစ်ဘက်မှာရပ်ပြီး ဒီလူတွေကို အရှုံးခံစေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနိနဝေမြို့သားတွေဟာ ဆိုးညစ်ပေမဲ့လို့. . . ယောနဟောတဲ့တရား စကားကြောင့် နောင်တရကြသဗျ။ ဒါပေသည့် အဲဒီအရပ်ဒေသမှာ ယောန ထက်ကြီးမြတ်သောသူ တစ်ယောက်ရှိပေမဲ့. . . အဲဒါကိုဒီကလူတွေကမသိ

ကြ။ နောင်တမရချင်ကြဘူးဗျ။ ဘုရားဆုံးဖြတ်တဲ့နေ့ကျရင် တောင်ပြည်က မိဖုရားသည် ဒီလူမျိုး တွေရဲ့တစ်ဖက်မှာနေပြီး ဒီလူတွေကိုရှုံးနိမ့်စေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ တောင်ပြည်က ရှိဘာမိဖုရားဟာ ရှောလုမုန်ဆီကို လာပြီး၊ ပညာစကားကိုနားထောင်ပါသဗျ။ ဤနေရာတွင်ရှောလုမုန် ထက်မြတ်သောသူရှိ၏။ ဒါပေသည့် လူမျိုးတော်တို့က သူ့စကားကို နားမထောင်ချင်ကြဘူး။ ဒီဆိုးညစ်တဲ့ လူတွေဟာ နတ်ဆိုးစွဲတဲ့ လူတစ်ဦးနှင့် တူသဗျ။ သူ့ထဲကနတ်ဆိုးက သူ့ကိုခွာပြီး၊ တခြားနေရာမှာ သွားနေရှာပါတယ်။ တခြားနေရာမှာ အဆင်မပြေတာနှင့် အဲဒီနတ်ဆိုးက သူ့နေရာဟောင်းကိုပြန်လည်းလာရော၊ အဲဒီလူရဲ့နှလုံးသားဟာ သန့်ရှင်းနေတာကိုတွေ့ရသဗျ။ သန့်ရှင့်ပြီးလွတ်နေသဗျ။ ဒီတော့ အဲဒီနတ်ဆိုးက သူ့အဖော် နတ်ဆိုး ခုနစ်ကောင်ကို သွားခေါ်ပြီး သူ့လူထဲမှာ အတူနေကြတယ်ဗျာ။ ဒီတော့ ဒီလူဘဝဟာ နတ်ဆိုးအပြင်မထွက်ခင် ဘဝမှာ. . နတ်ဆိုးပြန်ဝင်လာတဲ့ ဘဝထက်ပိုသာယာနေသေးတယ်ဗျာ။

ဒီသဘောပဲဗျ။ ဒီလူတွေ။ ခုခေတ်လူတွေဟာနတ်ဆိုးဝင်တဲ့ လူလိုပဲဗျာ။

## သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း

ဆရာပြောတဲ့ စကားထဲမှာ.. ဆရာဟာမြေကြီးထဲမှာ သုံးရက်၊သုံးညလုံးလုံး သွားမယ်လို့ဆိုတယ်။ အဲဒါဘာသဘောလဲဗျ။

လူသား(ကျုပ်)ဟာအဖမ်းခံရပြီး၊ အသေသတ်ခြင်းခံရပါလိမ့်မယ်။ အခုဘာသာရေးမှာ ခေါင်းဆောင်နေတဲ့ယဇ်ပရော်ဟိတ်စတဲ့ ပုဂ္ဂိုလ်တွေ၊ ကျမ်းပြုဆရာကြီးတွေက ကျုပ်ကိုချိုးနှိမ် အသေသတ်ကြမယ်ဗျာ။

**အသေသတ်ကြမယ်။ ဟုတ်ရဲ့လားဗျ။**

(ခေါင်းတဆက်ဆက်ညိတ်ရင်း) ဟုတ်တယ်။ ဒါပေသည့် ကျုပ်ကိုမြေကြီးကနေ ဆွဲယူတဲ့နေ့ကျရင်၊ ကျုပ်နှင့်အတူ လူတွေရှေ့မှာတော့ ကျုပ်ခန္ဓာလောက်ပျောက်ကွယ်သွားမပေါ့။ ပြီးရင် ခန္ဓာပြန်ပေါ်မယ်။ ပြီးတော့ ပြန်ပြီးဝေးကွာသွားမယ်ဗျာ။ တစ်နေ့ကျရင်တော့ သူတို့ ကျုပ်ကိုပြန်တွေ့ရမယ်ဗျ။ (အဲဒီအခါကျရင်. . . ကျုပ်. . ကျုပ်ရဲ့ အဘရဲ့အိမ်ကိုပြန်သွားပြီဗျ)

**ဆရာ့ရဲ့ဆိုလိုရင်းကိုကျွန်တော်မရှင်းဘူးဗျ။**

ကျုပ်ကိုဆင်းရဲဒုက္ခခံစေကြမယ်ဗျာ။ ပြီးတော့ ကျမ်းတတ်ပုဂ္ဂိုလ်တွေ၊ ယဇ်ပရောဟိတ်တွေက ကျုပ်ကိုငြင်းကြမယ်။ ပြီးတော့ ရောမအစိုးရဆီကိုအပ်နှံကြမယ်။ အဲဒီမှာကျုပ်ကို လှောင်ပြောင်ဟားတိုက်ကြပြီး”

**အိပ်မက်သစ်**

အသေသတ်မယ်ဗျ။ သုံးရက်မြောက်နေ့မှာ ကျုပ်ရှင်ပြန်ထမြောက်မယ်ဗျာ။

**ဒီကိစ္စကိုဆရာ့ရဲ့တပည့်တော်တွေကသိကြသလားဗျ။**

ရှေ့ဆက်ပြီးဘာတွေဖြစ်လာမယ်ဆိုတာ သူတို့ကိုကျုပ်ရှင်းရှင်းပြောခဲ့ပြီးပါပြီ။

**ဒါဆိုဆရာ့တပည့်တွေက ဒါကိုမတားဆီးနိုင်ဘူးလားဗျ။ သူတို့ဘာမှမတတ်နိုင် တော့ဘူးလားဗျ။**

(ခေါင်းကိုလှုပ်ရမ်းလျက်) သူတို့လိုပဲ၊ ခင်ဗျားလည်း သဘောမပေါက်သေးဘူးပဲ။ ခင်ဗျားရဲ့ အတွေးကလူ့အတွေးပဲဗျ။ ခင်ဗျားက ဘုရားသခင်ဘက်ကမတွေးဘူး။(ခဏနားလျက်) ကိုယ့်အဆွေ၊ သူငယ်ချင်းအတွက် အသက်စွန့်သွားတာထက်ကြီးမြတ်တဲ့ မေတ္တာမရှိတော့ဘူးလေ။ အဲသလို ဖြစ်အောင်လို့ ကျုပ်တပည့်တွေကိုကျုပ်အမြဲ သွန်သင်ခဲ့တာဗျ။ အဲသလိုအသေခံတာလည်း "အကြောင်းမရှိပဲ ငါ့ကိုမုန်းကြ၏" ဆိုတဲ့ ကျမ်းစကားပြည့်စုံစေဖို့ပေါ့ဗျာ။

**အတော်လွမ်းဆွေးဝမ်းနည်းဖွယ်ဇာတ်လမ်းလေးလိုပဲဗျာ။**

ဘယ်သူကမှ ကျုပ်ရဲ့အသက်ကိုမနုတ်ယူနိုင်ပါဘူးဗျ။ ကျုပ်ကြိုက်သလို စီစဉ်နေတာပါ။ ကျုပ်ဟာအသေခံသလို ပြန်ပြီးတော့လည်း ရှင်နိုင်တယ်။ ဒီအမှုကိစ္စကိုလုပ်ဆောင်ဖို့ ကျုပ်အဘဆီကနေ တာဝန်ယူထားလို့ဗျ။

**ဒါပေမဲ့ ဒီတာဝန်ကြီးကအတော်ကိုမယူရဲစရာပဲဗျာ။ အတော်လက်ခံရခက်ခဲ မယ့်တာဝန်ပဲဗျ။**

(ခေါင်းကိုပြန်ယမ်းရင်) စပါးမျိုးစေ့လိုပဲပေါ့၊ မြေမှာကျတဲ့ စပါးစေ့က မပျက်ရင်တခုတည်းပဲရှိတယ်။ ပျက်ရင်တော့ အများကြီးမျိုးပွား

လာတယ်ဗျ။ (ခဏနားပြီး) ကျုပ်နောက်ကိုလိုက်ချင်တဲ့ လူဟာလည်း ဒီမျိုးစေ့လိုပဲဖြစ်ရမယ်။ ကိုယ့်ကိုယ်ကို ငြင်းဆန်ရမယ်။ ကို့ရဲ့ကားတိုင်ကိုထမ်းပြီး ကျုပ်နောက်လိုက်ရပါမယ်။ ကိုယ့်အသက်ကိုနှမြောသောသူဟာ အသက်ကို ဆုံးရှုံးလိမ့်မယ်ဗျ။ ဒါပေသည့် ကျုပ်ရဲ့နာမကြောင့်နှင့် သတင်းကောင်းဝေမျှဖို့အတွက်ကြောင့် ကိုယ့်အသက်ကို မနှမြော၊ ဆက်ကပ်သူဟာ ထာဝရအသက်ကိုရမယ်ဗျာ။

**ဒီလိုရှေ့ဖြစ်လာမဲ့ကစ္စတွေကိုပြောပြတော့ ဆရာ့တပည့် တွေက ဘယ်လိုခံစားသွားလဲဗျ။**

ကျုပ်အဲသလိုဖြစ်သွားပြီး၊ မရှိမှသူတို့အတွက်ပိုကောင်းမယ့် အကြောင်းကို ပြောပြတယ်လေ။ ကျုပ်ရှိနေရင် ဘုရားသခင်ထံမှ သန့်ရှင်သောဝိဉာဉ်ရဲ့ လမ်းပြမှုမလာနိုင်ဘူးလေ။ ဒီတော့ ကျုပ်သွားရတော့မယ်၊ ဝိဉာဉ်တော်က လမ်းပြမယ်လို့တော့ သူတို့ကိုပြောရသဗျာ။

**အဲဒီသန့်ရှင်သောဝိဉာဉ်တော်က ဘာတွေ လုပ်မှာလဲဗျ။**

အပြစ်တရားနှင့်ကောင်းမြတ်ခြင်းတရားတွေကိုကမ္ဘာသူ၊ ကမ္ဘာသားတိုင်း ခွဲခြားနိုင်အောင်လို့ လမ်းပြမယ်ဗျာ။ ပြီးတော့ တရားစီရင်ရာနေ့ ရောက်လာမယ့်အကြောင်းတွေ သွန်သင်အသိပေးပါမယ်။

**အိပ်မက်သစ်**

## ခွဲခွာခြင်း

သူနှင့် စကားစမြည်တွေ ပြောပြီး၊ သိချင်ရာလေးတွေ သိရပြီးနောက် ကျွန်တော်ထဖို့ ဟန်ပြင်လိုက်ပြီး

"ဆရာ၊ ဆရာနှင့်အတူ ဒီလိုစကားပြောခွင့်ရတာဝမ်းသာပါတယ်။ ဆရာရဲ့ အချိန်နှင့်စကားပြောမှုတွေအတွက် အရမ်းပဲကျေးဇူးတင်ပါတယ်" လို့ ပြောလိုက်တော့ သူကလည်းထလာပါတယ်။ ပြီးတော့ပြုံးရွှင်တဲ့ မျက်နှာနှင့်ခေါင်းညိတ်လျက် ကျွန်တော်ရဲ့ကျေးဇူးတင်စကားကို အသိအမှတ် ပြုလိုက်ပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော့်စိတ်ထဲမှာ သူ့ကို ကြည်ညိုစိတ်၊ လေးစားစိတ်နှင့် ပွေ့ဖက်ချင်လောက်အောင် ချစ်တဲ့ စိတ်တွေ ခံစားနေရပါတယ်။ ဒါပေမဲ့ ဘယ်လို စကားလုံးတွေနဲ့ ဖော်ပြရမှန်း ကျွန်တော်မသိလိုက်ဘူး။ သူက ကျွန်တော့ခံစားချက်ကို သိသလိုနဲ့ သူ့လက်နှစ်ဖက်စလုံးကို ဆန့်ပြီး ကျွန်တော်ကိုရင်ခွင်တော်ထဲ လှမ်းသွင်းလိုက်တဲ့အခါမှာ ကျွန်တော်လည်း သူ့ကိုဖက်ထားပြီးသား ဖြစ်သွားတယ်။ ပြီးတော့ " ဆရာ၊ ဘုရားသခင်ရဲ့ အလိုတော်ရှိရင်၊ ဆရာနှင့် တစ်ခေါက်လောက် တွေ့ချင်ပါသေးတယ်" လို့ သူ့ကိုပြောလိုက်မိပါတယ်။ သူနှင့်ဆုံတာ နောက်ဆုံးချိန်ဆိုတာ ကျွန်တော်လက်ခံရ ခက်နေပါတယ်။

သူကပြုံးပြီး "မင်းကိုငါပြန်တွေ့ရမှာပါ။ ဘာလို့လဲဆိုတော့ မင်းဟာ ဘုရားသခင်နိုင်ငံတော်နှင့်မဝေးပါဘူး"တဲ့"ကျေးဇူးပါပဲဆရာ" လို့သူကိုနှုတ်ဆက်ပြီး၊ အလွန်လေးလံတဲ့ ခြေများကိုလှမ်းပြီး. . သူ့ဆီကနေ ထွက်ခွာလိုက်ပါတော့တယ်။

တီအီးပေါင်
၆၃၃ ခဝဲခြံ ၁ လမ်း

**အိပ်မက်သစ်**

တီအီးပေါင် ၁၃၅

အသုံးပြုသောကျမ်းပိုဒ်များ

**သူနှင့်စတွေ့ခြင်း**

ဟေရှာယ ၅၃း၂-၃၊ မဿဲ ၁၉း၁၇၊ မဿဲ ၁၂း၄၈-၅၀၊ ယော ၈း၂၃၊ မဿဲ ၁၃း၅၃-၅၈၊ မဿဲ ၁၃း၁-၈၊ မာကု ၁း၁၇-၁၈၊ ယော ၁၅း၁၆၊ မဿဲ ၁၀း၈။

**သူ့သာသနာ**

မဿဲ ၁၈း၁၂-၁၄၊ မဿဲ ၁၈း၁၂၊ မဿဲ ၁၅း၂၄၊ မဿဲ ၁၅း၂၁-၂၈၊ ယော ၁၀း၁၆။

**သူ့သတင်းစကား**

မာလခိ ၃း၁၊ မဿဲ ၁၁း၇-၁၀၊ မဿဲ ၃း၁-၂၊ ၅-၆၊ မာကု ၁း၄-၅၊ မဿဲ ၃း၁-၂၊ ၁၂-၁၃၊ မဿဲ ၄း၁-၂၊ ၁၂-၁၃၊ မဿဲ ၄း၁၇၊ မာကု ၁း၁၄-၁၅။

**လမ်းဟောင်းနှင့်လမ်းသစ်အပြိုင်ကြဲနေ**

မဿဲ ၅း၁၇-၁၉၊ မဿဲ ၅း၂၁-၂၅၊ မဿဲ ၅း၂၇-၃၀၊ မဿဲ ၅း၃၃-၄၈၊ မဿဲ ၂၃း၂-၇၊ မဿဲ ၅း၂၀။

**ပညတ်နှင့်ဥပုသ်**

မဿဲ ၁၅း၁-၂၊ ၁၀-၁၁၊ ၁၅-၂၀။ မာကု ၂း၂၃-၂၈၊ မဿဲ ၁၂း၇-၈၊ မဿဲ ၁၂း၁၀-၁၄။

**စစ်မှန်သောဘာသာတရား**

လုကာ ၁၀း၂၅-၃၇

**အချင်းချင်းသင့်မြတ်ကြပါရန်**

လုကာ ၆း၃၇၊ ၄၁-၄၂၊ ယော ၈း၂-၁၁၊ မဿဲ ၁၈း၂၁-၂၂၊ လုကာ ၁၇း၃-၄၊ မဿဲ ၇း၆၊ မဿဲ ၇း၁၂။

အိပ်မက်သစ်

**နှုတ်ကိုစောင့်ထိန်းခြင်း**
လုကာ ၆း၄၃-၄၅၊ မဿဲ ၁၂း၃၄-၃၇၊ မဿဲ ၁၂း၃၁-၃၂။

**တပည့်တော်များအပေါ်မျှော်လင့်ခြင်း**
မဿဲ ၅း၁၃-၁၆၊ မဿဲ ၉း၁၃၊ ဟောရှေ ၆း၆၊ မဿဲ ၆း၁-၈၊
မဿဲ ၆း၁၆-၁၈၊ မဿဲ ၇း၂၁-၂၇၊ လုကာ ၆း၄၇-၄၉၊ မဿဲ ၁၃း၃-၈၊
၁၈-၂၃။ မဿဲ ၂၈း၁၉-၂၀။

**ဘုရားသခင်ဘာနှင့်တူ**
ယော ၄း၅-၂၄၊ လုကာ ၁၅း၁၁-၃၂။

**ခွင့်လွှတ်ရန်လိုအပ်ခြင်း**
မဿဲ ၆း၁၄-၁၅၊ မဿဲ ၁၈း၂၃-၃၅၊ လုကာ ၇း၃၆-၅၀။

**ယုံကြည်ခြင်းအရေးကြီးပုံ**
မဿဲ ၁၇း၁၄-၂၀၊ မဿဲ ၈း၅-၁၀၊ လုကာ ၇း၁-၁၀၊ မာကု ၂း၁-၁၂၊
မာကု ၅း၂၄-၃၄၊ မာကု ၁၆း၁၆၊ ယော ၃း၁-၁၈၊ ယော ၁၂း၄၄-၅၀၊
ယော ၁၀း၃၀၊ ယော ၁၄း၉-၁၂

**ဆုတောင်းခြင်း**
မဿဲ ၆း၉-၁၃၊ မဿဲ ၂၁း၂၁၊ မာကု ၁၁း၂၄-၂၅၊ ယော ၁၅း၇၊
မဿဲ ၁၈း၁၉-၂၀၊ မဿဲ ၇း၇-၁၁၊ လုကာ ၁၈း၁-၇၊ လုကာ ၁၈း၉-၁၄

**အတုအယောင်ဘာသာတရား**
မဿဲ ၂၃း၂၃-၃၆၊ မာကု ၁၂း၃၈-၄၀၊ မဿဲ ၂၃း၁၃-၁၅၊ မဿဲ ၂၃း၈-၉
မဿဲ ၂၁း၂၈-၃၁။

**နှိမ့်ချသောသူ၊ မာနထောင်သူနှင့်ခေါင်းမာသောသူ**
လုကာ ၁၄း၁၊၇-၁၁၊ လုကာ ၄း၁၆-၂၁၊ ဟေရှာယ ၆၁း၁-၂၊ မဿဲ ၅း၃-၁၂၊
မဿဲ ၂၃း၂၉-၃၉၊

အိမ်မက်သစ်

**ငွေကြေးနှင့်ချမ်းသာကြွယ်ဝမှု**
မာကု ၁၀း၂၅၊ မဿဲ ၆း၂၄၊ မဿဲ ၆း၁၉-၂၁၊ လုကာ ၆း၁၅၊ လုကာ ၆း၂၄-၂၅၊ လုကာ ၁၂း၁၃-၁၅၊ လုကာ ၁၂း၁၆-၂၁၊ လုကာ ၁၈း၁၈-၂၃၊ လုကာ ၁၆း၁၉-၃၁၊ လုကာ ၁၉း၁-၁၀။

**ပေးလှူခြင်းနှင့်ရယူခြင်း**
မာကု ၁၂း၄၁-၄၄၊ လုကာ ၆း၃၈။

**ငွေကြေးအပေါ်စိုးရိမ်ကြောင့်ကြစိတ်**
မဿဲ ၆း၂၅-၃၃၊ မဿဲ ၈း၂၀၊ မာကု ၁၀း၂၉-၃၀၊ မဿဲ ၆း၃၄။

**လက်ထပ်ခြင်းနှင့်ကွာရှင်းခြင်း(စာ- )**
မဿဲ ၁၉း၃-၉၊ မာကု ၁၀း၁၀-၁၂၊ မဿဲ ၁၉း၁၀-၁၂။

**ကလေးများနှင့်ပတ်သက်၍**
မဿဲ ၁၉း၁၃-၁၅၊ မဿဲ ၁၈း၁-၇။

**ကောင်းကင်နိုင်ငံတော်**
လုကာ ၁၇း၂၀-၂၁၊ မဿဲ ၂၅း၁-၁၃၊ မဿဲ ၂၅း၁၄-၃၀၊ မဿဲ ၂၀း၁-၁၆၊ မဿဲ ၁၃း၃၁-၃၃၊ မာကု ၄း၂၆-၂၉၊ မဿဲ ၁၃း၄၄-၄၆။

**တပည့်တော်တွေမျှော်လင့်သောအရာ**
မဿဲ ၁၀း၅-၂၀၊ မဿဲ ၁၀း၂၈၊ မဿဲ ၁၀း၂၁-၂၂၊ လုကာ ၁၄း၂၇-၃၂၊ မဿဲ ၁၁း၂၈-၃၀၊ မဿဲ ၇း၁၃-၁၄။

**ခေါင်းဆောင်မှုနှင့်သာသနာ့ဝန်ဆောင်မှု**
မဿဲ ၂၀း၂၅-၂၈။

**ချစ်ခြင်းမေတ္တာနှင့်နာခံခြင်း**
ယောဟန် ၁၄း၁၅၊ ၂၃-၂၄၊ မဿဲ ၁၀း၂၄-၂၅၊ ယော ၁၅း၁၂၊ ယော ၁၃း၃၄-

အိပ်မက်သစ်

၃၅၊ လုကာ ၁၀း၃၈-၄၂၊ ယော ၁၅း၁၄-၁၅၊ ယော ၁၅း၁၂၊

**ဣသရေလတို့အခွင့်အရေးဆုံးရှုံး**
မဿဲ ၂၁း၃၃-၄၆၊ မဿဲ ၂၂း၁-၁၄။

**တရားစီရင်ရာနေ့**
မဿဲ ၁၃း၂၄-၃၀၊ မဿဲ ၁၃း၃၆-၄၃၊ မဿဲ ၁၃း၄၇-၅၀၊ ယော ၅း၂၈-၂၉၊
ယော ၅း၂၄၊ မဿဲ ၂၅း၃၁-၄၆။

**ထမြောက်ခြင်း**
မဿဲ ၂၂း၂၃-၃၂၊ ယော ၁၁း၂၅-၂၆။

**ကောင်းကင်နိုင်ငံ**
မဿဲ ၂၂း၂၃-၃၀၊ ယော ၁၄း၂-၃၊ ယော ၁၄း၆၊ ယော ၁၀း၂၇-၂၉။

**ကမ္ဘာကြီး၏နောက်ဆုံးအချိန်**
မဿဲ ၂၄း၃-၅၀။

**ယုံကြည်ခြင်းကိုဟန့်တားသောအရာများ**
မဿဲ ၁၂း၃၉-၄၅။

**သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း**
မဿဲ ၂၀း၁၇-၁၉၊ ယော ၁၂း၃၂၊ ယော ၁၆း၁၆၊ လုကာ ၁၈း၃၁-၃၄၊ ယော
၁၅း၁၃၊ ယော ၁၅း၂၅၊ ယော ၁၀း၁၇-၁၈၊ ယော ၁၂း၂၄၊ မာကု ၈း၃၄-၃၅၊
ယော ၁၆း၇-၁၁။

**ခွဲခွာခြင်း**
မာကု ၁၂း၃၄။

ဒီပဲမက်သစ်